# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သုစရိုက်တရားကိုကျင့်**

သုစရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ။ တရားကို ကျင့်သောသူသည် ဤလောက၌ လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း ချမ်းသာစွာနေရ၏။ (တရားကိုကျင့်သောသူသည် ပစ္စုပ္ပန်၊ သံသရာ ချမ်းသာစွာနေရသော အကြောင်းဖြစ်၍ ထိုတရားတို့ကို မမေ့မလျော့ဘဲကျင့်အပ်၏)

လောကဝင်(ဓမ္မပဒ-၁၆၉)


၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 6 January 2017 (၈၇၉၈)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးနှင့် ချီလီနိုင်ငံသံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Alex G.Chua အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ တွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်အခြေစိုက် ချီလီနိုင်ငံသံအမတ်ကြီး H.E.Mr.Javier Becker အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ချီလီနိုင်ငံသံအမတ်ကြီး H.E.Mr.Javier Becker အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**(သတင်းစဉ်)**

**တွေ့ဆုံနှုတ်ဆက်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ခေတ်သစ်မီဒီယာနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု


စာမျက်နှာ - ၆


ဘိုးဘွားတို့အမွေ - တောင်ဇလပ်မြေ


စာမျက်နှာ - ၇


ကျောင်းသူတစ်ဦး အစမ်းဘွဲ့ယူရန် လှည်းယဉ်ကြော့ဖြင့် လာရောက်မှုအပေါ် စိတ်ဝင်စားမှုများပြား


စာမျက်နှာ - ၁၁



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# ချောတိုင်တက်ပွဲ ဥပမာ

ပြီးခဲ့သည့် ဇန်နဝါရီ ၄ ရက်က မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ မြန်မာ့အာဇာနည်များ၊ အဘိုးအဘွားများ၏ အသက်၊ သွေး၊ ချွေးနှင့် ရင်းနှီးရယူခဲ့ရသောလွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ နှစ်စဉ်ကျင်းပလေ့ရှိသည်။ ဒေသအလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် စသည်ဖြင့် မြန်မာ့ရိုးရာအားကစားနည်းများ၊ အားကစားပြိုင်ပွဲများကျင်းပကာ လွတ်လပ်ရေးနေ့ကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အမျိုးသားနေ့၊ ပြည်ထောင်စုနေ့စသည်ဖြင့် နေ့ထူးနေ့မြတ်များရှိကြသည့်အနက် လွတ်လပ်ရေးနေ့တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ခြင်းသည် လွတ်လပ်ရေးနေ့အဓိပ္ပာယ်ကို ပိုမိုပြည့်ဝစေသည်။ ပိုမိုလေးနက်စေသည်။


လွတ်လပ်ရေးနေ့တွင် ကျင်းပသည့် ပျော်ပွဲရွှင်ပွဲများအနက် ချောတိုင်တက်ပွဲသည် အဖွဲ့အစည်း၊ အသင်းအဖွဲ့နှင့် လုပ်ဆောင်ရသည့် နယ်ပယ်ကဏ္ဍအသီးသီးအတွက် စံနမူနာယူစရာ ပြယုဂ်ဖြစ်သည်။ ဆီရွှဲအောင်သုတ်ထားသည့် ဝါးတိုင်ကြီး၏ထိပ်တွင် အလံတစ်ခုစိုက်ထားသည်။ ထိုအလံကို ရအောင်ယူရမည်ဖြစ်သည်။ ထိုသို့ အလံကိုရအောင်ယူရာတွင် အဖွဲ့အစည်းစိတ်ဓာတ်နှင့် စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်ရှိမှ ရယူနိုင်မည်ဖြစ်သည်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ကိုယ်ကောင်းစိတ်ဓာတ်ဖြင့် ရယူနိုင်ရန်မလွယ်ချေ။ လူလေးယောက်တက်သည်ဖြစ်စေ ငါးယောက်တက်သည်ဖြစ်စေ ပါဝင်သူအားလုံး စည်းလုံးညီညွတ်မှအလံ သို့မဟုတ် ထိပ်ဆုံးသို့ရောက်ရှိကာ အောင်မြင်မှုကို ရယူနိုင်မည်။

အသင်းအဖွဲ့နှင့် ကစားရသည့် အားကစားနည်းတိုင်းတွင် အပေးအယူမျှမျှတတဖြင့် စည်းစည်းလုံးလုံးကစားနိုင်မှ အောင်မြင်နိုင်မည်ဖြစ်သော်လည်း ချောတိုင်တက်ပွဲ ပါဝင်ဆင်နွှဲသူများအနေဖြင့် "အနာခံမှ အသာစံရမည်"ဟူသော ထုံးကိုနှလုံးမူကာ အနစ်နာခံနိုင်မှုရှိရန် အထူးလိုအပ်သည်။ အဖွဲ့အစည်းအောင်မြင်ရန်အတွက် သို့မဟုတ် အလံရရှိနိုင်ရန်အတွက် ကိုယ့်ပခုံးပေါ် အခြားလူခြေထောက်တက်နင်းသည့် ဒဏ်ကိုခံနိုင်ရမည်။ သူများပခုံးပေါ် ကိုယ်ကတက်နင်းထားသလို ကိုယ့်ပခုံးပေါ် သူများတက်နင်းခြင်းကိုလည်းခံနိုင်ရမည်။ အထူးသဖြင့် အောက်ဆုံးကနေသူ၏အနစ်နာခံနိုင်မှုစိတ်ဓာတ်မျိုးသည် အဖွဲ့အစည်းအောင်မြင်ရန် အလိုအပ်ဆုံးဖြစ်သည်။ သူများပခုံးပေါ်ကိုယ်ကတက်နင်းထားခြင်း၊ ကိုယ့်ပခုံးပေါ် သူများတက်နင်းထားခြင်းသည် အဓိကမဟုတ်။ အားလုံး၏ အဓိကဘုံရည်မှန်းချက်၊ တူညီသောပန်းတိုင်မှာ အလံရရှိရေးသာဖြစ်သည်။

ထို့ပြင် ချောတိုင်တက်ပွဲတွင် ဝသူ သို့မဟုတ် ခန္ဓာကိုယ်ထွားကျိုင်းသူရှိမှ အဆင်ပြေမည်ဖြစ်သကဲ့သို့ ပိန်သူ သို့မဟုတ် အကောင်သေးသူများလည်းလိုအပ်ပြန်သည်။ ဝသူ၊ ပိန်သူ အားလုံး သူ့နေရာနှင့်သူ အရေးပါအရာရောက်ကြသူများသာဖြစ်သည်။

တိုင်းပြည်၏ နယ်ပယ်ကဏ္ဍအသီးသီးတွင် ရုန်းကန်လှုပ်ရှားနေကြသည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအနေဖြင့်လည်း ချောတိုင်တက်ပွဲကို စံနမူနာယူကာ အောင်မြင်မှုရရှိရေးအတွက် စွန့်လွှတ်အနစ်နာခံသည့် စိတ်ဓာတ်၊ စုပေါင်းလုပ်ဆောင်သည့် အသင်းအဖွဲ့စိတ်ဓာတ်များသာမက သူ့နေရာ သူ့အရွယ်အလိုက် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမအားလုံး လိုလားတောင့်တနေသည့် အရာမှာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် တူညီသောဆန္ဒတို့ရှိနေပြီဆိုလျှင် ချောတိုင်တက်ပွဲကိုဥပမာထား၍ နာသည်သာသည် သဘောမထားဘဲ တူညီသောပန်းတိုင်အတွက် စည်းလုံးညီညွတ်စွာအားကြိုးမာန်တက် စုပေါင်းဆောင်ရွက်ကြရန် လေးစားစွာ တင်ပြအပ်ပါသည်။ ။




## လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူးများ သင်တန်းဖွင့်

**ဘီးလင်း ဇန်နဝါရီ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘီးလင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် လူထုစည်းရုံးရေးမှူးများ သင်တန်း အပိုင်း(၁)ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရုံး၌ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ကျေးလက်ဝန်ထမ်းများနှင့် မြို့နယ်နည်းပညာအကြံပေးအဖွဲ့တို့က သက်ဆိုင်ရာကဏ္ဍအလိုက် သင်ကြားပို့ချပြီး သင်တန်းသားသင်တန်းသူ ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အင်းစိန်မြို့နယ်အတွင်း National Electronic ID(NeID) အထောက်အကူပြုစာရင်းကောက်ယူခြင်းလုပ်ငန်း ရွေ့ပြေးစမ်းသပ်ဆောင်ရွက်မှုကြည့်ရှု

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား အမျိုးသား အီလက်ထရွန်နစ်မှတ်ပုံတင်လုပ်ငန်း Smart Card ဖြင့် National Electronic ID (NeID) ပြောင်းလဲထုတ်ပေးရေး လုပ်ငန်းစဉ်သည် နိုင်ငံတော်အစိုးရ၏ e-Government Master Plan တွင် အဓိက ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လိုအပ်သည်များကို အသေးစိတ်လေ့လာ လုပ်ဆောင်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး National Electronic ID (NeID) အထောက်အကူပြုစာရင်းကောက်ယူခြင်းလုပ်ငန်း ရွေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် သီရိရတနာဓမ္မာရုံကြီး၌ ပြုလုပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အင်းစိန်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းပါ အမည်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ ရေးသွင်းခြင်းတို့ကို ခေတ်မီ IT နည်းပညာများ အသုံးပြု၍ လုပ်ဆောင်ပေးကြသည်။

အဆိုပါ NeID အထောက်အကူပြု ရွေ့ပြေး စမ်းသပ်ဆောင်ရွက်ခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လုပ်ငန်းဆောင်ရွက်ပေးမှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ ဝန်ထမ်းများ၏ လုပ်ငန်း ဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုအခါ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တို့တွင် NeID အထောက်အကူပြုစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုများအား လုပ်ဆောင်လျက်ရှိကြောင်းနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများအပေါ် မူတည်၍ အားနည်းချက်၊ အားသာချက်များ ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ကာ လိုအပ်သည်များ ပြင်ဆင်ပြီး အခြားတိုင်းဒေသကြီး/ပြည်နယ်များ၌လည်း အဆိုပါ ရွေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

ဝမောင်တောဒေသမှ

ချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယက၊ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်က မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ စုပေါင်းနေထိုင်သောနိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လှည့်လည်ကွင်းဆင်း၍ ဘာသာရေးခေါင်းဆောင်များနှင့် ထိတွေ့ဆွေးနွေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်သို့လည်း မိမိတို့အဖွဲ့အနေဖြင့် သွားရောက်ထိတွေ့နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၌ ပဋိပက္ခဖြစ်ရခြင်း၏ အကြောင်းရင်းများစွာအနက် အဓိကအကြောင်းတစ်ရပ်မှာ စီးပွားရေးမဖွံ့ဖြိုးမတိုးတက်ဘဲ လူနေမှုအဆင့်အတန်း နိမ့်ကျနေခြင်းပင်ဖြစ်ကြောင်း၊ ညီညွတ်မှု၊ ငြိမ်းချမ်းမှု၊ နားလည်မှု၊ ဖွံ့ဖြိုးမှုတို့ကို လုပ်ဆောင်နိုင်ရန် အရေးကြီးသည်ဟု ထင်မြင်ယူဆပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များက မောင်တောဒေသစုံစမ်းစစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အက်ဒရူး ပက်ထရစ်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Oliver Richardနှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ဆွေးနွေးခဲ့သည်များနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်ရန် ကိစ္စရပ်များဖြစ်သော မီဒီယာဥပဒေ၊ ရုပ်သံဥပဒေနှင့်ပတ်သက်သည့် ပညာရပ်ပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့များနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များ၊ ရုပ်သံအစီအစဉ်များ၊ သတင်း/မှတ်တမ်းဗီဒီယိုဖလင်များနှင့် ဓာတ်ပုံများကို Digital Archiving System ပြုလုပ်ရန် ကိစ္စရပ်များအပေါ် ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် စေလွှတ်ပေးရေး အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာဒေါ်ဝါဝါမောင် | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဦးတင်မောင်ကြည် | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

## စနေ၊ တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း စာအုပ်ဈေးတန်း ဖွင့်လှစ်ရောင်းချသွားမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်သူများ စာပေအသိပညာ ထွန်းကားပြန့်ပွားတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇန်နဝါရီ ၇ရက်၊ ၈ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီ အထိ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား သိမ်ဖြူ လမ်းပေါ်တွင် "Yangon Books Street စနေ၊ တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း" စာအုပ်ဈေးတန်းကို ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် ဧပြီလအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တိုင်း ဆိုင်ခန်း ၁၀၀ ခန့် ဖွင့်လှစ်ပြီး သုတ၊ ရသ စာအုပ်မျိုးစုံကို ရောင်းချပေးမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန၏
စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇၊ ၈ ရက်နေ့မှစတင်၍
အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း
နံနက်(၀၉း၀၀)နာရီမှ ညနေ(၀၆း၀၀)နာရီထိ
ဖွင့်လှစ်ရောင်းချမည်

Yangon Books Street
စနေ၊ တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း၊

(အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ သိမ်ဖြူလမ်းမပေါ်)
စာအုပ်(အသစ်၊ အဟောင်း)ဆိုင်ခန်း(၁၀၀)

## အနာဂတ်လူငယ်များအား အသိပညာပေးစာဖတ်ဝိုင်းနှင့်ဟောပြောပွဲ ဂွမြို့၌ကျင်းပ

**သံတွဲ ဇန်နဝါရီ ၅**

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းစာကိုသာ သင်ကြားဖတ်ရှုရုံသာမက ဗဟုသုတရစေမည့် အခြားစာပေများကိုလေ့လာဖတ်ရှုတတ်စေရန်နှင့် ပြည်သူ့စာကြည့်တိုက်ကို လေ့လာအသုံးပြုတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းနှင့် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၅ ရက်မွန်းတည့် ၁၂ နာရီတွင် ဂွမြို့ ကင်းရုံးအမကကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ဂွမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများအား အသိပညာပေးပုံပြင်စာအုပ်များဖြင့် စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်းနှင့် လူကုန်ကူးမှု အန္တရာယ်အကြောင်း သိကောင်း စရာများကိုပညာပေးဟောပြောခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။**(မြို့နယ်ပြန်/ဆက်)**



## သန်လျင် ပြည်တွင်းအခွန်ဦးစီးဌာန အောင်ဘာလေဌာနခွဲမှထီလက်မှတ်များ ပြည်သူများသို့ တိုက်ရိုက်ရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်တွင်းအခွန်ဦးစီးဌာန သန်လျင်မြို့နယ်ရုံး အောင်ဘာလေဌာနခွဲ၌ ဇန်နဝါရီ ၅ရက် နံနက်ပိုင်းက အောင်ဘာလေ ၂၀၀ ကျပ်တန် ထီလက်မှတ်များကို ပြည်သူများအား တိုက်ရိုက်ရောင်းချပေးနေသည်ကို တွေ့မြင်ရသည်။

အဆိုပါ အောင်ဘာလေ ၂၀၀ ကျပ်တန် ထီလက်မှတ်များကို ယခင်ရန်ကုန်တိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေဌာနရုံး၌သာ ရောင်းချခဲ့ပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစီအစဉ်ဖြင့် ခရိုင်လေးခရိုင်တွင် တစ်ခရိုင်လျှင် နှစ်မြို့နယ်နှုန်းနှင့် ရှစ်မြို့နယ်ရှိ ပြည်တွင်းအခွန်ဦးစီးဌာနမှူးရုံး အောင်ဘာလေဌာနခွဲများတွင် ရောင်းချပေးနေကြောင်း သိရသည်။

ပြည်တွင်း အခွန်ဦးစီးဌာန အောင်ဘာလေ ၂၀၀ ကျပ်တန် ထီလက်မှတ်များကို လစဉ် ပထမပတ်တွင် စတင်ရောင်းချပေးပြီး ထီလက်မှတ် ဝယ်ယူသူများအနေဖြင့် မှတ်ပုံတင်မူရင်းပြကာ ဝယ်ယူရရှိနိုင်ကြောင်းနှင့် အောင်ဘာလေထီ မူလသတ်မှတ်နှုန်းထားအတိုင်း (၁၁) စောင်ပါ တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်သည့်အတွက် ထီထိုးသူများ အကျိုးခံစားခွင့် အပြည့်အဝ ရရှိစေပြီး ပြည်တွင်းအခွန်ဦးစီးဌာနရုံးတိုင်းတွင် အစောင်ရေအလိုက် တစ်စောင်လျှင် ၂၀၀ ကျပ်ဖြင့် လွတ်လပ်စွာ ဝယ်ယူရရှိနိုင်ကြောင်း သန်လျင်မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူးရုံး ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**သက်ခိုင် (သန်လျင်)**

ဝ



# နယူးယောက်တွင် မြို့ပတ်ရထားလမ်းချော်၊ လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရ




**နယူးယောက် ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့လယ် ဘရွတ်ကလင်အရပ်တွင် ဇန်နဝါရီ ၄ ရက် နံနက် အစောပိုင်းက ခရီးသွားပြည်သူများဖြင့် စည်ကားနေချိန်အတွင်း မြို့ပတ်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားရာ လူပေါင်း ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရ ရရှိကြောင်း၊ နယူးယောက်မြို့တော် ဧရိယာအတွင်း လူအများအပြား ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်စေသည့် ရထားမတော်တဆဖြစ်မှုသည် ယမန်နှစ် စက်တင်ဘာလ နောက်ပိုင်း ဒုတိယအကြိမ် ဖြစ်ပွားခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် လောင်းအိုင်လန်းရထားလမ်း၌ ရထားလမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း၊ အတ္တလန္တိတ်ဘူတာရုံယာဒ်ဝင်းသို့ ရှာဖွေကယ်ဆယ်ရေးလုပ်သားအများအပြား စုံပြုံရောက်ရှိလာနေကြောင်း နယူးယောက်မြို့တော် မီးသတ်ဌာနက ပြောကြားသည်။

အဆိုပါ မီးရထားလမ်းချော်မှုဖြစ်ပွားခြင်းကြောင့် အသက်သေဆုံးသူ တစ်ဦးမျှမရှိကြောင်း၊ လူ ၁၁ ဦးထက်မနည်း ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ နယူးယောက် မီးသတ်တပ်ဖွဲ့ ဒုတိယလက်ထောက် အကြီးအကဲ ဒန်ဒိုနိုပူးက ပြောကြားသည်။

ဖားရော့ခ်ဝေးဘူတာရုံမှ ကွင်းစ်ဘူတာသို့ ဆိုက်ရောက်လာသည့် အဆိုပါမြို့ပတ်ရထားသည် ဘူတာရုံအဝင်တွင် အချိန်မီ မရပ်တန့်နိုင်ဘဲ ရထားလမ်းဆုံးအတားအဆီးကို ဝင်တိုက်မိကြောင်း၊ ရထားတွဲများ အချင်းချင်း ဆောင့်မိကာ ခရီးသည်များ ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း နယူးယောက်မြို့တော် အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ပြောကြားသည်။

အဆိုပါ ရထားတွင် ခရီးသည်ဦးရေ ၄၃၀ နှင့် ရထားဝန်ထမ်း သုံးဦးတို့ လိုက်ပါလာခဲ့ပြီး ရထားမတော်တဆဖြစ်မှုကြောင့် လူ ၁၀၄ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အမေရိကန် ပို့ဆောင်ရေးလုံခြုံမှုအဖွဲ့မှ စုံစမ်းစစ်ဆေးရေးမှူးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**ရိုက်တာ။**

# တောင်ကိုရီးယားသမ္မတ၏ အရှုပ်တော်ပုံကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စတင်ကြားနာ

**ကျိုတို ဇန်နဝါရီ ၅**

တောင်ကိုရီးယားသမ္မတပတ်ဂွန်ဟေး၏ အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး သူ့အား ပါလီမန်၏ စွပ်စွဲပြစ်တင်မှုကို တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဇန်နဝါရီ ၅ ရက်တွင် ပထမဆုံးအကြိမ် စတင်စစ်ဆေးကြားနာခဲ့ကြောင်း သတင်းများအရ သိရသည်။

သမ္မတ၏ အရှုပ်တော်ပုံများနှင့်ပတ်သက်ပြီး သမ္မတပတ်အား ရာထူးမှနုတ်ထွက်ရန် ပါလီမန်တွင် လွန်ခဲ့သောလက ဆန္ဒမဲပေးဆုံးဖြတ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပထမဆုံးအကြိမ် အမှုစစ်ဆေးကြားနာရာတွင် သမ္မတပတ်အား လာရောက်ရန် ဆင့်ခေါ်ထားသော်လည်း သမ္မတပတ်သည် တရားခွင်သို့ လာရောက်ခြင်း မရှိခဲ့ပေ။ သမ္မတပတ်၏ ရှေ့နေများက သမ္မတအနေဖြင့် တရားခွင်သို့ လာရောက်ရန် မသင့်ကြောင်းပြောဆိုခဲ့သည်။ တရားခုံရုံးက သမ္မတ တက်ရောက်ခြင်း မရှိသော်လည်း အမှုကို ဆက်လက်ကြားနာခဲ့သည်။



အမှုစစ်ဆေးကြားနာမှုတွင် တရားရေးရှေ့နေများက သမ္မတပတ်အနေဖြင့် ၎င်းကျူးလွန်ခဲ့သော အာဏာအလွဲသုံးစားလုပ်ခြင်း၊ ဥပဒေချိုးဖောက်ကာ အကျင့်ပျက်ခြစားမှုလုပ်ရပ်များအတွက် ပြစ်ဒဏ်ခံသင့်၊မခံသင့်ကို အပြန်အလှန် ပြောဆိုခဲ့ကြသည်။

အစိုးရရှေ့နေများက သမ္မတပတ်သည် သူ၏ နိုင်ငံ့အကြီးအကဲတာဝန် ထမ်းဆောင်ရန် ပျက်ကွက်ခဲ့သည့်အတွက် သမ္မတအဖြစ်မှ နုတ်ထွက်သင့်ကြောင်း ဆိုကြသည်။

သမ္မတပတ်၏ ရှေ့နေများက သမ္မတပတ်သည် ဥပဒေဘောင်အတွင်းမှနေပြီး သူ၏နိုင်ငံ့အကြီးအကဲတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့သည်ဟု ပြန်လည်ချေပပြောဆိုခဲ့သည်။ ထို့ပြင် စွပ်စွဲပြစ်တင်မှုများနှင့်ပတ်သက်ပြီး ခိုင်လုံသော သက်သေအထောက်အထားများရှိမှသာ ပြစ်ဒဏ်ခံယူသင့်ကြောင်းနှင့် ယခု တရားစစ်ဆေးမှုကို ဂရုတစိုက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ခုံရုံးသို့ ရှေ့နေ လီဂျူဟွမ်က တောင်းဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဇန်နဝါရီ ၁၀ ရက်တွင် ကြားနာမည့် ရုံးချိန်း၌ အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသည့် သမ္မတပတ်၏ငယ်သူငယ်ချင်းဖြစ်သူ ချိုအီဆွမ်ဆေနှင့် သမ္မတလက်ထောက်ဟောင်း အန်ချောင်ဘမ်တို့အား သက်သေအဖြစ် ခေါ်ယူစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

၀

# ဒါကာလေဆိပ်၌ ခရီးသည်တစ်ဦး၏ စအိုအတွင်းမှ ရွှေချောင်း ၁၂ ချောင်း သိမ်းဆည်းရမိ

**ဒါကာ ဇန်နဝါရီ ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်ရှိ အဓိကလေဆိပ်မှ ဆိုက်ရောက်လာသော ခရီးသည်တစ်ဦး၏ စအိုအတွင်းမှ ၁ ဒသမ ၂ ကီလိုဂရမ်ခန့် အလေးချိန်ရှိသော ရွှေချောင်း ၁၂ ချောင်းကို အကောက်ခွန်တာဝန်ရှိသူများက သိမ်းဆည်းရမိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“စအိုအတွင်း ရွှေချောင်း ၁၂ ချောင်း ဝှက်ထားတဲ့ လူတစ်ဦးကို ကျွန်တော်တို့ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်” ဟု အကောက်ခွန်စစ်ဆေးရေးဌာနမှ အဆိုပါတာဝန်ရှိသူက ပြောကြားသည်။ ရှာရက်ဖ်အာမက်ဆိုသူ အမျိုးသားမှာ ဇန်နဝါရီ ၅ ရက်တွင် မလေးရှားနိုင်ငံမှ ဒါကာမြို့တော်ရှိ ဟာဇရတ်ရှာဂျာလယ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ခဲ့ကြောင်း အမည်မဖော်လိုသည့် ၎င်းက ဆိုသည်။

အဆိုပါတာဝန်ရှိသူက သူ၏ပုံမှန်မဟုတ်သော လမ်းလျှောက်မှုပုံစံကြောင့် အကောက်ခွန်တာဝန်ရှိများက သံသယရှိခဲ့သည်။ ထို့နောက် ရှာရက်ဖ်အား စစ်ကြောမေးမြန်းခဲ့သည်ဟု ဆိုသည်။ နောက်ပိုင်းတွင် X-ray စစ်ဆေးမှုတစ်ရပ်အရ ရှာရက်ဖ်၏ စအိုအတွင်း အိတ်ငယ်သုံးအိတ်တည်ရှိနေသည်ကို ပြသနေခဲ့ပြီး ၎င်းကအဆိုပါအိတ်ငယ်များကို စအိုအပြင်ဘက်သို့ ဆွဲထုတ်ပေးခဲ့သည်။

ယင်းတာဝန်ရှိသူ၏ ပြောကြားချက်အရ ရွှေချောင်းများ၏ တန်ဖိုးမှာ တာကာ ၆ သန်းခန့်(အမေရိကန်ဒေါ်လာ ၇၂၂၈၉)ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးအတွက် တရုတ်နိုင်ငံမှ ဒေါ်လာ ၃၆၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်



**ပေကျင်း ဇန်နဝါရီ ၅**

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ယွမ် ၂ ဒသမ ၅ ထရီလီယံ(အမေရိကန် ဒေါ်လာ ၃၆၁ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့အကြီးဆုံးစွမ်းအင်ဈေးကွက်တည်ရှိရာ တရုတ်နိုင်ငံသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ကျောက်မီးသွေးစွမ်းအင်ထုတ်လုပ်မှုမှ သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုသို့ ဦးတည်ပြောင်းလဲလျက်ရှိသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ပြုလုပ်ခြင်းဖြင့် ယင်းကဏ္ဍ၌အလုပ်အကိုင်နေရာပေါင်း ၁၃ သန်းကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ အစီအစဉ်တွင် ဖော်ပြထားသည်။ အဆိုပါအစီအစဉ်အရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ငါးနှစ်စီမံကိန်းအရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအသစ်၏ထက်ဝက်ခန့်ကို လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်၊ နေစွမ်းအင်နှင့်နျူကလီးယားစွမ်းအင်တို့အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ငါးနှစ်အစီအစဉ်တွင် ဖော်ပြထားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းအရ တစ်နှစ်လျှင် ဒေါ်လာ ၇၂ ဘီလီယံခန့် ကျခံသုံးစွဲမည်ဖြစ်ကြောင်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံ၌ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ထိန်းချုပ်နိုင်ရန် အစိုးရက ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလတွင် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ကြွင်းလောင်စာမှစွမ်းအင်ထုတ်လုပ်မှုကို ပြုလုပ်ခဲ့ရကြောင်း၊ ယခုအခါတွင်မူ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို မြှင့်တင်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

# မြန်မာရေတပ်က ပစ်ခတ်သဖြင့် ဘင်္ဂလားဒေ့ရှ် ငါးဖမ်းသမားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု The Daily Star သတင်းစာ Online report တွင် ဖော်ပြချက်မှာ မှန်ကန်မှုမရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာရေတပ်က ပစ်ခတ်သဖြင့် ဘင်္ဂလားဒေ့ရှ် ငါးဖမ်းသမားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု The Daily Star သတင်းစာ Online report တွင် ဖော်ပြချက်မှာ မှန်ကန်မှုမရှိဟု ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ သိရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာအခြေစိုက် The Daily Star သတင်းစာ၏ Online report တွင် ဒီဇင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ည ၉ နာရီ ၄၉ မိနစ်က ဖော်ပြခဲ့သော “6 Bangladeshis shot in Myanmar firing at Bay” ဟု ခေါင်းစဉ်တပ်ထားသော သတင်းတွင် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဘင်္ဂလားပင်လယ်အော် စိန့်မာတင်ကျွန်းအနီး ဘင်္ဂလားဒေ့ရှ် ငါးဖမ်းလှေတစ်စင်းကို မြန်မာရေတပ်သင်္ဘောတစ်စင်းက လိုက်လံပစ်ခတ်သဖြင့် ငါးဖမ်းသမားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)သို့ ဆက်သွယ်စုံစမ်းခဲ့ရာ ဘင်္ဂလားဒေ့ရှ် ငါးဖမ်းသင်္ဘောကို တပ်မတော်(ရေ)မှ ပစ်ခတ်ခဲ့ခြင်းမရှိဟု ပြန်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မြောက်ဦးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်နယ်အစိုးရဝန်ကြီးများနှင့် ဒေသခံများတွေ့ဆုံပွဲ ကျင်းပ

**မြောက်ဦး ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ပြည်နယ်ဝန်ကြီးများနှင့် မြောက်ဦးဒေသခံများ တွေ့ဆုံပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ပြည်နယ်ဝန်ကြီးများဖြစ်သော ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေးပါတီအသီးသီးမှ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ၊ NGO အဖွဲ့ဝင်များနှင့် ဒေသခံမြို့မိမြို့ဖများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်း၊ အားကစားရုံ တည်ဆောက်ရေးလုပ်ငန်း၊ မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှေးဟောင်းမြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့သစ်တည်ဆောက်ရေး၊ ဟိုတယ်ဇုန်သတ်မှတ်တည်ဆောက်ရေး၊ အသေးစားစက်မှုဇုန်များစသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှပုဂ္ဂိုလ်များ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ခရိုင်ပြန်/ဆက်)**

# အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခဲ့သည့် ကျေးရွာများသို့ ဆန်၊ ပဲ၊ အဝတ်အထည်နှင့် ရွက်ဖျင်တဲများထောက်ပံ့

**မောင်တော ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် ကြက်ရိုးပြင်၊ ပြောင်ပိုက်နှင့် ဒါးကြီးစားကျေးရွာများသို့ ပြည်နယ်အစိုးရက ထောက်ပံ့သော ဆန်၊ အဝတ်အထည်နှင့် ရွက်ဖျင်တဲများကို ယနေ့ နံနက်ပိုင်းက ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့ လိုက်ပါ၍ UNHCR နှင့် Malteser အဖွဲ့များက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာအုပ်စု ကြက်ရိုးပြင်ရွာမရှိ အိမ်ထောင်စု ၂၉၈ စု၊ လူဦးရေ ၃၈၉၅ ဦးအတွက် ဆန် ၇၅ အိတ်၊ ပဲငါးအိတ်နှင့် အဝတ်အထည် ၆၀၀ ကိုလည်းကောင်း၊ ငါးစားကြူးကျေးရွာအုပ်စု ပြောင်ပိုက်ကျေးရွာရှိ အိမ်ထောင်စု ၁၁၅ စု၊ လူဦးရေ ၁၃၃၁ ဦးအတွက် ဆန် ၂၉ အိတ်၊ ပဲနှစ်အိတ်၊ အဝတ်အထည် ၂၀၀ ခန့်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဒါးကြီးစားကျေးရွာရှိ အိမ်ထောင်စု ၈၃ စု၊ လူဦးရေ ၁၁၇၈ ဦးအတွက် ဆန် ၂၅ အိတ်၊ ပဲ နှစ်အိတ်၊ အဝတ်အထည် ၂၀၀ နှင့် ရွက်ဖျင်တဲကြီး ၁၂ ခုကို ထောက်ပံ့ပေးအပ်ခဲ့သည်။

“အခုကျွန်တော်တို့ ရွာသုံးရွာကို သွားရောက်ထောက်ပံ့ခဲ့တာ တတိယအကြိမ်မြောက်ဖြစ်ပြီးတော့ ကျေးရွာသုံးရွာက စုစုပေါင်း အိမ်ထောင်စု ၅၉၇ စု၊ လူဦးရေ ၈၄၀၄ အတွက် ဆန်အိတ် ၁၂၈ အိတ်၊ ပဲ ၃၃၇ ပိဿာ ၅၀ ကျပ်သားနဲ့ ရွက်ဖျင်တဲ ၁၂ လုံး သွားရောက်ပေးအပ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ NGO တွေ၊ INGO တွေနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့နေရာတွေမှာ ဆက်လက်ထောက်ပံ့ပေးသွားဖို့ အစီအစဉ်တွေလည်း ရှိပါတယ်”ဟု ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ပြောသည်။

ယနေ့ ထောက်ပံ့ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့သော ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ရွေ့လျားဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇင်ဦး၊ ကိုမင်း**
**ဓာတ်ပုံ-သီဟစည်သူ**


ကြက်ရိုးပြင်ရွာတွင် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်မည့်သူငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့နယ် ကွမ်းသီးပင်(အလယ်)ရွာ၌ အခကြေးငွေယူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ဆောင်ပေးနေသူတစ်ဦးနှင့် သွားရောက်မည့်သူငါးဦးအား ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိကြောင်း သိရသည်။


တာဇော်မိုကုတ်


ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်မည့်သူ ငါးဦး။

မောင်တောမြို့နယ် ကွမ်းသီးပင်(အလယ်)ရွာအနီး ကွမ်းသီးပင်ချောင်းဝကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ကွမ်းသီးပင်(အလယ်) ရွာနေ တာဇော်မိုကုတ်နှင့် အောက်ပြုံးမကျေးရွာနေ အဒူရှုက္ကုရ်ပါ ငါးဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ တာဇော်မိုကုတ်သည် အဒူရှုက္ကုရ်ပါ ငါးဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အခကြေးငွေယူ၍ ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသဖြင့် တာဇော်မိုကုတ်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်တွင် ကက်တမင်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက်က ကျိုင်းတုံမြို့နယ် ဝမ်တာပုံပူးပေါင်းစစ်ဆေးရေးစခန်း ရှေ့လမ်းမပေါ်တွင် စိုင်းလုံထွန်း မောင်းနှင်ပြီး လီဆော်(ခ)အိုက်ရီဆွတ်နှင့် အိုက်ဆမ်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ကက်တမင်း ၂၄ ထုပ်(အလေးချိန် ၂၄ ကီလို) သိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၃ ရက်က ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့ အရှေ့သာစည်ရပ်ကွက် ဂေါက်ကွင်းလမ်းကြားတွင် မရူဘရန်ဆိုင်း မောင်းနှင်ပြီး မရူလထွယ် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၀၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအထွက် လားရှိုး-တန့်ယန်း သွားကားလမ်းမပေါ်ရှိ မောင်းတံတိုးဂိတ်အနီးတွင် “ရွှေနမ့်ပေါင်” ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် ကျော်နိုင်ဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ခေတ်သစ်မီဒီယာနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု

## ဝေဖြိုးဟာန်(အင်းစိန်)

တစ်ခေတ်တစ်ခါက သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေဆီ စာမူတွေပို့ရင် နီးတဲ့နေရာက ကလောင်ရှင်တွေက လူကိုယ်တိုင်သော်လည်းကောင်း၊ တစ်နယ်တစ်ကျေးက ကလောင်ရှင်တွေက စာတိုက်ကနေတစ်ဆင့်သော်လည်းကောင်း ပို့ကြရပါတယ်။ စာမူဖော်ပြခံရတဲ့ ကလောင်ရှင်ဆီကိုလည်း မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်တွေက စာတိုက်ကနေတစ်ဆင့် စာမူခနဲ့ မဂ္ဂဇင်းစာအုပ်ဖြစ်စေ၊ ဂျာနယ်ကိုဖြစ်စေ ပြန်လည်ပေးပို့ကြပါတယ်။ ဒါတစ်ချိန်က စာမူစီးဆင်းမှုပါ။

အခုခေတ်ကျတော့ နည်းပညာတွေ တိုးတက်လာပြီမို့ အိမ်ထဲက အိမ်ပြင် ထွက်စရာမလိုတော့ဘဲ စာမူတွေ ပေးပို့နိုင်ကြပါပြီ။ အင်တာနက်အသုံးပြုတတ်ကြတဲ့ စာရေးဆရာတိုင်းအတွက် ဒါဟာ အခွင့်အရေးတစ်ခုပါပဲ။ တချို့ဝါရင့် သက်တော်ရှည်စာရေးဆရာကြီးတွေအတွက် ပို၍ပင် အဆင်ပြေပါသေးတယ်။ နိုင်ငံတော်အစိုးရက မီဒီယာကဏ္ဍကို လွတ်လပ်ခွင့် အထိုက်အလျောက်ပေးလာတဲ့ကာလမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ကလောင်ဓားသွေးချင်ကြတဲ့ စာပေဝါသနာရှင်တွေ ဝမ်းသာကြရပါတယ်။ မိမိတို့ရေးချင်ခဲ့သမျှ၊ တင်ပြချင်ခဲ့သမျှ၊ ခံစားနေရသမျှတွေကို မီဒီယာစာမျက်နှာကနေ ထုတ်ဖော်ရေးသားခွင့်ရတော့မှာမို့ အခွင့်အရေးကို ကောင်းကောင်းအသုံးချကြပါတယ်။

လူငယ်မျိုးဆက်ကလောင်ရှင်တွေအဖို့ အိုင်တီခေတ်မှာ ကြီးပြင်းရတာကြောင့် ကွန်ပျူတာသုံးတတ်ကြတယ်၊ အင်တာနက် အီးမေး၊ ဝက်ဘ်ဆိုက်တွေ အသုံးပြုတတ်ကြလို့ မီဒီယာလောကအတွက် အများကြီး အကျိုးဖြစ်ထွန်းလာတာ တွေ့ရပါတယ်။ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွေမှာ သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံတွေနဲ့ လွတ်လွတ်လပ်လပ် ရေးသားလာကြတယ်။ ကိုယ်ပိုင် ဘလော့ဂ်စာမျက်နှာတွေဖွင့်ပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေးတွေနဲ့ ခြေဆန့်လာကြတယ်။ စာရေးတယ်ဆိုတော့ ခြေဆန့်တယ်မခေါ်တော့ဘဲ လက်ဆန့်လာကြတယ်လို့ပဲ ပြောရမလို ဖြစ်နေပါပြီ။ မီဒီယာလုပ်ငန်းအတွက် အိုင်တီနည်းပညာရပ်ဟာ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေတာကို တွေ့ရမှာဖြစ်ပါတယ်။

တချို့စာရေးဆရာတွေ တစ်ချိန်က စာရွက်နဲ့ဖောင်တိန်၊ ဘောပင် အသုံးပြုပြီး စာရေးခဲ့ရပေမယ့် ဒီနေ့ ကွန်ပျူတာအသုံးပြုပြီး စာရေးနေကြပါပြီ။ တချို့စာရေးဆရာကြီးတွေက လက်နှိပ်စက်နဲ့ စာရေးကြတယ်လို့ မှတ်သားဖူးပါတယ်။ စာရွက်နဲ့ ရေးကြတဲ့ စာရေးဆရာတွေဟာ သူတို့ရေးထားတာကို စိတ်တိုင်းမကျပါက စုတ်ဖြဲပစ်ရလွန်းလို့ စာရွက်အစုတ်တွေ အမှိုက်တောင်းထဲမှာ အပြည့်ဖြစ်ခဲ့ရပါတယ်။ အခု ကွန်ပျူတာနဲ့ရေးကြတဲ့အခါ စိတ်တိုင်းမကျရင် ပြန်ဖျက်၊ စိတ်တိုင်းကျပြန်ရေး၊ မပြီးသေးလည်း စေ့ (save)လုပ်ထားလို့ရနေပါတယ်။ တချို့လက်တော့ပ်ရှိတဲ့ ကလောင်ရှင်တွေဆို ပိုလို့တောင် အဆင်ပြေနေပါသေးတယ်။ သွားလေရာ လက်တော့ပ်လေးယူသွားပြီး အချိန်နဲ့တစ်ပြေးညီ စာဆက်ရေးနေရုံပါပဲ။ ဘယ်လောက်ကောင်းသလဲ။

ဘယ်လောက်ကောင်းသလဲလို့ ကျွန်တော်ကမေးမိတော့ ဒီစာကိုဖတ်နေတဲ့ စာရေးဆရာတချို့က ဘာကောင်းလို့လဲကွာလို့ ပြန်ပြောမှာ သေချာပါတယ်။ သူတို့ပြောချင်တာက ကွန်ပျူတာနဲ့စာရေးပြီး အင်တာနက်ကနေတစ်ဆင့် စာမူပို့တယ်ဆိုတာ လျှပ်စစ်မီးရှိမှ၊ မီးရှိပြန်လည်း အင်တာနက်ကွန်နက်ရှင်ဆိုတာကြီးက ကောင်းဦးမှ၊ အဲဒါတွေ မဖြစ်နိုင်သေးသရွေ့ကတော့ ငါတို့ဘာသာ စာရွက်နဲ့ဘောပင်ရှိရင် ဖယောင်းတိုင်ထွန်းပြီး စာရေးနေရတာ အဆင်အပြေဆုံးပါပဲကွာလို့ ပြောကြပါလိမ့်မယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့အားလုံးမှာ ဒီအခက်အခဲလေးကတော့ ရှိနေပါသေးတယ်။ ဒီအခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့ လိုပါတယ်။ ဒါမှလည်း မီဒီယာခေတ်လို့ ရဲရဲကြီး မော်ကွန်းထိုးနိုင်မှာဖြစ်ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ ပြည်တွင်းကလောင်ရှင်တွေအပြင် ပြည်ပရောက်နေတဲ့ ကလောင်သွေးချင်ကြတဲ့ ဝါသနာရှင်တွေအတွက်လည်း မိမိတို့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ဆောင်းပါးတွေ၊ သတင်းတွေကို အခုရေး အခုပို့လို့ရတဲ့ အိုင်တီခေတ်ကြီးမို့ မီဒီယာကဏ္ဍတိုးတက်မှုဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဖြစ်နေပါပြီ။

ကျွန်တော်တို့ရေးသမျှ စာမူဆောင်းပါးတွေကို အီးမေးတွေကနေတစ်ဆင့် ဂျာနယ်တိုက်တွေဆီ ပေးပို့ကြတဲ့အခါ တာဝန်ခံအယ်ဒီတာတွေက စိစစ်ဖတ်ရှုကြပါတယ်။ သင့်တော်မယ့်စာမူ၊ ခေတ်စနစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် စာမူတွေကို အပတ်စဉ်ထုတ်ဂျာနယ်တွေ၊ နေ့စဉ်ထုတ်သတင်းစာတွေမှာ ဖော်ပြပေးကြပါတယ်။ ဒါပေမယ့် ကိုယ်ပေးပို့လိုက်တဲ့ အကြောင်းအရာနဲ့ အရေးအသားဟာ အဲဒီမဂ္ဂဇင်း၊ ဂျာနယ်တိုက်၊ သတင်းစာတိုက်ရဲ့ မူဘောင်နဲ့ ကိုက်ညီမှသာလည်း ပြည်သူလူထုရှေ့ကို ချပြပေးမှာဖြစ်ပါတယ်။ ဒါကို နားလည်ထားပါတယ်။ မိမိတို့ရေးလိုက်တဲ့ စာတစ်ပုဒ်ကို ပုံနှိပ်ပြီး မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ စာမျက်နှာထက်မှာ ဖော်ပြလိုက်ပြီဆိုတာနဲ့ အဲဒီစာရဲ့ အဆိုးအကောင်းကို အယ်ဒီတာချုပ်သော်လည်းကောင်း၊ တာဝန်ခံ ထုတ်ဝေသူသော်လည်းကောင်း တာဝန်ယူရပါတယ်။ မိမိတို့ရေးလိုက်တဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး မကျေနပ်တဲ့သူရှိလို့ တရားစွဲဆိုတဲ့အခါဖြစ်စေ၊ ဖြေရှင်းချက်တောင်းတဲ့အခါဖြစ်စေ အယ်ဒီတာချုပ်တွေ၊ ထုတ်ဝေသူတွေက ဖြေရှင်းကြရပါတယ်။

လွတ်လပ်ရေးမရခင်က ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းမှာ ကလောင်ရှင် မောင်ညိုမြရေးလိုက်တဲ့ ဆောင်းပါးတစ်ပုဒ်ကြောင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းထုတ်ပစ်ခဲ့တဲ့သမိုင်းဝင်အဖြစ်ကို အားလုံးလည်းသိပြီးဖြစ်ကြမှာပါ။ ဆောင်းပါးရှင်၊ ကလောင်ရှင်ကို ထုတ်ဖော်ပေးဖို့ပြောပေမယ့် ကိုအောင်ဆန်းက သူတာဝန်ခံထုတ်တဲ့စာမို့ သူ့ကိုသာ အရေးယူဖို့ ပြောခဲ့ပါတယ်။ အယ်ဒီတာတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုဟာလည်း မီဒီယာလောကတိုးတက်ရေးလမ်းကြောင်းမှာ အရေးပါလှပါတယ်။

ထိုနည်းလည်းကောင်းပဲ ကျွန်တော်တို့ စာရေးသူတွေဟာလည်း မိမိတို့အတ္တကြောင့် တစ်ပါးသူကို မထိခိုက်ရအောင် ဆင်ခြင်ကြရပါမယ်။ မိမိတို့ခံစားချက်ကြောင့် တခြားသူတွေ နစ်နာသွားရမှာကိုလည်း မပြုလုပ်မိဖို့ စဉ်းစားရပါမယ်။ စာရေးတယ်ဆိုတာ လူတိုင်းရေးတတ်ပါတယ်။ ဒါပေမယ့် လူတိုင်း ဆင်ခြင်တုံတရား ရှိဖို့ကတော့ ရှားပါတယ်။ အဆိုးအကောင်းကို ခွဲခြားသိပြီး အမှားအမှန်ကို စဉ်းစားချင့်ချိန်တတ်တဲ့ စာရေးသူတွေ ဖြစ်ဖို့အရေးကြီးပါတယ်။ လွတ်လပ်ပြီဟေ့ဆိုပြီး ရေးချင်သလိုရေးလို့တော့ မဖြစ်သေးပါဘူး။ မီဒီယာဥပဒေနဲ့ထိန်းညှိပြီးမှ လုပ်ကိုင်ဆောင်ရွက်တတ်ဖို့လည်း လိုပါတယ်။ ဒီမိုကရေစီသဘောတရားအရ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်နိုင်တယ်လို့ ဆိုပေမယ့် တရားဥပဒေစိုးမိုးမှုရှိဖို့လည်းလိုပါတယ်။ တရားဥပဒေဘောင်အတွင်းက မှန်တယ်ထင်ရင်တော့ လုပ်ရဲကြဖို့လိုပါတယ်။

ဒီနေရာမှာ အွန်လိုင်းမီဒီယာနဲ့ပုံနှိပ်မီဒီယာ လွတ်လပ်မှုခြင်းကွာပါတယ်။ အွန်လိုင်းမီဒီယာဟာ ရေးချင်တာရေးကြပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနည်းပါတယ်။ ပုဂ္ဂိုလ်ရေးလည်း တိုက်ခိုက်နိုင်သလို ဘာသာရေး၊ လူမျိုးရေးနဲ့ တခြားသောအရေးကိစ္စမှန်သမျှကို မည်သူ့ကိုမျှ မျက်နှာမထောက် ဝေဖန်တိုက်ခိုက်လို့ရပါတယ်။ ကိုယ်ပိုင်ဘလော့ဂ်စာမျက်နှာတွေနဲ့ မည်သူမည်ဝါမှန်းမသိဘဲ အွန်လိုင်းစာပေယဉ်ကျေးမှုကို ပျက်စီးအောင်လုပ်နေတဲ့သူတွေ တစ်ပုံတစ်ပင်ကြီး ပေါ်လာကြပါတယ်။ ပုံနှိပ်မီဒီယာကျတော့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပါတယ်။ မိမိရေးလိုက်တဲ့ အကြောင်းအရာပေါ်မှာ တာဝန်ယူရပါတယ်။ မိမိတို့စာမူကို ဖော်ပြပေးတဲ့ အယ်ဒီတာတွေကလည်း တာဝန်ခံရပါတယ်။ နှုတ်တစ်ရာ စာတစ်လုံး ဆိုသလို နှုတ်နဲ့ပြောခြင်းထက် စာနဲ့ရေးခြင်းဟာ ပိုပြီးထိရောက်တယ်လို့ဆိုပါတယ်။ စာဖတ်ပရိသတ်ကို ပေးချင်တဲ့သတင်းစကားတစ်ခုရှိနေဖို့လိုပါတယ်။ အပြုသဘောဆောင်တဲ့ သတင်းစကားဖြစ်နေဖို့ကတော့ အရေးကြီးပါတယ်။

လူငယ်စာပေဝါသနာရှင်တွေအနေနဲ့ အွန်လိုင်းမီဒီယာကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုကြသလို ပုံနှိပ်မီဒီယာဘက်မှာလည်း ကလောင်သွေးကြပါတယ်။ ကလောင်သွေးတဲ့နေရာမှာ သတင်းရေးတာနဲ့စာရေးတာ မတူပြန်ပါဘူး။ ဆရာကြီး လူထုဦးစိန်ဝင်းပြောခဲ့ဖူးတဲ့ သတင်းစာဆရာနဲ့ စာရေးဆရာတို့ရဲ့ မတူညီတဲ့အချက်တွေအကြောင်းကို ဖော်ပြရရင် သတင်းစာဆရာဆိုတာ မြင်တာကြားတာကို မခြွင်းမချန် ဟုတ်တိုင်းမှန်စွာရေးရမယ်၊ ပြောချင်တာကို မသွယ်ဝိုက်ဘဲ ပြောရဲ၊ ရေးရဲ၊ တင်ပြရဲရမယ်။ စာရေးဆရာကျတော့ အတွေးကွန့်မြူးလို့ရတယ်။ အသောအန္ဓော အလွမ်းအမောတွေနဲ့ စာပန်းချီခြယ်သပြီး စိတ်ကူးယဉ်ရေးဖွဲ့လို့ရတယ်ဆိုပြီးပါပါတယ်။

သတင်းစာ၊ ဂျာနယ်တစ်စောင်ဟာ လူထုနဲ့ တိုက်ရိုက်ထိတွေ့တာမို့ အထူးဂရုစိုက်ရပါတယ်။ အထူးသဖြင့် နိုင်ငံရေးဆောင်းပါးတွေရေးတဲ့အခါ ပိုပြီးဂရုစိုက်ဖို့လိုပါတယ်။ ကိုယ်တင်ပြတဲ့အချက်အလက်ဟာ ပြည့်စုံမှုရှိနေဖို့ အရေးကြီးသလို အခြေအနေတစ်ရပ်ကို တည်ငြိမ်မှုပျက်ပြားအောင် လုပ်လိုက်တဲ့ဆောင်းပါးမျိုးတွေ မဖြစ်ရအောင် စာရေးသူက သတိကြီးစွာ ထားရပါတယ်။ ထို့အတူ အယ်ဒီတာအဖွဲ့အနေနဲ့ကလည်း မိမိတို့တိုက်က ထုတ်လိုက်တဲ့ ပုံနှိပ်စာမူတစ်ခုကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြရတာမို့ သူတို့လည်း အာရုံစူးစိုက်ကြရပါတယ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရမယ့် အဖြစ်မျိုး မရောက်အောင် ကြိုးစားဆင်ခြင်ရပါတယ်။

သတင်းစာ(သို့)ဂျာနယ်တစ်စောင်ရဲ့ အသက်ဟာ လူထုလူတန်းစားပေါင်းစုံ ဖတ်နိုင်ဖို့ဖြစ်ပါတယ်။ သတင်းဂျာနယ် တစ်စောင်ဟာ ရသစုံ၊ သုတစုံ၊ ကဏ္ဍစုံပါဝင်နေဖို့လိုပါတယ်။ လူကြီးရော၊ လူငယ်ရော၊ သူဌေးရော၊ ဆင်းရဲသားရော အားလုံးဖတ်နိုင်မယ့် နှစ်သက်တဲ့ ဂျာနယ်ဖြစ်ဖို့လိုပါတယ်။ စာဖတ်ပရိသတ်တွေအနေနဲ့လည်း ထွက်လာသမျှ ဂျာနယ်တိုင်းကို ဝယ်ဖတ်ဖြစ်ဖို့ ခက်ခဲပါတယ်။ ထို့ကြောင့် မိမိတို့စိတ်ဝင်စားတဲ့ အကြောင်းအရာတွေ ပါရှိတဲ့ ဂျာနယ်တွေကိုသာ ဦးစားပေး ရွေးဝယ်ဖတ်ကြပါတယ်။ နိုင်ငံရေးဝါသနာပါသူတွေက နိုင်ငံရေးဆောင်းပါးတွေပါတဲ့ ဂျာနယ်ကို ဝယ်ဖတ်သလို စီးပွားရေးသမားတွေကလည်း ဈေးကွက်ဂျာနယ်မျိုးတွေကို ဝယ်ဖတ်ကြပါတယ်။ လူငယ်တော်တော်များများက သူတို့နှစ်သက်တဲ့ အနုပညာသတင်း၊ အားကစားသတင်းတွေပါတဲ့ ဂျာနယ်ကို ဝယ်ဖတ်ကြပါတယ်။ လူတော်တော်များများ အရင်ကနဲ့မတူအောင် စာဖတ်လာကြတာ မှန်ပေမယ့် စာဖတ်မှန်ဖို့ လိုပါတယ်။ ဖတ်တော့ဖတ်လိုက်ပြီး ဘာမှ တွေးစရာမကျန်၊ ရယ်စရာမကျန်၊ လွမ်းစရာမကျန်၊ ဗဟုသုတရစရာမကျန်တဲ့စာမျိုးတွေ ဖတ်မိရင်တော့ ပိုးသာကုန် မောင်ပုံစောင်းမတတ် အဖြစ်မျိုးနဲ့တိုးကြရပါလိမ့်မယ်။

ကျွန်တော်တို့ မြန်မာပြည်ကြီးမှာ ဒီမိုကရေစီ ရင့်သန်ခိုင်မာ အရှည်တည်တံ့နိုင်စေဖို့ လူတိုင်းစာအုပ်စာပေတွေနဲ့ အကျွမ်းတဝင်ရှိနေဖို့လိုပါတယ်။ စာအုပ်စာပေ လှူမိတ်ဆွေဆိုသည့်အတိုင်း စာထဲက ပညာဗဟုသုတ အတွေးအမြင်တွေကို ရှာဖွေလေ့လာကြရမှာဖြစ်ပါတယ်။ စာပေထဲက ရရှိတဲ့ ပညာဗဟုသုတ အတွေးအမြင်တွေနဲ့ ဘဝရပ်တည်နေထိုင်မှုတွေကို ပဲ့ကိုင်ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။ ထို့ပြင် ရရှိထားတဲ့အသိတရားတွေကို အကျိုးရှိစွာ အသုံးချပြီး လောကကို အလှဆင်နိုင်ကြမှာဖြစ်ပါတယ်။ ထို့ကြောင့် မီဒီယာဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ စာပေကို တန်ဖိုးထားလေးစားတတ်သော၊ အမှန်တရားအတွက် ဘက်လိုက်ရန်ဝန်မလေးတတ်သော၊ ပြည်သူ့ကလောင်ရှင်တွေရဲ့ အခန်းကဏ္ဍဟာ များစွာအရေးပါလျက်ရှိလာပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေကျင် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေကျင်-ကျောက်လုံးကြီး- ကံဘေးအိုင်-ဇရပ်ဆိပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခင်းနေမှုနှင့် အင်္ဂနီကျေးရွာတွင် ရေရရှိရေးအတွက် တွင်းနက်တူးဖော် ဆောင်ရွက်နေမှုများအား ဇန်နဝါရီ ၃ ရက်က ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဘသိန်း၊ ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဟိန်းဇော်၊ တင်ဒါအောင်မြင်သော ကုမ္ပဏီမှ တာဝန်ခံများ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက လိုက်လံရှင်းလင်းပြသကာ ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြကြောင်း သိရသည်။



**နေလင်း(ညောင်လေးပင်)**

■



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာဖတ်စွမ်းရည်သရုပ်ပြပွဲကို ဇန်နဝါရီ ၄ ရက်က သာကေတမြို့နယ် (၇) ဈေးလမ်းမကြီး ၁၀/တောင်ရှိ သုတဘဏ် (အခမဲ့) စာဖတ်ခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများအား မခိုင်စုစုလှိုင်က သရုပ်ပြသရှင်းပြစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

# ဘိုးဘွားတို့အမွေ - တောင်ဇလပ်မြေ

**ဆွေဇင်ညွန့်**

ကျွန်တော်တို့မြန်မာနိုင်ငံမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတွင်ကျယ်အောင် လုပ်ဆောင်နိုင်မယ့် အလားအလာတွေ အများကြီးရှိပါတယ်။ လုပ်ဆောင်ဆဲ၊ ဖွံ့ဖြိုးဆဲ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေလည်း ရှိနေပါတယ်။ အဲဒီထဲမှာ ချင်းပြည်နယ်က ဝိတိုရိယတောင်(ခေါ်) နတ်မတောင်ကိုသွားရတဲ့ ခရီးစဉ်ဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျောင်းတုန်းက ပထဝီမှာ သင်ခဲ့ဖူးတဲ့ ဝိတိုရိယတောင်ကို အဲဒီတုန်းကတော့ မြန်မာနိုင်ငံမှာ ဒုတိယအမြင့်ဆုံးတောင်လို့ ဖော်ပြထားပါတယ်။ ခုခေတ်မှာတော့ ကချင်ပြည်နယ်က ဂန်လန်ရာဇီတောင်က ဒုတိယအမြင့်ဆုံးတောင်လို့ သိရတော့ ဝိတိုရိယတောင်က မြန်မာပြည်မှာ တတိယအမြင့်ဆုံးပေါ့။ အမြင့်ပေ ၁၀,၂၀၀ ရှိတယ်လို့ ဆိုပါတယ်။ တောင်ထိပ်ကျောက်စာတစ်ခုမှာတော့ အမြင့်ပေ ၁၀၅၀၀ လို့ရေးတာလည်းတွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမြင့်ပေ ၁၀၀၀၀ တော့ စွန်းပါတယ်။

ဝိတိုရိယတောင်က ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့အနီးမှာ ရှိပါတယ်။ ကန်ပက်လက်မြို့လေးက တောင်ခုလပ်မှာဆိုတော့ မြို့နဲ့တစ်ဆက်တည်းဖြစ်တဲ့တောင်လို့ ပြောရင်လည်းရပါတယ်။ ဝိတိုရိယတောင်ကို ချင်းဘာသာစကားနဲ့ ခေါ်နုစူမ် (Khaw-nu-soum) လို့ခေါ်ပါတယ်။ အဓိပ္ပာယ်ကတော့ "မိခင်တောင်"တဲ့။ နတ်မတောင်ဟာ ချင်းပြည်နယ်မှာတော့ အမြင့်ဆုံးတောင်ပါပဲ။ ဒီတောင်ပေါ်မှာမှ ပွင့်တဲ့ တောင်ဇလပ်ပန်းတွေဟာ နိုဝင်ဘာလလောက်ကစပြီး တောင်တစ်ခုလုံးကို လွှမ်းခြုံပြီး အပွင့်တွေဝေလို့ နေပါတယ်။ မြေပြန့်ဒေသမှာ မခံစားနိုင်တဲ့ တောင်ဇလပ်ပန်းတွေရဲ့ အလှကို ခံစားနိုင်တဲ့နေရာကတော့ အဲဒီလို နတ်ပန်းတွေပွင့်ရာ ချင်းတောင်တန်းပါပဲ။ ဒါကြောင့်များ 'နတ်မတောင်' လို့ ခေါ်သလားလို့ ထင်မိပါတယ်။ ဒီလိုရင်သပ်ရှုမောလောက်အောင် လှပသာယာလို့ နတ်မတောင်ရဲ့ ရှုခင်းကို မျှဝေခံစားစေချင်ပါဘိတော့တယ်။

ဒီနတ်မတောင်ဝန်းကျင်ကို 'နတ်မတောင်အမျိုးသားဥယျာဉ်'အဖြစ် ၁၉၉၇ ခုနှစ်မှ စတင် အဆိုပြုထူထောင်ထိန်းသိမ်းခဲ့တာပါ။ ခုအခါမှာ အမျိုးသားဥယျာဉ် (National Park) အနေနဲ့သာမဟုတ်ဘဲ 'အာဆီယံအမွေအနှစ်ဥယျာဉ်' 'ASEAN Heritage Park' အဖြစ်ပါ ရောက်ရှိလို့နေပြီဖြစ်ပါသည်။ သမိုင်းနောက်ခံအရဆိုရင် ဒီဥယျာဉ်နေရာကို လွတ်လပ်ရေးမရမီ ၁၉၃၆ ခုနှစ်မှာ 'ဘောလီမိုးသစ်တောကြိုးဝိုင်း' (Baw Li Moe Reserved Forest)အဖြစ် စတင်တည်ထောင်ခဲ့တာပါ။ ၁၉၉၇ ခုနှစ်မှာ အမျိုးသားဥယျာဉ် (National Park) အဖြစ် အဆိုပြုခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်အတည်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။

တည်နေရာအနေနဲ့ဆိုရင် နတ်မတောင်ဟာ ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ် သုံးခုအတွင်းမှာ ကျရောက်လျက်ရှိပါတယ်။ အကျယ်အဝန်းအားဖြင့် ၁၇၆၂၀၂ ဧက (၇၀၃၀၀ ဟက်တာ) ကျယ်ဝန်းပါတယ်။ ကန်ပက်လက်မြို့နယ်ထဲမှာ ၂၉၄၉၅ ဧက၊ မင်းတပ်မြို့နယ်ထဲမှာ ၁၃၃၉၀၇ ဧကနဲ့ မတူပီမြို့နယ်ထဲမှာ ၁၂၈၀၀ ဧက ပါဝင်နေပါတယ်။ တောင်ရဲ့ အမြင့်ကတော့ ၁၀,၂၀၀ ပေ (၃၀၅၃ မီတာ) ဖြစ်ပါတယ်။ အရှေ့တောင်အာရှရဲ့ ထင်ရှားရာ (List of Ultras of S.E.Asia) စာရင်းဝင်နေရာတစ်ခုဖြစ်ပြီး တော့ မြေပုံညွှန်း (Coordinates: 21 H 14'00"N, 93 H 54' 00"E)ဖြစ်ပါတယ်။

နတ်မတောင်ခရီးစဉ်ကိုတက်ဖို့ အကောင်းဆုံးအချိန်ကတော့ နိုဝင်ဘာလ ဆောင်းဝင်စ အချိန်ကာလပါပဲ။ ဒီနှစ် နိုဝင်ဘာလမှာတော့ မိုးမပြတ်ချင်သေးလို့ ဒီဇင်ဘာလဆန်းလောက်မှ တက်နိုင်ပါတယ်။ မိုးမကျခင် မေလအထိ ဆောင်းနဲ့ နွေတစ်လျှောက်လုံး တောင်တက်လို့ အကောင်းဆုံးအချိန်ပါ။ ရန်ကုန်ကလာရင် ရန်ကုန်-မကွေး-ချောက်-ဆိပ်ဖြူ-ကဇွန်းမ-ဆော-ကန်ပက်လက် လမ်းကြောင်းနဲ့ လာလို့ရပါတယ်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းကလာချင်ရင်တော့ ရန်ကုန်-မကွေး (မကွေးတံတား)- မင်းဘူး- ကဇွန်းမ- ဆောလမ်းအတိုင်း လာလို့ရပါတယ်။ ပုဂံဘုရားဖူးလာရင်းနဲ့လည်း ပုဂံ-ချောက်-ဆိပ်ဖြူ-ဆော-ကန်ပက်လက်ကို လာနိုင်ပါတယ်။ ရန်ကုန်-မကွေး မိုင် ၃၃၀ ပါ။ မြစ်အနောက်ဘက်ကမ်း ဆိပ်ဖြူကနေ ၁၀ မိုင် ၂ ဖာလုံမှာ ဆောလမ်းခွဲရှိပါတယ်။ အဲဒီလမ်းခွဲကနေ ဆောအထိ ၅၈ မိုင် ၆ ဖာလုံပါ။ (ချောက်-ဆိပ်ဖြူ မြစ်ကူးအနော်ရထာတံတားကနေ ဆောအထိ ၆၉ မိုင်ပါပဲ) ယောနယ်ထဲမှာရှိတဲ့ ဆောမြို့က ချင်းတောင်မြင့်ကြီးတွေရဲ့ တောင်ခြေမှာပါ။ ဆောကနေ ကန်ပက်လက်အထိ တောင်တက်လမ်း ၁၂ မိုင်ပဲ တက်ရပါတယ်။ အတက်လမ်းရဲ့ တစ်ဝက်တိတိ (ဆိပ်ဖြူမှ ၇၅ မိုင်တိုင်) မှာ မကွေးတိုင်းဒေသကြီးဧရိယာဆုံးပြီး ချင်းပြည်နယ်ထဲ စဝင်ပါတယ်။ ကန်ပက်လက်မြို့အဝင်ကိုရောက်ပြီဆိုရင်တော့ သင်ဟာ အမြင့်ပေ ၄၅၆၀ ကို ရောက်နေပြီလို့သာ မှတ်ယူလိုက်ပါတော့။

ပခုက္ကူဘက်မှလာသူတွေအတွက်တော့ ပခုက္ကူ-ပေါက်- မင်းတပ်လမ်းကြောင်းက လာလို့ရပါတယ်။ ခြေလျင်တောင်တက် ခရီးသွားလိုသူတွေအတွက်တော့ မင်းတပ်ကိုရောက်ရင် အဲဒီကနေ Short trek ခြေလျင်တောင်တက်ခရီးတိုတစ်ခုအနေနဲ့ တောင်ထွတ်ကို တက်ပြီး စခန်းချလို့လည်းရပါတယ်။ ပြီးရင် တောင်ထွတ်ရဲ့ အခြားတစ်ဖက်မှာရှိတဲ့ ကန်ပက်လက်မြို့လေးကို သွားရောက်လည်ပတ်နိုင်ပါတယ်။

ဝိတိုရိယတောင်ဆိုတဲ့အမည်က ဗြိတိသျှတို့ လက်အောက်ကျရောက်ပြီးမှ နယ်ချဲ့တို့က ပေးခဲ့တဲ့အမည်ပါ။ သိမ်းသူ ချင်းဘိုးဘွားတို့ ပြောပြချက်အရ ရှေးမြန်မာဘုရင်အဆက်ဆက်က ဘုရင့်စေအထောက်တော်မင်းမှုထမ်းများ နှစ်စဉ်မပျက်ရောက်ရှိခဲ့ကြောင်းနဲ့ တောင်ထိပ်ပေါ်မှာ 'ဇေယျပဗ္ဗတတောင်' အမည်နဲ့ ကြေးကမ္ပည်းပြား စိုက်ထူထားခဲ့ကြောင်း၊ ချင်းတောင်ပေါ်ကို အင်္ဂလိပ်အုပ်ချုပ်မှု ရောက်လာပြီးတဲ့နောက် ၎င်းကြေးပြားကမ္ပည်းကို ဖယ်ရှားပစ်ခဲ့တယ်လို့ ပြောစမှတ်ရှိခဲ့ကြောင်း သိရပါတယ်။ တောင်ထိပ်မှာ တောင်ထွတ်နှစ်နေရာရှိရာမှာ မြန်မာဘုရင့်အထောက်တော်များ နှစ်စဉ်အသိအမှတ်ပြု တက်ရောက်ခဲ့တဲ့ တောင်ထိပ်က ယခု အမြင့်ပေ ၁၀,၂၀၀ ရှိတဲ့နေရာဖြစ်ပြီး ဗြိတိသျှသစ်တောမြေတိုင်းအမှုထမ်းများ ထပ်မံတိုင်းတာတွေ့ရှိတဲ့ တောင်ထွတ်က အမြင့်ပေ ၁၀၅၀၀ ရှိပါတယ်။ အဲဒီ တောင်ထွတ်နှစ်ခုကလည်း တစ်မိုင်ခွဲလောက်ပဲ ကွာဝေးပြီး မြင်နေရပါတယ်။ ဒေသအခေါ်အရ ၁၀,၂၀၀ ပေ တောင်ထိပ်ကို 'ဆိပ်လီစုမ်' (မြကန်တောင်ထိပ်)နဲ့ ၁၀၅၀၀ ပေ တောင်ထိပ်ကို 'ခေါ်နုစူမ်' (မိခင်တောင်မကြီး)လို့ ခေါ်ပါတယ်။

ကန်ပက်လက်က မော့ကြည့်လိုက်တယ်ဆိုရင်ပဲ လှပတဲ့ ချင်းတောင်တန်းကြီးတွေရဲ့ တောင်ပေါ်မှာ တိမ်ဦးထုပ်တွေ ဆောင်းထားသလို မြင်ကွင်းကိုခံစားရမှာပါ။ နတ်မတောင်ထိပ်ရောက်သွားပြန်တော့ သင်ဟာ တိမ်ပင်လယ်ကြီးထဲက ပေါ်ထွက်နေတဲ့ ကုန်းမြေကျွန်းကလေးပေါ်မှာ ရောက်ရှိနေရသလိုမျိုး အံ့သြဖွယ်ရာကောင်းလောက်အောင် ခံစားရမှာ အသေအချာပါပဲလို့ ဆိုပါရစေ။ နံနက် ၈ နာရီနဲ့ မွန်းလွဲ ၁၂ နာရီခွဲလောက်ကြားထဲအချိန်ဟာ နှင်းမြူကင်းစင်ပြီး တောင်ထိပ်က လှပတဲ့ ပတ်ဝန်းကျင် ၃၆၀ ဒီဂရီ ရှုခင်းတွေကို ကြည့်ရှုခံစားလို့ အကောင်းဆုံးအချိန်ပါပဲ။

တောင်တစ်ခုလုံးမှာ ပေါက်ရောက်နေတဲ့ ဘွန်ဇိုင်း (အပင်ပု) ပုံစံ သစ်ပင်ကြီးတွေကလည်း အံ့ဖွယ်လှပတဲ့ ဘွန်ဆိုင်းပုံသဏ္ဍာန် အမျိုးမျိုးကိုဆောင်နေပြီး တောင်နဲ့ပနံရလှပါတယ်။ အဲ မွန်းလွဲပိုင်းကျော်လာတာနဲ့ မြူတွေက တလိပ်လိပ်တက်လာပြီး မကြာခင် တောင်တစ်ခုလုံးကို ဖုံးအုပ်သွားပါလိမ့်မယ်။ မွန်းလွဲ ၃ နာရီနောက်ပိုင်းဆိုရင်တော့ ကန်ပက်လက်မြို့ တစ်ခုလုံး မြူတွေနဲ့ပိန်းပိတ်အောင် ဖုံးလွှမ်းနေလို့ ကား၊ ဆိုင်ကယ်တွေ မီးကြီးဖွင့်ပြီးမောင်းကြရပါတယ်။ ဒါတောင် ရှေ့ဝါးတစ်ပြန်လောက်တောင် သဲကွဲအောင်မမြင်ရတော့ပါဘူး။ ဒါပေမယ့် ခုအချိန်မှာ အအေး ၁၂ ဒီဂရီ-စီလောက်၊ မိုးလင်းပိုင်းဆို ၉ ဒီဂရီ-စီလောက်ပဲ ရှိဦးမှာပါ။ သွားလို့ ကောင်းတဲ့အချိန်ပါပဲ။ ခုတော့ တောင် အတက် ၁၀ မိုင် ၃ဖာလုံ စခန်းအထိ ကားနဲ့တက်နိုင်ပါတယ်။

တောင်ပေါ်မှာလေက လတ်ဆတ်တယ်။ တစ်တောင်လုံး ထင်းရှူးနံ့ သင်းပျံ့လို့နေတယ်။ တကယ့်ကို သဘာဝပတ်ဝန်းကျင် မပျက်စီးသေးတဲ့ဒေသပါလားလို့ ဒီအတိုင်း ဆက်လက်ထိန်းသိမ်းထားစေချင်တဲ့ဆန္ဒ ရင်ထဲမှာ ဖြစ်ပေါ်မိပါတယ်။ ကန်ပက်လက်မြို့ရဲ့ အဓိကမိန်းလမ်းဟာ ကတ္တရာလမ်းကျဉ်းဖြစ်ပြီး ကားနှစ်စီးကတ်ကတ်သတ်သတ် ရှောင်သာရုံပါပဲ။ လမ်းချဲ့ဖို့ ကျောက်တွေပုံထားတာတော့ တွေ့ရရဲ့။ အိမ်ကလေးတွေက လမ်းဘေးဘယ်ညာချောက်ကမ်းပါးနှုတ်ခမ်းမှာ မေးတင်ပြီး ဆောက်ထားကြတာများပါတယ်။ ရေတော့ခက်မယ့်ပုံပါပဲ။ စိမ့်စမ်းရေကို သွယ်သုံးကြတာများပါလိမ့်မယ်။ မြေပြန့်တဲ့ ကျယ်ကျယ်ဝန်းဝန်း နေရာရယ်လို့ မရှိသလောက်ပါပဲ။ ကားလမ်းအတိုင်း ဆက်တက်သွားရင် 'ဆမ်းဆာ'တောင်ထိပ်မှာ မင်းတပ်လမ်းခွဲရှိပါတယ်။ နှင်းမြူကင်းစင်ရင် ဆမ်းဆာတောင်ထိပ်ကနေ မင်းတပ်ကို လှမ်းမြင်နိုင်ပေမယ့် ခရီးကတော့ မနီးလှပါဘူး။

ကန်ပက်လက်မြို့လေးမှာ မြေပြန့်မြို့တွေလို လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေ များများစားစားမရှိလှပါဘူး။ မြန်မာခိုင်းနွားမရှိတဲ့ အရပ်ဒေသဖြစ်လို့ အသားစားနွားဖြစ်တဲ့ 'နွားနောက်' အသားကို စားကြပါတယ်။ ဒေသထွက် 'မငေါက်သီး'ကို ဝိုင်စိမ်ပြီး တောင်ဇလပ်ပန်းနံ့ထည့်ထားတဲ့ ဝိုင်က ချိုပြင်းရှရှနဲ့ အေးတဲ့ရာသီနဲ့တော့ အကိုက်ပါပဲ။ ထေရဝါဒ တောင်တန်းသာသနာပြုကျောင်းတော်ကြီးနဲ့ ချင်းကိုရင်လေးတွေကို မြင်တွေ့ရတာကလည်း အားရစရာပါ။ ဘက်ပတစ်နဲ့ ကက်သလစ်ခရစ်ယာန်ဘုရားကျောင်းများလည်း ရှိကြလို့ ခုလို ဒီဇင်ဘာလ ခရစ္စမတ်အခါသမယမှာ ဓမ္မတေးသံများနဲ့ ပျော်ရွှင်စရာကောင်းလှတဲ့ အချိန်အခါပါ။ ဒီမြို့လေးမှာ နာမည်ကြီးစာရေးဆရာတွေကို ဖိတ်ကြားပြီး စာပေဟောပြောပွဲ နှစ်စဉ်ကျင်းပပေးနိုင်တာကလည်း အထင်ကြီးစရာ ဂုဏ်ဒြပ်တစ်ခုပါပဲ။

မြန်မာပြည်ကလူတွေတောင်မှ လူတိုင်းရောက်မလာနိုင်တဲ့ ဒီလိုနေရာကို နိုင်ငံခြားသားတွေ၊ ပညာရှင်တွေ ရောက်အောင်လာပြီး လေ့လာကြ၊ တောင်တက်ကြနဲ့ မနည်းလှတာကို တွေ့ရပါတယ်။ တိုးချဲ့လက်စ ဟိုတယ် (ဘန်ဂလိုလေးတွေနဲ့) တချို့ကိုလည်း တွေ့မြင်ရပါတယ်။ ဘန်ဂလိုနဲ့ ပရိဘောဂတွေကို ဒေသထွက် ထင်းရှူးပင်တွေကို အသုံးပြုထားတာ တွက်ခြေကိုက်ဖို့ဖြစ်ပေမယ့် ဒီလိုမတ်စောက်တဲ့တောင်ပေါ်မှာ မြေထိန်းပေးတဲ့ သဘာဝထင်းရှူးပင်တွေ နည်းပါးလာရင် မိုးရာသီမြေပြို (Land Slide) ဖြစ်မယ့်အန္တရာယ် နီးစပ်လာမှာကို စိုးရိမ်စိတ်ဝင်မိပါရဲ့. . . ။

မြင့်မားလှတဲ့ တောင်စဉ်တောင်တန်း အထပ်ထပ်နဲ့ စိမ်းလန်းနေတဲ့ တောင်ကြောကြီးတွေ၊ တိမ်တွေပေါ်ကို ထိုးထွက်နေတဲ့ တောင်ထွတ်တွေကို ကြည့်ရင်း ဒါ-တို့ပြည်-ဒါ-တို့မြေ-တို့ပိုင်နက်မြေ-တို့ ဘိုးဘွားတွေထားရစ်ခဲ့လို့ ဒီအမွေအနှစ်မြေပေါ်မှာ နေထိုင်ရှင်သန်ခွင့်ရတာကို ဂုဏ်ယူဝမ်းမြောက်တဲ့ ခံစားမှုတွေ တလှိုက်လှိုက်တက်လာမိပါတယ်။ ဒီမြေပေါ်မှာနေ၊ ဒီရေကိုသောက်၊ ဒီထမင်းကိုစားပြီး ရှင်သန်ခဲ့ရတဲ့ ဒီဘဝအတွက် ဒီနိုင်ငံကျေးဇူးကို နှစ်ပေါင်းများစွာ ကျေးဇူးတုံ့ပြန် ထမ်းရွက်နိုင်ခဲ့တဲ့အတွက်လည်း ဂုဏ်ယူမိရင်း ကိုယ့်တိုင်းပြည်အတွင်းမှာလည်း ဒီလို ရင်သပ်ရှုမောဖွယ်ရာ သဘာဝအလှတွေကို ခံစားနိုင်တဲ့ ပြည်တွင်းခရီးသွားစရာနေရာတွေ ရှိနေပါသေးကြောင်း 'နတ်မတောင်' ခရီးစဉ်ကို ဖိတ်ခေါ်လိုက်ရကြောင်းပါဗျာ။

**မြင့်မားလှတဲ့ တောင်စဉ်တောင်တန်းအထပ်ထပ်နဲ့ စိမ်းလန်းနေတဲ့ တောင်ကြောကြီးတွေ၊ တိမ်တွေပေါ်ကို ထိုးထွက်နေတဲ့ တောင်ထွတ်တွေကို ကြည့်ရင်း ဒါ-တို့ပြည်-ဒါ-တို့မြေ-တို့ပိုင်နက်မြေ-တို့ ဘိုးဘွားတွေထားရစ်ခဲ့လို့ ဒီအမွေအနှစ်မြေပေါ်မှာ နေထိုင်ရှင်သန်ခွင့်ရတာကို ဂုဏ်ယူဝမ်းမြောက်တဲ့ ခံစားမှုတွေ တလှိုက်လှိုက်တက်လာမိပါတယ်။ ဒီမြေပေါ်မှာနေ၊ ဒီရေကိုသောက်၊ ဒီထမင်းကိုစားပြီး ရှင်သန်ခဲ့ရတဲ့ ဒီဘဝအတွက် ဒီနိုင်ငံကျေးဇူးကို နှစ်ပေါင်းများစွာ ကျေးဇူးတုံ့ပြန်ထမ်းရွက်နိုင်ခဲ့တဲ့အတွက်လည်း ဂုဏ်ယူမိရင်း . . .**

# အထည်ပန်းပုံရိုက်ခြင်းနှင့် ဆေးရေးနည်း အခြေခံသင်တန်းဖွင့်

**မြစ်ကြီးနား ဇန်နဝါရီ ၅**

အထည်ပန်းပုံရိုက်ခြင်းနှင့် ဆေးရေးနည်းအခြေခံသင်တန်းကို မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ရာ ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြသိန်း တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုလိုသင်တန်းပို့ချခြင်းကြောင့် အထည်ပန်းပုံရိုက်ဓာတုဆေးနည်းပညာရပ်များနှင့် အထည်အလိပ်လုပ်ငန်းလုပ်ကိုင်သူများ ပိုမိုပေါ်ထွန်းလာစေပြီး ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယစသည့် နိုင်ငံများမှ ဆေးရေးအထည်ဝင်ရောက်မှုများ လျော့ကျစေခြင်း သွင်းကုန်အစားထိုးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည် ဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၅ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❑

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဟသူရဘွဲ့နှင့် သူရဘွဲ့ချီးမြှင့်ခြင်းခံရသည့် အရာရှိ၊ စစ်သည်များနှင့်အမွေခံများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး နံနက်စာဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီဟသူရဘွဲ့နှင့် သူရဘွဲ့များချီးမြှင့်ခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

ရှေးဦးစွာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီဟသူရဘွဲ့နှင့် သူရဘွဲ့များချီးမြှင့်ခြင်းခံရသည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ ဂုဏ်ပြုနံနက်စာအား အတူတကွ သုံးဆောင်ကြသည်။

နံနက်စာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သီဟသူရဘွဲ့နှင့် သူရဘွဲ့များချီးမြှင့်ခြင်းခံရသည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာစကော့မာစီရယ်အား မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ၌ဖြစ်ပွားနေသည့်ဖြစ်စဉ်များနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၌ ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခ များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ဆက်လက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှအမြဲတမ်းအတွင်းဝန်များ၊ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုမ္ပဏီများ၏ Export ရငွေများမှန်ကန်စွာဝင်ရောက်လာခြင်းရှိ၊ မရှိ စိစစ်နိုင်ရန် အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ ကုမ္ပဏီများဆိုင်ရာညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ပြည်ပနှင့်ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ (နိုင်ငံခြား၊ ပြည်တွင်း)စာရင်းများကိုစိစစ်ရေး၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ အကောက်ခွန် ကိုယ်စားလှယ်များအနေဖြင့် ID/EDForm များတွင် အချက်အလက်များပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းခြင်းမပြုပါက လုပ်ငန်းကြန့်ကြာနိုင်ကြောင်း အသိပညာပေးဆောင်ရွက်ရေး၊ ပြည့်စုံမှန်ကန်မှုမရှိပါက ပြည့်စုံမှန်ကန်သည်အထိဆောင်ရွက်စေရေး၊ မော်တော်ကားအရောင်းပြခန်းများ၊ အရောင်းစင်တာများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်များပြေကျေစွာထမ်းဆောင်ခြင်းမရှိပါက Import လိုင်စင် ထုတ်ပေးခြင်းမပြုရေးနှင့် အခွန်ကျေပွန်ခြင်းမရှိသေးသောကုမ္ပဏီများစာရင်းကို ထုတ်ပြန်ကြေညာရေး၊ နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတို့မှ ရယူသောပြည်ပချေးငွေများ၊ အကူအညီရငွေများအဝင်အထွက်များကို စနစ်တကျ စိစစ်ရေးစသည့်ကိစ္စရပ်များအပေါ် အကျယ်တဝင့်ဆွေးနွေးသုံးသပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီးပွားဖြစ်မျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ်နေသည့် ထမင်းမြို့ ဖျာပုံမှ ကြက်ဖမွေးဇောင်းစိုက်ကွင်း

သတင်း - မင်းခန့်စိုး၊
ဓာတ်ပုံ - အောင်ထွန်း

ရန်ကုန် ဇန်နဝါရီ ၅

**ဆောင်းတွင်းနံနက်ခင်း၏ နေရောင်အောက်တွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးက ဝင်းဝါရင့်မှည့်နေသော စပါးခင်းအကြား တရွေ့ရွေ့မောင်းနှင်ရိတ်သိမ်းနေလေပြီ။**

ထိုနေရာသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာအနီး စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲ၏ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်လုပ်ရန်စိုက်ပျိုးနေသော ကြက်ဖမွေးဇောင်းစိုက်ကွင်းတစ်ခုပင်ဖြစ်သည်။



ပေါ်ဆန်းဘေးကျားကြီးစပါးခင်းအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေစဉ်။

ယင်းစိုက်ကွင်းသည် ရေတံခါးခုနစ်ပေါက်ဖြင့် ရေသွင်း၊ရေထုတ်ရန်တည်ဆောက်ထားသော အလျား ၄၆ မိုင်ရှည်လျားသည့် ကျွန်းပတ်တာအတွင်း တည်ရှိပြီး စိုက်ပျိုးနိုင်သော မြေဧရိယာ ၃၄၃၉၁ ဧကရှိရာ ၂၀၁၆ ခုနှစ်တွင် မိုးစပါး ၁၂၄၂ဧက စိုက်ပျိုးခဲ့သည်။

၂၀၁၆ခုနှစ်မှစတင်၍ ဆင်းသွယ်လတ်၊ ပေါ်ဆန်းရင်နှင့် ပေါ်ဆန်းဘေးကျားကြီး စပါးမျိုး ၁၅ ဧကကို စီးပွားဖြစ် မျိုးသန့် မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ စိုက်ကွင်းမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူရဘလှက "ဆင်းသွယ်လတ် (သက်တမ်း၁၃၅ရက်)၊ ပေါ်ဆန်းရင် (သက်တမ်း ၁၄၈ရက်)၊ ပေါ်ဆန်းဘေးကျားကြီး (သက်တမ်း ၁၈၀ရက်)ကို စိုက်ပျိုးပြီးတဲ့အခါ ဆင်းသွယ်လတ်က တစ်ဧက ပျမ်းမျှအထွက်နှုန်းတင်း ၇၀၊ ပေါ်ဆန်းရင်က တစ်ဧက ပျမ်းမျှအထွက်နှုန်း ၅၂ တင်း၊ ပေါ်ဆန်းဘေးကျားကြီးက တစ်ဧကပျမ်းမျှအထွက်နှုန်းတင်း၅၀ ရရှိပါတယ်။ ၂၀၁၇ ခုနှစ်မိုးစပါးရာသီမှာ ဒေသအတွင်းရှိတောင်သူတွေကို စီးပွားဖြစ်မျိုးသန့် မျိုးစေ့ဧက ၅၀၀ ကျော် ဖြန့်ဖြူးပေးနိုင်ပါမယ်။

မျိုးကောင်း မျိုးသန့် စိုက်ပျိုးတဲ့အခါ မျိုးရဲ့ကောင်းမွန်တဲ့ မူလဗီဇ အရည်အသွေးကို ထိန်းထားနိုင်မယ်။ အပင်ပေါက်ကောင်းမွန်ညီညာပြီး ရာသီဥတု၊ ပိုးမွှားရောဂါခံနိုင်ရည်ရှိမယ်။ ရင့်မှည့်မှုညီညာပြီး ရိတ်သိမ်းရာမှာ အလေအလွင့်နည်းပါးမယ်။ သီးနှံအထွက်နှုန်းကို ၁၀-၂၀ရာခိုင်နှုန်းပိုမိုထွက်စေနိုင်ပြီး စပါးစေ့အရွယ်အစား ညီညာ၍ ဆန်အရည်အသွေးနဲ့ အထွက်နှုန်းကောင်းမွန်တာကြောင့် ဈေးကောင်းရရှိနိုင်ပါမယ်"ဟု ပြောသည်။

ကြက်ဖမွေးဇောင်း စိုက်ကွင်း၏ ဧရိယာများသည် ရေနက်ကွင်းဧရိယာများဖြစ်၍ မိုးတွင်းကာလ ဇွန်၊ ဇူလိုင်လများတွင် ကွင်းထဲ၌ ရေအနက် နှစ်ပေ၊ နှစ်ပေခွဲရှိသောကြောင့် မြီးတိုးအုပ်စုများဖြစ်သော ဒေသမျိုးကမာကြည်၊ ကမာနီစသည့် မျိုးများသာ စိုက်ပျိုးနိုင်ပြီး ပြည်သူများအတွက်စားသုံးရန် အဓိက စိုက်ပျိုးထုတ်လုပ်သော နိုင်ငံပိုင် စိုက်ကွင်းတစ်ခုလည်းဖြစ်သည်။

အဆိုပါ စိုက်ကွင်းသည် ဒီရေရောက်ဧရိယာဖြစ်ပြီး မြေနိမ့်ပိုင်းပျောက်တောကြီးဖြစ်၍ တောင်သူများ လုပ်ကိုင်လိုသော ဆန္ဒမရှိခြင်းကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့်စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် ၁၉၇၅-၇၆ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေငန်များမဝင်ရောက်စေရန် ကျွန်းပတ်တာများတည်ဆောက်ပြီး ရေတံခါးများတပ်ဆင်၍ ရေနုတ်မြောင်းများတူးဖော်ကာ စိုက်ပျိုးနိုင်သောမြေများ ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

ဒေသခံတောင်သူများအကျိုးအမြတ်ပိုမိုရရှိစေရေးနှင့် ကုန်ကျစရိတ်နည်းနိုင်သမျှနည်းနိုင်ရေးအတွက် စံပြကွက်များဖြစ်သော System of Rice Indensification(SRI) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ Best Management Practices(BMP)စနစ်ဖြင့် စိုက်ပျိုးခြင်း၊ တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းတို့ကို စိုက်ပျိုးပြသပြီး အလေအလွင့် နည်းပါးအောင် တလင်းပျောက် စနစ်ဖြစ်သော ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ပညာပေးသရုပ်ပြပွဲများလည်း ဆောင်ရွက်ပေးမည်ဟု သိရသည်။



စိုက်ကွင်းမှူး ဦးအောင်သူရဘလှ

ထို့ပြင် ယခင်ကစိုက်ပျိုးဆောင်ရွက်ခြင်းမရှိခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ သက်တမ်းတို နွေစပါး ရက် ၉၀ မျိုးသုံးဧကစိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ရေရရှိပေးသွင်းနိုင်မည်ဆိုပါက သက်တမ်းတို ရက် ၉၀ မျိုးနွေစပါးကိုလည်း စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပြီး လူနေမှုဘဝ မြင့်မားလာမည်ဖြစ်သည်။

# ဘူးသီးတောင်မြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့၏ ဆက်စပ်သတင်းများ ဖော်ထုတ်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှု သင်တန်းပို့ချသူနှင့် သင်တန်းတက်ရောက်ပြီးသူ လေးဦးကို လက်နက်များနှင့်အတူ ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ ယမန်နေ့က ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်အဖွဲ့များနှင့်ဆက်စပ်သည့် သတင်းဆက်များရရှိရေး စစ်ကြောဖော်ထုတ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက ဘူးသီးတောင်မြို့နယ် ဒါးပိုင်ဆရာကျေးရွာ၏ အနောက်ဘက်ရှိ တောင်ကုန်းတစ်ခုတွင် မောင်ကြီးတောင်ကျေးရွာ၊ ဒါးပိုင်ဆရာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသား ၃၀ ခန့်နှင့်အတူ ရက်သတ္တနှစ်ပတ်ကြာ အကြမ်းဖက်တိုက်ခိုက်ရေးသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း၊ ၎င်းတို့အား တစ်ဖက်နိုင်ငံသား နှစ်ဦးက အကြမ်းဖက်တိုက်ခိုက်နည်းများ လေ့ကျင့်သင်ကြားပြသပေးခဲ့ကြောင်း၊ သင်တန်းတွင် သေနတ်ပစ်ခတ်နည်းများနှင့် အခြေခံသိုင်းပညာများကို ချင်းသမားကျေးရွာအုပ်စု ပုလဲတောင်ကျေးရွာနေ မော်လဝီ အဒူရော်ဖောက်နှင့် တစ်ဖက်နိုင်ငံသား နှစ်ဦးက သင်ကြားပြသပေးခဲ့ကြောင်း၊ အလားတူ အကြမ်းဖက်တိုက်ခိုက်နည်း သင်တန်းများကို မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာအနီး တောင်ခြေရှိ လယ်ကွင်းတွင် ရွာသား ၁၅ ဦးခန့်၊ မောင်ကြီးတောင်ကျေးရွာ၏ အနောက်ဘက်တောင်ကြားတွင် ၁၀ ဦးခန့်တို့ဖြင့် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းကလည်းကောင်း၊ ဂေါ်ဒူသာရ အရှေ့ကျေးရွာတွင် ၁၀ ဦးခန့်နှင့် ဒါးပိုင်ဆရာကျေးရွာရှိ ဆူနာလီ၏ ဥယျာဉ်ခြံဝင်း၌ ငါးဦးခန့်တို့ဖြင့် ဇူလိုင်လအတွင်းကလည်းကောင်း၊ ဆင်အိုးပြင်ကျေးရွာရှိ မာမက်ရှား၏ ဥယျာဉ်ခြံဝင်း၌ ငါးဦးခန့်ဖြင့် နိုဝင်ဘာလအတွင်းကလည်းကောင်း အသီးသီး ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရှိရသည်။

သင်တန်းတက်ရောက်နေစဉ်အတွင်း တစ်ဖက်နိုင်ငံသား နှစ်ဦးနှင့် သင်တန်းတက်ရောက်သူ မောင်ကြီးတောင်ကျေးရွာနေ ဆာဒတ်တို့က လုပ်သေနတ်များပြုလုပ်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံသား နှစ်ဦးက သေနတ်ပြုလုပ်ရန် လိုအပ်သည့်အချက်အလက်များ တွက်ချက်ပေးပြီး သင်တန်း အတူတက်ရောက်သူ ဆာဒတ်နှင့် မာမောက်ရော်ရှီးတို့နှစ်ဦးက လိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ဘူးသီးတောင်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ဆန်းသစ်စက်မှုလုပ်ငန်းသို့ သွားရောက်ဝယ်ယူခဲ့ကြောင်းနှင့် ဆာဒတ်၊ ကူမူရူးနှင့် တစ်ဖက်နိုင်ငံသား နှစ်ဦးတို့က လုပ်သေနတ်များကို တပ်ဆင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လအတွင်း မောင်ကြီးတောင်ကျေးရွာသား မာမောက်ရှောနှင့် ဇော်တူလာယူစွပ်တို့နှစ်ဦးသည် တစ်ဖက်နိုင်ငံ ကူတူပါလောင်ဒုက္ခသည်စခန်းမှ နယ်စပ်(စိစစ်ဆဲ)နေရာကို ဖြတ်ကျော်ကာ ကြိမ်ချောင်း-ဂုတ်ပိတောင်ကျော် လမ်းကြောင်းမှတစ်ဆင့် မောင်ကြီးတောင်ကျေးရွာရှိ မာမတ်ကာယာထံသို့ လုပ်သေနတ် ၁၆ လက်ခန့် လာရောက်ပို့ဆောင်ခဲ့ပြီး မောင်ကြီးတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်များအား စုစည်းထားရှိရန်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ခန့်တွင် တစ်ဖက်နိုင်ငံမှတစ်ဆင့် အကြမ်းဖက်သောင်းကျန်းသူ ၁၀၀ ခန့်သည် လက်နက်များ ကိုယ်စီကိုင်ဆောင်ပြီး လာရောက်မည်ဖြစ်ကြောင်း၊ ၎င်းအဖွဲ့များ ဝင်ရောက်လာပါက စား၊ ဝတ်၊ နေ၊ ရေးအတွက် မာမတ်ကာယာ၊ မာမတ်ရှားနှင့် လာလူးတို့က တာဝန်ယူပေးရမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်ရှိတပ်၊ စခန်းများကို လက်နက်ကိုင်ဆောင်ပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားကာ တစ်ဖက်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ ၎င်းတို့အဖွဲ့အား ငွေကြေးထောက်ပံ့နေသူမှာ မောင်ကြီးတောင်ကျေးရွာ တာဝန်ခံ မာမတ်ရှားဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ချက်များအရ မောင်ကြီးတောင်ကျေးရွာ တာဝန်ခံ မာမတ်ရှားကို ဖမ်းဆီးထိန်းသိမ်းစစ်ကြောလျက်ရှိပြီး ဆက်စပ်တရားခံများဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်ရေးသင်တန်း တက်ရောက်ပြီးသူနှစ်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်ရေး သင်တန်းပို့ချသူနှင့် သင်တန်းတက်ရောက်ပြီးသူများအား ဇန်နဝါရီ ၄ ရက်က ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ကြောမေးမြန်းချက်များအရ မောင်ကြီးတောင်ကျေးရွာအုပ်စု မြစ်နားကျေးရွာ၌လည်း လက်နက်ကိုင်အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူများ ခိုအောင်းနေကြောင်း ဖော်ထုတ်သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းက မြစ်နားကျေးရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်အား သွားရောက်ရှင်းလင်းစဉ် ယနေ့ ညနေ ၅ နာရီခန့်တွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်ရေးသင်တန်း တက်ရောက်ပြီးသူ မြစ်နားကျေးရွာနေ အီဘရာဟိန်း(ဘ) အီဒီရက်စ်နှင့် မာမတ်ရှား(ဘ) အီဘရာဟိန်းတို့ နှစ်ဦးအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူများအား ဘူးသီးတောင်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ စနစ်တကျ လွှဲပြောင်းအပ်နှံ၍ ဆက်စပ်သတင်းများ ထပ်မံရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် အမေရိကန်ဒေါ်လာ တစ်သန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျထံ ပေးအပ်စဉ်။**

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

# ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား သိမ်ဖြူလမ်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း စာအုပ်များရောင်းချမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်စာအုပ်များ ဈေးလမ်း- Yangon Books Street အမည်ဖြင့် ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား သိမ်ဖြူလမ်းတွင် ဇန်နဝါရီ ၇ ရက်မှ စတင်၍ စနေ၊ တနင်္ဂနွေနေ့တိုင်း စာအုပ်အရောင်းပွဲတော်များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ သိရသည်။

ရန်ကုန်စာအုပ်လမ်း (Yangon Books Street) အစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဦးဆောင်မှုဖြင့် ပြုလုပ်ရောင်းချခြင်းဖြစ်သည်။

ခူဝံစာပေထုတ်လုပ်ရေးမှ ဦးဝင်းချို က "ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးပြီး ကျွန်တော်တို့နဲ့အတူတူ စာတမ်းဖတ်ပွဲတွေ ရာသီအလိုက် ဈေးရောင်းပွဲတွေ လုပ်လာတယ်။ အခုဆိုလည်း Yangon Books Street (ရန်ကုန်စာအုပ်လမ်း) ဆိုပြီး လုပ်ပေးတယ်။ ကျွန်တော်လည်း ခူဝံစာပေတိုက်အနေနဲ့ ရောင်းချမှာပါ။ ကျွန်တော်တို့ တော်တော်လေး ဝမ်းသာပါတယ်။ နောင်ဆို ဒီနေရာက ခရီးသွားတွေကို ဆွဲဆောင်တဲ့ နေရာတစ်ခုတောင် ဖြစ်လာနိုင်တယ်။ စာအုပ်စုဆောင်းသူ ဝါသနာအိုးတွေ၊ စာကြည့်တိုက်အတွက် လိုအပ်တဲ့ သူတွေအတွက် အားကိုးရာဖြစ်လာနိုင်တယ်။ စာဖတ်စွမ်းရည်ကျလာတယ်။ စာဖတ်သူတွေ ကျလာတယ်လို့ တော်တော်များများက ပြောတယ်။ ဒါဟာမဟုတ်ပါဘူး။ ကျွန်တော်တို့ စာအုပ်ဈေးပွဲတော်တွေ လုပ်ရင် တော်တော်များများ ရောင်းရပါတယ်။ ဝယ်လိုအား ရှိပါတယ်။ ကျွန်တော်တို့မှာ စာဖတ်ပရိသတ်ရှိတယ်။ ရောင်းမယ့်သူမရှိဘူးဖြစ်နေတာ"ဟု စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် စာအုပ်များ ရောင်းချမည့်အကြောင်းအရာနှင့် ပတ်သက်၍ ပြောသည်။

ဇန်နဝါရီ ၇ ရက်တွင် Yangon Books Street (ရန်ကုန် စာအုပ်လမ်း) ၌ ရောင်းချမည့် စာအုပ်ဆိုင် အရေအတွက် ၉၀ ခန့်ရှိနေပြီဖြစ်ကြောင်း သိရပြီး ဗဟုသုတစာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ကလေးစာပေများ၊ စာအုပ်အဟောင်းများ၊ ကဗျာစာအုပ်များ၊ အက်ဆေး(ခေါ်) ရသစာတမ်း၊ ဘာသာပြန်စာအုပ်များ၊ ပြဇာတ်စာပေများ၊ သရော်စာ စာအုပ်များနှင့် အပျော်ဖတ်စာအုပ်များအထိ အမျိုးအစားစုံလင်စွာ ရောင်းချသွား မည်ဖြစ်သည်။

ဦးဝင်းချိုက "ဘာကောင်းသွားသလဲဆိုတော့ စာအုပ်အဟောင်းရော၊ အသစ်ရော တစ်နေရာတည်းမှာ စုံစုံလင်လင် ရနိုင်မယ်။ စာအုပ်စုဆောင်းသူတွေ၊ စာကြည့်တိုက်အတွက် စာအုပ်ဖြည့်ဆည်းမယ့်သူတွေ၊ နောက်နယ်က စာအုပ်ဆိုင်ပိုင်ရှင်တွေအတွက် တစ်နေရာတည်းမှာ စုစုစည်းစည်းရနိုင်တာပေါ့။ ဒါကလည်း ရေရှည်မှာ အောင်မြင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

စာအုပ်ရောင်းချရာတွင် တစ်ရက်လျှင် မြေနေရာ၊ စည်ပင်သာယာအခွန်နှင့် သန့်ရှင်းရေးအခွန်တို့အတွက် ဆိုင်ခန်းတစ်ခန်းလျှင် ကျပ် ၆၀၀၀ နှုန်း ပေးဆောင်ရမည်ဖြစ်သည်။

ဆိုင်ခန်းတစ်ခန်းလျှင် သတ်မှတ်ထားသည့်နှုန်းထားနှင့်ပတ်သက်၍ "ရန်ကုန်တိုင်းဒေသကြီးအစိုးရက လမ်းဘေးဈေးသည်တွေကို နေရာတကျ စီမံခန့်ခွဲနေတယ်။ မြို့သူမြို့သားတွေလည်း ဝမ်းသာနေကြပါတယ်။ဒါကလည်း စည်ပင်စရိတ်အတွက် ပေးရတာပါ။ တကယ်ကို စာအုပ်တန်းကြီးက စည်ကားလာပြီဆို စာအုပ်အဟောင်း ရောင်းသူတွေရဲ့ နှစ်ရက်လုပ်ခက တစ်ပတ်လုပ်ခထက်တောင် ပိုသာနေပါလိမ့်မယ်" ဟု ဦးဝင်းချိုက ရှင်းပြသည်။

Yangon Books Street တွင် စာအုပ်ရောင်းချချိန်ကို စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ ရောင်းချခွင့်သတ်မှတ်ပေးထားပြီး ရောင်းချမည့် မြေနေရာအတွက် မျက်နှာစာအကျယ် အလျားရှစ်ပေနှင့် အနံခြောက်ပေ သတ်မှတ်ပေးထားကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**

■

# မောင်တောမြို့နယ် ဆင်သေပြင်ကျေးရွာတွင် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့နယ် ဆင်သေပြင်ကျေးရွာတွင် လူနေထိုင်ခြင်းမရှိသော နေအိမ်တစ်လုံး ဇန်နဝါရီ ၄ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငါးခူရရဲစခန်းအပိုင် လောင်းဒုံကျေးရွာအုပ်စု ဆင်သေပြင်ကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် ပျဉ်ခင်း၊ ဝါးထရံကာ၊ သက်ငယ်မိုး နှစ်ထပ်အိမ်တစ်လုံး ယမန်နေ့ ည ၉ နာရီ ၁၅ မိနစ်က မီးစတင်လောင်ကျွမ်းသဖြင့် ဆင်သေပြင်ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အဆိုပါ မီးလောင်ကျွမ်းမှုနှင့်စပ်လျဉ်း၍ အမှုမှန်ပေါ်ပေါက်ရေး၊ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပန်းချီဝါသနာအိုးများအဖွဲ့ ဒုတိယအကြိမ် ပန်းချီပြပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၅**
မြန်မာနိုင်ငံအရပ်ရပ်တွင် ပန်းချီဝါသနာရှင် အများအပြားရှိရာ ၎င်းတို့ကို မြေတောင်မြှောက်ပံ့ပိုးလိုသည့်အတွက် ပန်းချီဝါသနာအိုးများအဖွဲ့ Art Hobbyists Community ကို ၂၀၁၂ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ အသင်းဝင်ဦးရေ ၇၅၀၀ ရှိပြီး အသင်းဝင်ရန် ထပ်မံကမ်းလှမ်းထားသူများလည်း ရှိသည်။

အသင်း၏ လှုပ်ရှားမှုအနေဖြင့် ပန်းချီပြိုင်ပွဲများ ပြုလုပ်ပေးခဲ့ပြီး ပထမအကြိမ် ပန်းချီပြပွဲကို ပန်းချီပညာရှင်နှင့် ဝါသနာရှင် ၄၂ ဦး၏ ပန်းချီကား ၁၂၀ ဖြင့် ပြသခဲ့သည်။

ယခုဒုတိယအကြိမ် Second Arrow ပန်းချီပြပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ပထမအကြိမ် ပြသခဲ့သည့် Ayeyarwaddy Art Gallery ပန်းချီခန်းမ၌ပင် ထပ်မံပြသခဲ့ရာ ပန်းချီနှစ်သက်မြတ်နိုးသူ အများအပြား လာရောက်ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင် ပန်းချီပညာရှင်နှင့် ဝါသနာရှင် ၅၃ ဦးတို့၏ ပန်းချီကား ၁၃၃ ကား ပါဝင်ပြသထားပြီး ပြပွဲကို ဇန်နဝါရီ ၈ ရက်အထိ နေ့စဉ် နံနက်၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသသွားမည်ဖြစ်သည်။**(ယာပုံ)**

**(ကြေးမုံ)**

# မြန်မာ-ဂျပန် လူငယ်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Junior Golf Myanmar(JGM) တို့ ကြီးမှူးကျင်းပသော Myanmar & Japan Youth Exchange Friendly Match ၂၀၁၇ လူငယ်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ Junior Golf Myanmar(JGM)၊ ပန်းလှိုင်ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ နိုင်ငံကိုယ်စားပြု လူငယ်ဂေါက်သီးအားကစားသမားများ၊ ၎င်းတို့၏မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



၎င်းပြိုင်ပွဲအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံ အလံလွှင့်ထူနိုင်ရေး၊ ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေးနှင့် လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးတို့အတွက် ရည်မှန်းကာ အိမ်ရှင်နိုင်ငံအဖြစ် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုလူငယ် ၁၂ ဦးနှင့် ဂျပန်နိုင်ငံကိုယ်စားပြုလူငယ် ၁၂ ဦး စုစုပေါင်း ၂၄ ဦးတို့ဖြင့် Single Match Play, Foursome Match Play, Fourball Match Play ပြိုင်ပွဲအမျိုးအစားများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး Single Match Play ပြိုင်ပွဲအတွက် ဆုပေးပွဲအစီအစဉ်ကို ဇန်နဝါရီ ၃ ရက် ညနေပိုင်းတွင် ပြိုင်ပွဲကျင်းပရာ ဂေါက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

ဝဝ

# ငွေကြေးချို့တဲ့သူကလေးငယ်များအတွက် ဧရာဝတီဖောင်ဒေးရှင်းက ငွေပဒေသာပင်စိုက်ထူ

**နေပြည်တော် ဇန်နဝါရီ ၅**
မြန်မာတစ်နိုင်ငံလုံးရှိငွေကြေးချို့တဲ့သူ ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ထောက်ပံ့ကူညီနိုင်ရန် ဧရာဝတီဖောင်ဒေးရှင်း၏ Novotel Yangon Max ဟိုတယ်၌ ဒီဇင်ဘာ ၃၁ ရက် ညက ပြုလုပ်ခဲ့သော နှစ်သစ်ကူးညစာစားပွဲတွင် ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မိသားစုတို့က ငွေပဒေသာပင် ကျပ်သိန်းတစ်သောင်းတိတိ စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီဖောင်ဒေးရှင်းနှင့်အတူ နှစ်သစ်ကူးညစာစားပွဲသို့ တက်ရောက်လာကြသည့် မိတ်ဆွေသင်္ဂဟများ၊ AYA Financial Group နှင့် Max Myanmar Group တို့မှ ဝန်ထမ်းမိသားစုများက ရန်ကင်းကလေးဆေးရုံကြီးရှိ နွမ်းပါးလူနာများအတွက် နေ့စဉ်အာဟာရဒါနလှူဒါန်းမှု တစ်နှစ်စာ အလှူငွေကျပ် ၁၈၂၅ သိန်းနှင့်အတူ မွေးရာပါနှလုံးဝေဒနာရှင်များအတွက်လည်း အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် နေ့စဉ်အာဟာရအတွက် တစ်နှစ်တာ အလှူငွေကို စဉ်ဆက်မပြတ်ရရှိစေရန် ကြိုတင်စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး နှစ်စဉ်ကြိုတင်လှူဒါန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာ(မိုင်ရာ)**



# ပညာရေးစုံညီပွဲတော် ပခုက္ကူမြို့နယ်၌ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၅**
ပခုက္ကူမြို့နယ်ပညာရေးမိသားစုများ၏ ပညာရေးစုံညီပွဲတော်ကို ယနေ့ နံနက် ၈နာရီက ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလက-၃ ပခုက္ကူကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော်သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပေးကြပြီး ပခုက္ကူခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ်အခြေခံပညာကျောင်းများမှ ထူးချွန်ဆရာဆုရရှိခဲ့သည့် ဆရာ ဆရာမသုံးဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုက ဂုဏ်ပြုဆုများချီးမြှင့်သည်။ ဆက်လက်၍ ပခုက္ကူမြို့နယ် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဉာဏဆုရရှိသူများနှင့် မကွေးတိုင်းဒေသကြီး ၂၅မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်း၊ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ ခရိုင်ပညာရေးမှူး ဒေါ်အေးကြိုင်နှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ Save the Children၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အထက(၂)ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး တက်ရောက်လာသောဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပညာရေးမိသားစုပြခန်းများ၊ ပြန်ကြားရေးပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်း၊ Save the Children ပြခန်းများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

# ခရိုင်အုပ်ချုပ်ရေးမှူး တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မိုးမိတ် ဇန်နဝါရီ ၅**
မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် လူငယ်လူရွယ်များ လမ်းမှားသို့ မရောက်ရှိစေဘဲ အားကစားကိုစိတ်ပါစေရန်နှင့် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်တွင် ခရိုင်အုပ်ချုပ်ရေးမှူး တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှစတင်ကာ အသင်း ၁၂ သင်းဖြင့် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ထက်နောင်ရိုးအသင်းနှင့် MM.2 အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲချိန်အတွင်း တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့ပြီး ပင်နယ်တီကန်သွင်းရာ MM.2 အသင်းက ၆ ဂိုး- ၅ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ပြီး ဆုပေးပွဲကိုကျင်းပခဲ့ရာ အသန့်ရှင်းဆုံးဆုကို ငါးအိုးလက်ရွေးစင်အသင်းကလည်းကောင်း၊ တတိယဆုကို မိုးမိတ်တပ်နယ်အသင်းကလည်းကောင်း၊ ဒုတိယဆုကို ထက်နောင်ရိုးအသင်းကလည်းကောင်း၊ ပထမတံခွန်စိုက်ဖလားကို MM.2 အသင်းကလည်းကောင်း ဆွတ်ခူးရရှိသွားရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် ဘောလုံးပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**စည်သူဌေး(မိုးမိတ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၃၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင် ပါရှိသော **ဥက္ကံ သစ်တောကြိုးဝိုင်းတွင် တစ်နှစ်သားခန့်ရှိ ဆင်သေအရိုးစုတွေ့ရှိ** သတင်းတွင် "တိုက်ကြီး မြို့နယ်တွင် တောဆင်ရိုင်းသေဆုံးမှု ၁၀ ကောင်ရှိပြီး ကျွဲဘုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်သော"ဟု မှားယွင်းဖော်ပြခဲ့ပါသဖြင့် "ချောင်းဆောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး"ဟု ပြင်ဆင်သိမှတ်ပေးပါရန်။

**ထွန်းလှိုင်(မြိုင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်(ရွှေဈေး) ၈၅၀၀၀၀ - ၈၅၀၀၀၀၊ မန္တလေး(ရွှေဈေး) ၈၅၀၀၀၀ - ၈၅၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၆၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်

**၂၇-၁၂-၂၀၁၆ ရက်နေ့မှ ၃၀-၁၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၀၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၈၀ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၅. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၅. ၃၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၇. ၈၇၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁. ၈၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၁. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၅၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၇. ၉၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၂. ၇၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းအပိုင်း ကတ္တရာခင်း၊ လမ်းတိုးချဲ့



**နေပြည်တော် ဇန်နဝါရီ ၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ရွှေသံလွင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး-ကျိုက်ထို- သထုံ- မော်လမြိုင်လမ်း အပိုင်း ကတ္တရာခင်းခြင်း၊ လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်မှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆောင်တွင် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (ပဲခူး-ညောင်လေးပင်လမ်းပိုင်း)နှင့် ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်လမ်း အပိုင်းတို့အား လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများဆောင်ရွက်မှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (ပဲခူး-ညောင်လေးပင်လမ်းအပိုင်း)နှင့် ဘုရားကြီး - ကျိုက်ထို - သထုံ - မော်လမြိုင်လမ်းတို့အား မတ်လအပြီး ၄၈ ပေအကျယ် ကတ္တရာလမ်းခင်းရန် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒိုက်ဦး-စစ်တောင်းလမ်း အခြေအနေနှင့် မိုင်တိုင်အမှတ်(၂/၂ နှင့် ၂/၃)အကြား အရှည် ပေ ၇၀ ဝဇီချောင်းတံတား တည်ဆောက်မှု အခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၂၀/၄) တွင် ဖူးတစ်ရာ တံတား တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဟိုက်စတားကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (ညောင်လေးပင်-ဇေယျဝတီလမ်းပိုင်း) ၄၈ ပေအကျယ် ကတ္တရာလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တံတားအမှတ် (၃/၁၂၂) တံတားဟောင်းနေရာတွင် လေးလမ်းသွား တံတားသစ်တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသည့် လေးလမ်းသွားတံတားသစ်သည် ရန်ကုန်-မန္တလေး-မူဆယ် ခရီးသွားသည့် ကုန်တင်ကားကြီးများနှင့် ခရီးသည်တင်ကားများအတွက် သာမဟုတ်ဘဲ ပဲနွယ်ကုန်းမြို့ရှိ ရဟန်း၊ ရှင်၊ လူ ပြည်သူများ သွားလာနိုင်ရန် မေလအပြီး စံချိန် စံညွှန်း၊ အရည်အသွေး ပြည့်မီရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘောဇကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော (ဇေယျဝတီ-ရေတာရှည်လမ်းပိုင်း) အား စက်ယန္တရားများဖြင့် ၄၈ ပေ အကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများသွားလာရေး အဆင်ပြေစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်၄၈ ပေ အကျယ် ကတ္တရာခင်းခြင်း လုပ်ငန်းများ မတ်လအပြီးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သီပေါမြို့နယ် ကွံ့ကော်လမ်း ကတ္တရာထပ်ပိုးလွှာခင်း

**သီပေါ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွင်း ဆောင်ရွက်သည့် ငွေလုံးငွေရင်းများအနက် ကွံ့ကော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးနေသည်ကို ဇန်နဝါရီ ၂ ရက်က တွေ့ရသည်။

သီပေါမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် စည်းကြပ်ခွန်အမျိုးအစားမှ ကောက်ခံရရှိသည့် အခွန်ငွေများထဲမှ ဘဏ္ဍာနှစ်အလိုက် မြို့ပြသန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်းတံတားများဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ရန်ပုံငွေများခွဲဝေပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန တာဝန်ခံ အင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းက ပြောပြသည်။

ယခုခင်းကျင်းပြီးစီးသော ကွံ့ကော်လမ်းမှာ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေနှင့် ဒုသုံးလက်မစီရှိ ကတ္တရာထပ်ပိုးလွှာဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်ဆွေးနွေး

**သီပေါ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စာရေးဆရာအသင်း၊ မြို့နယ်ပရဟိတအဖွဲ့များတွေ့ဆုံ၍ စာပေဟောပြောပွဲများကျင်းပရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက သီပေါမြို့ မြို့လယ်ရပ်ရှိ လွှတ်တော်ကိုယ်စားလှယ်ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ပရဟိတအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူများ စာပေဗဟုသုတတိုးပွားစေမည့် စာပေဟောပြောပွဲစီစဉ်ကျင်းပမည့်လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ပရဟိတအဖွဲ့များက တင်ပြကြရာ တက်ရောက်လာသူများက ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်က ပါဝင်ဆွေးနွေးအကြံပြုပြီး ပြည်သူလူထုအကျိုးရှိစေနိုင်မည့် အခြားသောလုပ်ငန်းများကိုပါ လွှတ်တော်ကိုယ်စားလှယ်များနှင့် စာရေးဆရာအသင်း၊ ပရဟိတအဖွဲ့များ ပူးပေါင်း၍ လက်တွဲဆောင်ရွက်သွားရန် အတည်ပြုခဲ့ကြသည်။

**(သီပေါကိုလတ်)**

# ၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပ

**မုံရွာ ဇန်နဝါရီ ၅**

၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို မုံရွာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၇ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ဆိုင်းဘုတ်အား တိုင်းဒေသကြီးအတွင်းရှိ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော ပညာရေးဆိုင်ရာ ပြခန်းများ၊ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာ၊ ပန်းဖွား၊ မြန်မာ့ရိုးရာ သရုပ်ပြခြင်းများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ကျောင်းခန်းမ၌ ပညာရေးထူးချွန်ဆုပေးပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်အတွင်း ကျင်းပခဲ့သော အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရ ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များအား ပေးအပ်ရာ ထူးချွန်ဆုရ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။

**မင်းဝေ(မုံရွာ)**

# ကျောင်းသူတစ်ဦး အစမ်းဘွဲ့ယူရန် လှည်းယဉ်ကြော့ဖြင့် လာရောက်မှုအပေါ် စိတ်ဝင်စားမှုများပြား




**မုံရွာ ဇန်နဝါရီ ၅**

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းနှင့်အတူ မြန်မာ့တောင်သူလယ်သမားတို့၏ ဂုဏ်ကို မြှင့်တင်လိုသောဆန္ဒပြင်းပြချက်ဖြင့် မုံရွာတက္ကသိုလ်တွင် (၁၇) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အတွက် အစမ်းလေ့ကျင့်သော ဇန်နဝါရီ ၅ ရက် နံနက်က ရုက္ခဗေဒအထူးပြုဘွဲ့ယူမည့် ကျောင်းသူတစ်ဦးသည် ခြောက်စထောင်ပတ္တမြားလှည်းယဉ်ကြော့စီးကာ လာရောက်ခဲ့သည်ကို တွေ့ရသည်။

ခြောက်စထောင် ပတ္တမြားလှည်းယဉ်ကြော့ကိုဘွဲ့ယူမည့်ကျောင်းသူကစီးပြီး မိဘနှစ်ပါးက အမိုးတပ်လှည်းယဉ်တစ်စီးဖြင့် မြန်မာ့ရိုးရာဓလေ့စရိုက်အတိုင်း ဝတ်စားဆင်ယင်ထုံမွမ်းကာ လာရောက်ကြခြင်းဖြစ်ရာ လာရောက်မှုများသော မော်တော်ကားများစွာတို့၏အလယ် ထူးခြားပြီး အမြင်တင့်တယ်လှပကာ ကျက်သရေရှိသောကြောင့် ကျောင်းသား၊ ကျောင်းသူအများစုနှင့် ဆရာ၊ ဆရာမများအနေဖြင့် များစွာအားရကျေနပ်ဖြစ်နေကြသည်ကို တွေ့ရသည်။

"ကျုပ်တို့က တောသူ တောင်သား တောင်သူလယ်သမားတွေပါ။ အခုလို တောသူ တောင်သား တောင်သူလယ်သမားလောကထဲက ထွန်းကားသွားတာဆိုတော့ မြန်မာဆန်ဆန်တောသူ တောင်သားပီပီ လှည်းယဉ်ကြော့နဲ့ ဘွဲ့ယူဖို့ စီစဉ်တာပါ။ မြန်မာဆန်ဆန် လှည်းယဉ်ကြော့နဲ့ ဘွဲ့ယူတာကို ခွင့်ပြုပေးဖို့ ခွင့်တင်ခဲ့တာ ဝင်ခွင့်ပြုတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဘာရည်ရွယ်သလဲဆိုတော့ တောင်သူလယ်သမားသားသမီးထဲက ဒီလိုထွန်းပေါက်သွားတာကို ကျန်တဲ့တောင်သူလယ်သမား သားသမီးမျိုးဆက်သစ်တွေကို အားပေးချင်တာကတစ်ကြောင်း၊ တောင်သူလယ်သမားသားသမီး လှည်းယဉ်ကြော့နဲ့ယူရတာ ပိုအဓိပ္ပာယ်ရှိပြီး လေးနက်မယ်ထင်တဲ့အတွက် စီစဉ်ဖြစ်တာပါ" ဟု ဘွဲ့ယူကျောင်းသူ၏ဖခင် ဦးကျော်ဝင်းက ပြောပြသည်။

မြန်မာဆန်ဆန် ဘွဲ့တက်ယူသည့် ရုက္ခဗေဒအထူးပြုကျောင်းသူ မအိမွန်ကျော်သည် မုံရွာမြို့နယ် အောင်သာကျေးရွာနေ တောင်သူလယ်လုပ်သူ ဦးကျော်ဝင်း-ဒေါ်ကြူတို့၏ တစ်ဦးတည်းသောသမီးဖြစ်ပြီး အတန်းတိုင်း ပထမနှင့် ဒုတိယသာရရှိသည့် ထူးချွန်သောကျောင်းသူအဖြစ်ရပ်တည်ခဲ့သလို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် တက္ကသိုလ်အဆင့်ဆောင်းပါးပြိုင်ပွဲတွင်လည်း ပထမရရှိခဲ့သူလည်းဖြစ်သည်။

ယခုအခါတွင်လည်း မုံရွာတက္ကသိုလ်တွင် ဂုဏ်ထူးတန်းတွင်ပါဝင်ကာ မဟာတန်းတက်ရောက်ခွင့် ရရှိပြီဖြစ်သည့်အတွက် မိဘကဂုဏ်ပြုသည့်အနေဖြင့် မြန်မာ့ရိုးရာ လှည်းယဉ်ကြော့ကိုအသုံးပြုကာ ဘွဲ့ယူခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မအိမွန်ကျော်၏မိဘနှစ်ပါးက ပြောပြသည်။

မုံရွာတက္ကသိုလ်တွင် နှစ်စဉ်ဘွဲ့နှင်းသဘင်ကို ကျင်းပလာသည်မှာ (၁၇) ကြိမ်သို့ရောက်ရှိလာပြီဖြစ်သော်လည်း ယခုကဲ့သို့ မြန်မာ့ရိုးရာလှည်းယဉ်ကြော့ဖြင့် ဘွဲ့ယူသည်မျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးကြောင်း မုံရွာတက္ကသိုလ် ကျောင်းဆရာတစ်ဦးထံမှ သိရသည်။ တက္ကသိုလ်အတွင်း ဝင်ရောက်လာသော လှည်းယဉ်ကြော့နှစ်စီးအလှကို စိတ်ဝင်တစားဖြင့် လှည်းနှင့်တွဲကာ ဓာတ်ပုံရိုက်သော ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ကထိကများ အများအပြားရှိခဲ့သည်ကိုလည်း တွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## iHeartRadio တေးဂီတဆုပေးပွဲ ဆန်ခါတင်စာရင်းကို ဦးဆောင်နေတဲ့ ဒရိတ်ခ်နဲ့ ချိန်းစမုတ်ခ်ကာစ်

ယခုနှစ်အတွက် ကျင်းပပြုလုပ်သွားမယ့် တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ iHeart Radio ဆုပေးပွဲအတွက် ဆုလျာထားခြင်းခံရတဲ့ ဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ရာမှာတော့ ရက်ပ်အဆိုတော် ဒရိတ်ခ်နဲ့ အဖွဲ့ဝင်နှစ်ဦးပါဝင်တဲ့ ချိန်းစမုတ်ခ်ကာစ်တေးဂီတအဖွဲ့တို့က ဆုအရေအတွက် အများဆုံး အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရကာ ထိပ်ဆုံးကနေ ဦးဆောင်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဆန်ခါတင်စာရင်းမှာ ဒရိတ်ခ်က ဆုပေါင်း ၁၂ ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရပြီး ချိန်းစမုတ်ခ်ကာစ်ကတော့ ဒရိတ်ခ်ထက် ဆုတစ်ဆုလျော့ကာ ဆုပေါင်း ၁၁ ဆုအတွက် လျာထားခံထားရတာဖြစ်ပါတယ်။

ဒရိတ်ခ်က ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသားတေးသံရှင်ဆုအတွက်လည်း လျာထားခြင်းခံထားရပြီး အဆိုပါဆုအတွက် ဆန်ခါတင်စာရင်းမှာပါဝင်နေတဲ့ အခြားသော တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ လုခ်ဘရိုင်ယန်၊ စွမ်းမန်းဒီစ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ပဲ ဖြစ်ပါတယ်။ ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသမီးတေးသံရှင်အဖြစ် အဒဲလ်၊ အရီရန်နာဂရန်ဒီ၊ ရီဟားနား၊ ဆယ်လီနာဂိုမက်ဇ်နဲ့ စိုင်ရာဖာလာတို့ အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရပါတယ်။ ယခုနှစ်ဆုပေးပွဲမှာ ဆုရရှိကြတဲ့ တေးသံရှင်တွေရဲ့ အမည်စာရင်းကိုတော့ လာမယ့် မတ်လ ၅ ရက်မှာ ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ပြီး အဆိုပါ ဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေဖို့ လတ်တလောအချိန်အထိ အတည်ပြုပြောကြားထားပြီးဖြစ်တဲ့ တေးသံရှင်ကတော့ ဘရူနိုမားစ်ဖြစ်ကြောင်းလည်း သိရပါတယ်။






## အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်တဲ့ M.I.B

တောင်ကိုရီးယား ဟစ်ပ်ဟော့ပ်တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ M.I.B ဟာ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်ပေါ်လာပြီးတဲ့နောက် အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ စင်ဂယ်လ်အန်တာတိန်းမန့်က မကြာသေးမီက အတည်ပြုပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဖွဲ့ဝင်လေးဦးပါဝင်တဲ့ အဆိုပါတေးဂီတအဖွဲ့မှ အဖွဲ့ဝင်သုံးဦးရဲ့ လတ်ရှိဖျော်ဖြေရေးအေဂျင်စီနဲ့ စာချုပ်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ကုန်ဆုံးခဲ့တာဖြစ်ပြီး ကျန်အဖွဲ့ဝင်တစ်ဦးရဲ့ စာချုပ်သက်တမ်းကတော့ လာမယ့် မတ်လအတွင်း ကုန်ဆုံးတော့မှာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၄ ရက်မှာ စင်ဂယ်လ်အန်တာတိန်းမန့်က "M.I.B အဖွဲ့ရဲ့ စာချုပ်သက်တမ်းကုန်ဆုံးသွားတဲ့ အဖွဲ့ဝင်သုံးဦးနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုသွားမှာပါ။ ဘာ့ကြောင့်လည်းဆိုတော့ တစ်ဦးချင်းစီရဲ့ တေးဂီတပုံစံတွေဟာ ထူးခြားပြီး တစ်ဦးနဲ့တစ်ဦး ပုံစံချင်းကလည်း ကွဲပြားကြတဲ့အတွက် စာချုပ်သစ်ချုပ်ဆိုသွားဖို့ ဆုံးဖြတ်ခဲ့တာပါ။ ယခုချုပ်ဆိုတဲ့ စာချုပ်သစ်မှာတော့ တေးဂီတအဖွဲ့အနေနဲ့မဟုတ်ဘဲ သီးခြားစီလှုပ်ရှားကြတဲ့ ပုံစံနဲ့ဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ကျန်ရှိနေသေးတဲ့ အဖွဲ့ဝင်တစ်ဦးအတွက် စာချုပ်ထပ်မံချုပ်ဆိုမှုနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့မှုအပေါ် အေဂျင်စီက ထုတ်ဖော်ပြောကြားရန် စောလွန်းသေးကြောင်း ဆိုပါတယ်။

M.I.B ဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း "Most Incredible Busters" တေးအယ်လ်ဘမ်နဲ့ တေးဂီတလောကအတွင်း စတင်ဝင်ရောက်လာခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း "The Maginot Line"လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ကို နောက်ဆုံးထုတ်လုပ်ထားခဲ့တာလည်း ဖြစ်ပါတယ်။

## ဂျနီဖာလိုပက်ဇ်နဲ့ ဒရိတ်ခ်တို့ ချစ်သူတွေလား

ဂီတလောကမှာ ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ ပေါ့ပ်အဆိုတော် ဂျနီဖာလိုပက်ဇ်နဲ့ ရက်ပ်အဆိုတော် ဒရိတ်ခ်တို့နှစ်ဦးကို ပြီးခဲ့တဲ့ အားလပ်ရက်တွေအတွင်း နေရာတော်တော်များများမှာ တွဲတွေ့ခဲ့ရတာကြောင့် သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ ကောလာဟလတွေကို ပိုမိုကြီးထွားလာစေခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက် (၄၇)နှစ်အရွယ် ဂျနီဖာလိုပက်ဇ်နဲ့ အသက် (၃၀)အရွယ် ဒရိတ်ခ်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ခရစ္စမတ်ကာလနဲ့ နှစ်သစ်ကူးကာလတွေမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီပွဲတွေကိုလည်း အတူတက်ရောက်ခဲ့ပြီး ရင်းနှီးလွန်းတဲ့ ဆက်ဆံရေးကြောင့် ဟောလိဝုဒ်မီဒီယာအချို့က ချစ်သူတွေဖြစ်နေပြီလို့တောင် ရေးသားဖော်ပြခဲ့ကြပါတယ်။

လတ်တလောမှာ တေးအယ်လ်ဘမ်သစ်တစ်ခုကို အတူဖန်တီးနေတာကြောင့် ဂျနီဖာလိုပက်ဇ်နဲ့ ဒရိတ်ခ်တို့ဟာ အလုပ်သဘောအရ ပတ်သက်နေတာဖြစ်ကြောင်း အချို့သော မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပေမယ့် အီးတီအွန်လိုင်းဒေ့ါကွန်းကတော့ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ညစာစားပွဲတစ်ပွဲမှာ သူတို့နှစ်ဦး အတူတက်ရောက်ခဲ့ပြီး အဆိုပါညစာစားပွဲကနေ မနက်နှစ်နာရီခွဲခန့်မှာ လက်ချင်းတွဲကာ အတူထွက်ခွာသွားတာကို တွေ့မြင်ခဲ့ကြောင်းဖော်ပြခဲ့ပါတယ်။

ဒါကြောင့် အဆိုပါ ဂီတကြယ်ပွင့်နှစ်ဦးရဲ့ ထူးခြားတဲ့ ဆက်ဆံရေးဟာ ဟောလိဝုဒ်မီဒီယာတွေအတွက် စိတ်ဝင်စားစရာဇာတ်လမ်းတစ်ပုဒ်ဖြစ်နေပါတယ်။

**အေးပြည့်**
**စုစည်းသည်**

## ကောလာဟလတွေအကြားက Wonder Girls



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Wonder Girls ဟာ လာမယ့်လအတွင်း အဖွဲ့ဖျက်သိမ်းသွားတော့မှာဖြစ်တယ်လို့ သတင်းတွေထွက်နေပြီး လတ်တလောမှာ အဖွဲ့ဝင်တွေဟာ သူတို့အတွက် ဖျော်ဖြေရေးအေဂျင်စီအသစ်တွေနဲ့ ချိတ်ဆက်မှုတွေပြုနေကြပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လက်ရှိအဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီ အန်တာတိန်းမန့်နဲ့ ချုပ်ဆိုထားတဲ့စာချုပ်ဟာ ယခုလအတွင်း ကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် Wonder Girls တေးဂီတအဖွဲ့ဟာ ဆယ်နှစ်ခန့်လက်တွဲလာခဲ့တဲ့ အေဂျင်စီကို စွန့်ခွာကာ အေဂျင်စီသစ်တွေနဲ့ အသီးသီးအနုပညာခရီးဆက်တော့မှာဖြစ်တဲ့အတွက် အဖွဲ့ကို ဖျက်သိမ်းရန် အဖွဲ့ဝင်အားလုံးက ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

တေးဂီတအသိုင်းအဝိုင်းက သူတွေရဲ့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၅ ရက် ထုတ်ဖော်ပြောကြားချက်အရ အဆိုပါတေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်အချို့ဟာ အေဂျင်စီအသစ်တွေနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

Wonder Girls အဖွဲ့ဝင်တွေအနက် အဖွဲ့ဝင်တစ်ဦးနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့တဲ့ အေဂျင်စီတစ်ခုကလည်း စာချုပ်သစ်နဲ့ပတ်သက်တဲ့ သတင်းတွေဟာမှန်ကန်ကြောင်းနဲ့ အေဂျင်စီဟောင်းနဲ့ စာချုပ်သက်တမ်းဟာ ကုန်ဆုံးခဲ့ခြင်းမရှိသေးတဲ့အတွက် သူတို့နဲ့ချုပ်ဆိုခဲ့တဲ့ အဖွဲ့ဝင်ရဲ့အမည်ကိုထုတ်ဖော်ပြောကြားဖို့ ခက်ခဲသေးကြောင်း ပြောကြားခဲ့ပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၆-၁-၂၀၁၇(သောကြာနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၀ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၀ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၀ | Weekly Sport Info |
| ၁၁း၁၅ | "ချစ်ကြည်ရင်းနှီးမှုကိုဦးတည် အမျိုးသမီးကင်းထောက်များ၏ စွမ်းရည်" |
| ၁၁း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း-၂) |
| ၁း၀၅ | တေးဂီတအစီအစဉ် |
| ၁း၂၀ | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီချိုပြုံး) |
| ၁း၅၀ | မိခင်နို့ချိုတိုက်ကျွေးရေးစကားရည်လုပွဲ (ပထမပိုင်း) |
| ၂း၁၅ | အတီးပြိုင်ပွဲ(ပတ္တလား) |
| ၂း၃၀ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၄) |
| ၄း၃၀ | မြန်မာဇာတ်လမ်းတွဲ "နတ်သမီးဒဏ္ဍာရီ" (အပိုင်း-၂) |
| ၅း၁၅ | "ငပလီကမ်းခြေအပန်းဖြေခရီးတစ်ခေါက်" |
| ၅း၃၅ | Hyper Sport |
| ၆း၂၀ | ရုပ်ရှင်ရိုက်မယ်(လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်) (SIR-ဆရာလေး၊ Caution-သတိ) (ဒါရိုက်တာ-မိုးဇက်မာ့က်(စ်)၊ ဖြိုးဇေယျာကျော်) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း-၃) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ - နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၅) - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးသီချင်းများ (အပိုင်း-၂၃) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၆-၁-၂၀၁၇(သောကြာနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၄၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၃၅ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၉း၂၀ | အမှတ်တရနေ့ရက်လေးများ |
| ၉း၄၀ | ကျန်းမာသုတ |
| ၉း၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀း၂၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၀၀ | နိုင်ငံတကာသတင်း |
| ၁၁း၃၅ | Sportcast |
| ၁၁း၄၅ | တပ်မတော်ဇာတ်လမ်းတို |
| ၁၁း၅၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၂၅ | Cooking Art |
| ၁၂း၃၅ | DVD Hits |
| ၄း၀၆ | တစ်ပတ်အတွင်း စာပေနှင့် အနုပညာသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ခံစားနားဆင်လက်ာဝတ်ရည်တေးသံစဉ် |
| ၄း၄၀ | သီချင်းလက်ဆောင် |
| ၅း၀၀ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၂၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၅း၃၅ | ရောင်စုံဖြာဝေဂျပန်မြေ |
| ၅း၄၅ | လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | **"ရွာ" ဟာသဇာတ်လမ်းတွဲ** [ဒါရိုက်တာ မိုးဇော်ကို] |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသရာတစ်ကွေ့ဝယ် အပိုင်း(၁၇) - VOAအင်္ဂလိပ်စာသင်ခန်းစာ - သံစဉ်များနှင့်ကမ္ဘာ - Lucky Door |

# ချယ်လ်ဆီး၏ ပရီမီယာလိဂ်နိုင်ပွဲဆက်မှုကို စပါး အဆုံးသတ်နိုင်ခဲ့ပြီး ပရီမီယာလိဂ်ဆုဖလားရယူနိုင်မည့် အသင်းစာရင်းထဲတွင် စပါးပါဝင်လာ



စပါးအသင်းသည် ချယ်လ်ဆီးအသင်းအား ပွဲစဉ်(၂၀)တွင် အနိုင်ရရှိအောင်ကစားနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း၏ ပရီမီယာလိဂ် ၁၄ ပွဲဆက်နိုင်ပွဲဖြစ်လာမည့်စံချိန်ကို အဆုံးသတ်နိုင်ခဲ့သည့်အပြင် ပရီမီယာလိဂ်ဆုဖလားရယူနိုင်မည့် အသင်းစာရင်းထဲတွင်လည်း စပါးအသင်း အပါအဝင်ဖြစ်လာခဲ့သည်။

စပါးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည့် ချယ်လ်ဆီးအသင်းကို ဒယ်လီအယ်လ်လီ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒယ်လီအယ်လ်လီ၏ ပွဲကစားချိန် ၄၅ မိနစ်နှင့် ၅၄ မိနစ်တို့တွင် သွင်းယူခဲ့သည့် သွင်းဂိုးများဖြင့် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိကာ သုံးမှတ်အပြည့်ရယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အဆင့်(၃)နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး ထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းနှင့် ခုနစ်မှတ်အကွာ၊ ဒုတိယနေရာမှ လီဗာပူးအသင်းနှင့် နှစ်မှတ်ကွာအနေအထားသို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

ချန်ပီယံလိဂ်အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီးနောက် စပါးအသင်းခြေစွမ်းမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒီဇင်ဘာလအစောပိုင်းက မန်ယူအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်နောက်ပိုင်း စပါးအသင်း၏ခြေစွမ်းမှာ ပြန်လည်ကောင်းမွန်လာခဲ့ကာ ယခုချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပါအဝင် ငါးပွဲဆက်နိုင်ပွဲရရှိမှုစံချိန်ကိုတင်နိုင်ခဲ့ပြီဖြစ်သည်။

စပါးအသင်း၏ အိမ်ကွင်းတွင် အသင်းကြီးအများစု ရှုံးနိမ့်ခဲ့ရသည့် အစဉ်အလာရှိခဲ့ပြီး မန်စီးတီးအသင်း နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် ယခုချယ်လ်ဆီးအသင်းသည်လည်း နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရပြန်သည်။ ချယ်လ်ဆီး တောင်ပံကစားသမားများဖြစ်ကြသည့် မားကို့စ်အလွန်ဆို ဗစ်တာမော့ဆက်တို့ ဝိုက်ဟက်ဒ်လိန်း၌ ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့သည့်အပြင် အခွင့်အရေးများရရှိခဲ့သည့် အေဒင်ဟာဇက်သည်လည်း ပုံမှန်ခြေစွမ်း ပျောက်ဆုံးရသည့်အနေအထားသို့ ရောက်ရှိခဲ့သည်။

စပါးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် ဒယ်လီအယ်လ်လီ၏ ခေါင်းတိုက်သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းသည် စက်တင်ဘာလနောက်ပိုင်း ချယ်လ်ဆီးအသင်းကို ပထမဆုံးအနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး စပါးအသင်းမှာ တောင့်တင်းသည့်အသင်း တစ်သင်းဖြစ်ကြောင်းနှင့် ပရီမီယာလိဂ်ဖလားရယူနိုင်မည့် အသင်းများထဲတွင်လည်း တစ်သင်းအပါအဝင်ဖြစ်လာခဲ့ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီကပင် မှတ်ချက်ပြုပြောကြားခဲ့သည်။

(ငွေကြယ်)

## အဲဗာတန်တောင်ပံကစားသမား ဘိုလာစီ ၂၀၁၈ ခုနှစ်အထိ အနားယူရမည်

အဲဗာတန်အသင်း၏ တောင်ပံကစားသမား ဘိုလာစီသည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အဲဗာတန်အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်မည်မဟုတ်ဘဲ ၂၀၁၈ ခုနှစ်အထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဘိုလာစီသည် ဒီဇင်ဘာ ၄ ရက် အဲဗာတန်အသင်းနှင့် မန်ယူအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာပြင်းထန်သောကြောင့် တစ်နှစ်ကြာ အနားယူရမည်ဖြစ်ကြောင်းလည်း သိရသည်။

ကွန်ဂိုကြယ်ပွင့်ကစားသမား ဘိုလာစီသည် ဩဂုတ်လအတွင်းက ခရစ္စတယ်ပဲလေ့အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ဒဏ်ရာရရှိ၍ အနားမယူမီအချိန်အထိ အဲဗာတန်အသင်းနှင့်အတူ ပြိုင်ပွဲတိုင်းပါဝင်ပွဲထွက်ကစားခဲ့သူဖြစ်သည်။

အဲဗာတန်အသင်းသည် ဘိုလာစီ ဒဏ်ရာရရှိနေခြင်းကြောင့် မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေသည့် နယ်သာလန်တောင်ပံတိုက်စစ်မှူး ဒီပိုင်းကို ခေါ်ယူကာ အသင်း၏ တိုက်စစ်ပိုင်းတွင် အားဖြည့်သွားရန် နည်းပြ ကိုးမန်းအနေဖြင့် စီစဉ်လျက်ရှိကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

(ငွေကြယ်)

## ဒယ်လီအယ်လီကို ရီးယဲလ်မက်ဒရစ် ထပ်မံခေါ်ယူသွားမည်ကို စပါး ပရိသတ်များ စိုးရိမ်နေ



ချယ်လ်ဆီးအသင်းကို ရင်ဆိုင်ခဲ့သည့် ပွဲစဉ်အတွင်း ထိပ်တန်းခြေစွမ်းပြသနိုင်ခဲ့သည့် စပါးကွင်းလယ်လူ ဒယ်လီအယ်လီကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူသွားမည်ကို စပါးပရိသတ်များက စိုးရိမ်နေကြောင်း တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် ရေးသားဖော်ပြခဲ့ကြသည်။ ချယ်လ်ဆီးနှင့် ပွဲစဉ်တွင် အယ်လီက စပါးအတွက် သွင်းဂိုးနှစ်ဂိုးလုံး သွင်းယူနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်း၏ ၁၄ ပွဲဆက် အနိုင်ရလဒ်အိပ်မက်ကို ဖျက်ဆီးပစ်နိုင်ခဲ့သည်။

အစောပိုင်းကာလကပင် အယ်လီကို ရီးယဲလ်မက်ဒရစ်အသင်းဘက်မှ ကြိမ်ဖန်များစွာ ဆက်သွယ်ခဲ့ကြောင်း အားကစားသတင်းရင်းမြစ်များက ဖော်ပြခဲ့ပြီးဖြစ်သည်။ ရီးယဲလ်မက်ဒရစ်သည် အပြောင်းအရွှေ့ တစ်ကြိမ်ပိတ်ပင်ခံထားရပြီး ရီးယဲလ်၏ ကွင်းလယ်အင်အားတောင့်တင်းရာ အယ်လီရရှိရေး တဖြည်းဖြည်းခြင်းသာ ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့သော် အယ်လီ၏ မကြာသေးမီကာလအတွင်း ပြသခဲ့သည့် ထိပ်တန်းခြေစွမ်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအားထုတ်လာမှု အရှိန်ပိုမိုမြှင့်တင်လာဖွယ်ရှိနေရာ စပါးပရိသတ်များက အယ်လီ ဆုံးရှုံးမည်ကို ရတက်မအေးဖြစ်နေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းမှ လူကာမိုဒရစ်၊ ဂါရတ်ဘေးလ်တို့ကိုလည်း ခေါ်ယူခဲ့ပြီးဖြစ်သလို အယ်လီရရှိရေးကိုလည်း ထပ်မံကြိုးပမ်းလာခြင်းဖြစ်သည်။ ပရိသတ်အများစုက အယ်လီအနေဖြင့် လာမည့်နွေဈေးကွက်အရောက်တွင် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ပြောင်းရွှေ့မည့် သတင်းကိုပင် ကြားသိထားကြောင်း၊ အသက်(၂၀)အရွယ်အယ်လီ (၂၃)နှစ် မပြည့်မီမှာပင် ရီးယဲလ်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ စပါးသည် ကစားသမားကောင်းများစွာကို ပိုင်ဆိုင်ခဲ့ဖူးသော်လည်း အကြိမ်ကြိမ် ရောင်းချခဲ့ရခြင်းကြောင့် အယ်လီကိုလည်း ဆုံးရှုံးဦးမည်ဖြစ်ကြောင်း စသဖြင့် ထင်မြင်ချက်များ အမျိုးမျိုးရေးသားခဲ့ကြသည်။

မေလဲ့သင်း -ရေးသားသည်

## အာဆင်နယ်နှင့် ဆန်းချက်ဇ် အနာဂတ်ပိုမိုဝေဝါးလာပြီဖြစ်

ဘုန်းမောက်နှင့် အာဆင်နယ်တို့ သုံးဂိုးစီ သရေထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်သည် အဝတ်လဲခန်းအတွင်းရှိနေစဉ် မည်သူ့ကိုမျှ စကား



ပြောကြားခြင်းမရှိခဲ့သလို ဝတ်ထားသည့် လက်အိတ်များကိုလည်း ဆွဲချွတ်ပစ်ခဲ့ခြင်းဖြင့် အဆိုပါရလဒ်အပေါ် မကျေမနပ်ဖြစ်မှုကို အထင်အရှားပြသခဲ့သည်။ ဆန်းချက်ဇ်၏ အဆိုပါအပြုအမူက သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးသည့် အာဆင်နယ်အတွက် ပိုမိုရင်လေးစရာအခြေအနေ ဆိုက်ရောက်သွားစေခဲ့ပြီး အာဆင်နယ်နှင့် ဆန်းချက်ဇ်အနာဂတ် ပိုမိုမှုန်ဝါးလာပြီဖြစ်သည်ဟု သုံးသပ်မှုများလည်း ထွက်ပေါ်လာစေခဲ့သည်။

ဆန်းချက်ဇ်က အာဆင်နယ်အသင်း လတ်တလော အခြေအနေအပေါ် စိတ်ပျက်နေသလို ကစားသမား အင်အားတောင့်တင်းမှုမရှိသည်ကို မကျေမနပ်ဖြစ်နေခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ဆန်းချက်ဇ်အား တစ်ပတ်လုပ်ခ ပေါင် ၁၈၀၀၀၀ ဖြင့် စာချုပ်သစ် ကမ်းလှမ်းထားပြီး ယခုထိ သဘောတူညီချက်မရသေးသည့် အချိန်မှာပင် တရုတ်ကလပ်အသင်းများမှ တစ်ပတ်လုပ်ခ ပေါင် ၄၀၀၀၀၀၊ ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းကလည်း တစ်ပတ်လုပ်ခ ပေါင်၂၅၀၀၀၀ ဖြင့် အပြိုင်အဆိုင်ကမ်းလှမ်းထားကြောင်း သိရသည်။

အာဆင်နယ်သည် အဆိုပါ ပွဲစဉ်တွင် ဘုန်းမောက်အား ပွဲချိန် မိနစ် ၇၀ အထိ သုံးဂိုးပြတ် ရှုံးနိမ့်နေရာမှ ဆန်းချက်ဇ်၊ ပီရက်ဇ်နှင့် ဂီရော့ဒ်တို့၏ ချေပဂိုးများဖြင့် သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဆန်းချက်ဇ်က တိုက်ပွဲဝင်စိတ်နည်းပါးသည့် အသင်းဖော်များကို မကျေမနပ်ဖြစ်နေပြီး အဆိုပါ သရေရလဒ်က အာဆင်နယ်အတွက် ရှုံးနိမ့်သကဲ့သို့ပင် ခံစားနေရသည်ဟု ဒေးလီးစတားသတင်းဌာနက ဖော်ပြသည်။ အဆိုပါ သရေရလဒ်ကြောင့် အာဆင်နယ်သည် အမှတ်ပေးဇယား အဆင့်(၅)နေရာအထိ ရောက်ရှိသွားခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယား ဦးဆောင်သူ ချယ်လ်ဆီးနှင့် ရှစ်မှတ်အထိ ကွာဟဆဲပင်ဖြစ်သည်။


## မာဆေးလ်အသင်း၏ ပါယက်အတွက် ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှုကို ဝက်စ်ဟမ်းအသင်းပယ်ချ

ဝက်စ်ဟမ်းကြယ်ပွင့် ပါယက်ကို သူ၏ အသင်းဟောင်း မာဆေးလ်အသင်းက ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းအပေါ် ဝက်စ်ဟမ်းအသင်းဘက်မှ ပယ်ချခဲ့ပြီး ဝက်စ်ဟမ်းသည် ငွေကြေးလိုအပ်သည့် အသင်းမဟုတ်ကြောင်း ပြန်လည်အကြောင်းပြန်ခဲ့သည်။ ပါယက်ကို လိုချင်သည့်အသင်းများတွင် ပရီမီယာလိဂ်အင်အားကြီးအသင်းများဖြစ်သည့် အာဆင်နယ်၊ မန်ယူတို့လည်း ပါဝင်နေပြီး မန်ယူနည်းပြ မော်ရင်ဟိုကလည်း ပါယက်ကို ခေါ်ယူရန် စိတ်ဝင်စားသည်ဟု လူသိရှင်ကြား ထုတ်ဖော်ပြောကြားထားပြီးဖြစ်သည်။

မာဆေးလ်အသင်းသည် ပါယက်အတွက် အသင်းရှိ ဘိုနာဆာနှင့် အဆန်ဒရီနီတို့နှစ်ဦးအပြင် ငွေကြေး ထပ်မံအလိုက်ပေးမည်ဟု ကစားသမား အလဲအလှယ်ပုံစံဖြင့် ကမ်းလှမ်းထားခြင်းဖြစ်သည်။ မာဆေးလ်အသင်းကို ရှယ်ယာရှင်သစ် ဖရန့်မက်ကော့ရင်းနှီးမြှုပ်နှံလာပြီးနောက် ငွေကြေးအင်အား ပိုမိုသုံးစွဲရန် ရှိနေပြီး ပါယက်အပြင် မန်ယူကွင်းလယ်လူ ရှနိုက်ဒါလင်ကိုပါ ခေါ်ယူရန် ရှိနေသည်။ ပါယက်ကိုယ်တိုင်ကလည်း အသင်းဟောင်း မာဆေးလ်အသင်းကို ချစ်ခင်ဆဲဖြစ်ပြီး ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေရာ ဝက်စ်ဟမ်းအနေဖြင့် ပါယက်ကို ဆက်လက်ထိန်းထားနိုင်ရေး ခက်ခက်ခဲခဲအားထုတ်ရဖွယ်ရှိသည်။

ဝက်စ်ဟမ်း အသင်းတာဝန်ရှိသူများက ပါယက်ကို ရောင်းချရန် အစီအစဉ်မရှိသလို အသင်းတိုးတက်ရေးအတွက် နောက်ထပ်ထိပ်တန်းကစားသမားများကို ထပ်မံခေါ်ယူဦးမည်ဟု တုံ့ပြန်ထားသည်။ ပါယက်သည် မာဆေးလ်တွင်နှစ်ရာသီကြာ ကစားခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်တွင် ဝက်ဟမ်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၀ ဒသမ ၇ သန်းဖြင့် ရောက်ရှိလာခဲ့ကာ ၄၇ ပွဲ ဝင်ရောက်ကစားခဲ့ကာ သွင်းဂိုး ၁၁ ဂိုး အထိ သွင်းယူနိုင်ခဲ့သည်။

# မိုးကုတ်မြို့တွင် လူခြောက်ဦးသေဆုံးသည့် ကျောက်တွင်းပြိုကျမှုဖြစ်ပွားပြီး တစ်ပတ်အတွင်း ကျောက်တွင်းဓာတ်လှေကားမတော်တဆမှု ထပ်မံဖြစ်ပွားကာ လူခြောက်ဦးသေဆုံး



မိုးကုတ်ပရိုက်(ဒ်) ကျောက်မျက်ရတနာကုမ္ပဏီ၏ ကျောက်ပုတ်(၁) ကျောက်မျက်တူးဖော်ရေးလုပ်ကွက် ကျောက်တွင်းအဝင်ဝ။

**မိုးကုတ် ဇန်နဝါရီ ၅**

မိုးကုတ်မြို့ သဒ္ဒတ်သျှိုကျေးရွာအုပ်စု ကျောင်းဆောင်ကျေးရွာအနီးရှိ ရတနာရှင်ကျောက်မျက်ကုမ္ပဏီ၏ ကျောက်မျက်လုပ်ကွက်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကျောက်တွင်းပြိုကျမှုဖြစ်ပွားကာ ကျင်းသား ခြောက်ဦး သေဆုံးမှုဖြစ်ပွားခဲ့ပြီးနောက် ခြောက်ရက်အကြာ ဇန်နဝါရီ ၅ ရက် နံနက် ၆ နာရီခွဲခန့်က ပြောင်ပြင်ကျေးရွာအုပ်စု ကိုးလံကျေးရွာအနီး မိုးကုတ်ပရိုက်(ဒ်) ကျောက်မျက်ရတနာကုမ္ပဏီ၏ ကျောက်ပုတ်(၁) ကျောက်မျက်တူးဖော်ရေးလုပ်ကွက်တွင် ကျောက်တွင်းဓာတ်လှေကား မတော်တဆမှု ထပ်မံဖြစ်ပွားကာ လူခြောက်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ကျောက်တွင်း ဓာတ်လှေကားမတော်တဆမှု ဖြစ်စဉ်မှာ မိုးကုတ်မြို့ ပြောင်ပြင်ကျေးရွာအုပ်စု ကိုးလံကျေးရွာအနီးရှိ မိုးကုတ်ပရိုက်(ဒ်) ကျောက်မျက်ရတနာကုမ္ပဏီပိုင် ကျောက်ပုတ်(၁) ကျောက်မျက်တူးဖော်ရေးလုပ်ကွက်တွင် ယနေ့ နံနက် ၆ နာရီခွဲခန့်က နေ့ဆိုင်းကျောက်တွင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် အနက် ပေ ၃၀၀ ခန့်ရှိ ကျောက်တွင်းသို့ ဓာတ်လှေကား(ဝင့်)အား အတင် အချပြုလုပ်စဉ် ဓာတ်လှေကား ချိတ်ထိန်းခလုတ် ပြုတ်ထွက်ပြီး ဓာတ်လှေကားအတွင်း စီးနင်းလိုက်ပါလာသည့် ဖဲမြို့နယ်မှ ဝင်းဝင်းထွန်း၊ တင်ကိုဝင်း၊ ရန်နိုင်အောင်၊ စိုးသီဟနှင့် မင်းလှမြို့နယ်မှ ကျော်ရဲအောင်၊ ဒီးမော့ဆိုမြို့နယ်မှ ဂျော်ကင်းတို့ ကျင်းသားခြောက်ဦးမှာ ဓာတ်လှေကားအတွင်းမှ အနက်ပေ ၃၀၀ ခန့်ရှိ ကျင်းထဲသို့ပြုတ်ကျပြီး ပြင်းထန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရသည်။

မိုးကုတ်ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ငန်းများ၏ ကျောက်မျက်လုပ်ကွက်များတွင် ကျောက်တွင်း ပြိုကျမှုများ၊ လုပ်ငန်းခွင် မတော်တဆမှုကြောင့် ကျောက်တွင်းလုပ်သားများ သေဆုံးခဲ့ရမှုများနှင့်ပတ်သက်၍ မိုးကုတ်ဒေသခံတစ်ဦးက "ရတနာ၊ ရတနာ၊ လူတွေ အသည်းစွဲတဲ့ ရတနာ၊ တန်ဖိုးထားတဲ့ရတနာဆိုတော့ လောဘတွေနဲ့ တူးကြဖော်ကြတာပေါ့။ ဒီနှစ်က လုပ်ကွက်ဟောင်းသက်တမ်းကုန်ရင် လုပ်ကွက်သစ်ချထားဖို့က သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အလေးထား စိစစ်ပြီးမှ ချထားမယ်လို့ကြားနေရတယ်။ လုပ်ကွက်ရဖို့ မလွယ်တော့မယ့်သဘော၊ ရရင်လည်းအရင်လို ပရမ်းပတာမဟုတ်ဘဲ စိစစ်သေချာစွာ လုပ်ကိုင်ကြရမှာဆိုတော့ လုပ်ငန်းရှင်တွေက လက်ရှိလုပ်ကွက်တွင်းထဲမှာရှိတဲ့ ဖြုန်းကျန်နေရာတွေကို အသည်းအသန် လုပ်နေကြတယ်။ လုပ်ငန်းရှင်တွေအတွက်ကလည်း ကျောက်ရဖို့က နံပါတ်(၁)ပဲ၊ ကျန်တာ နောက်ထားဆိုတော့ တကူထောက်တွေဖြို၊ လက်ကျန်အားလုံးနှိုက်တော့ပြိုပြီပေါ့။ ကျောက်မျက်တူးဖော်ရေးလုပ်ငန်း အလုပ်ခွင်နဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနအနေနဲ့လည်း အလွန်အမင်းကို ကြီးကြပ်စစ်ဆေးမှုတွေ အားနည်းပါတယ်။ ဒီတော့ မရှိဆင်းရဲသား လခစားလုပ်ကြရတဲ့ တွင်းသားတွေဘဝကတော့ မြေစာပင်ဖြစ်ပြီး သေကြရတာ။ ပွင့်လင်းရာသီစမှာတောင် ၁၂ ဦး သေပြီးပြီ။ နောက်ထပ်ဒီလိုမဖြစ်အောင်ဘဲ ဆုတောင်းမိပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြသည်။

အဆိုပါ ကျောက်တွင်းဓာတ်လှေကား မတော်တဆမှုကြောင့် ကျင်းသားခြောက်ဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ မိုးကုတ်မြို့ ကျပ်ပြင်နယ်မြေရဲစခန်းမှ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## ရွှေတောင်မြို့နယ် ပြည်-ရန်ကုန်လမ်း၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရွှေတောင် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရတနာစက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၉ ရက်က အဆိုပါစက်သုံးဆီအရောင်းဆိုင် ပရဝဏ်အတွင်း ကျင်းပရာ ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝန်ထမ်းများက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**(၁၄၃)**

## တာချီလိတ် - ဝမ်ပုံသွားလမ်းရှိ မြန်မာရေမွှန်ဂိတ်တွင် ပေါက်ကွဲမှုဖြစ်

**တာချီလိတ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝေ့လှေလန်ကျေးရွာ တာချီလိတ် - ဝမ်ပုံသွား ကားလမ်းပေါ်ရှိ မြန်မာရေမွှန် လမ်းအသုံးပြုခ ကောက်ခံရေးစခန်းတွင် ဇန်နဝါရီ ၄ ရက် ည ၉ နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားရာသို့ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ကိုထိုက် ဦးစီးသည့်အဖွဲ့နှင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့တို့ သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုကြောင့် အနက် ငါးလက်မ၊ အကျယ် တစ်ပေခန့် မြေသားများ ဖွာနေသည့် ကျင်းတစ်ခု၊ လမ်းအသုံးပြုခကောက်ခံသည့် ဂိတ်မှန်နှင့် လူနေအဆောက်အအုံမှန်များ၊ ခေါင်မိုးအုတ်ကြွပ်များ ပျက်စီးခဲ့သည့်အပြင် ယင်းပေါက်ကွဲမှုကြောင့် ဂိတ်တာဝန်ကျ အသက်(၁၇)နှစ်ရှိ မောင်ကျော်ကျော်ထက်မှာ ဦးခေါင်းရှေ့ ဝဲဘက်နဖူးပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့် အနီးဝန်းကျင်သို့ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဗုံးစများတွေ့ရှိခြင်းမရှိသည့်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

"အထူးဝမ်းမြောက်စွာဖြင့် ဂုဏ်ပြုပူဇော်ခြင်း"

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာ စာအမှတ် ၁/၂၀၁၇ဖြင့် လွတ်လပ်ရေးနေ့က ကြေငြာခဲ့သည့် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံခဲ့ရသော ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု "သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ မထေရ်မြတ်ကြီး" (Ph.D) (D. Litt) အား မိဘရိပ် သစ်စက်မိသားစု မှ အထူးပင် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်စွာ ဖြင့် ရိုသေလေးမြတ်စွာ ဂုဏ်ပြုပူဇော်အပ်ပါသည်။

"သီတဂူဆရာတော်သက်တော်ရာကျော်ရှည်ပါစေ။ ခန္ဓာဝန်ကို သာသနာဝန်ကို ကျန်းမာချမ်းသာစွာဖြင့် လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ"

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး (မိဘရိပ်) (ဇနီး) အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီတဂူဒေါ်အေးသိန်း

(သားများ) မောင်ထက်နေဦး၊ မောင်ညွှန့်ဝင်းနိုင်၊ မောင်ထက်နိုင်ဝင်း(ခ)ခွန်ရွှေမြင့်

မိဘရိပ်ကုမ္ပဏီလီမိတက် မိဘရိပ်သစ်စက်မိသားစု

### အာစရိယပူဇော်ကန်တော့ပွဲ ကြိုတင်အသိပေးအကြောင်းကြားခြင်း

စစ်တက္ကသိုလ် အပတ်စဉ်(၂၀)၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲအား ၁-၄-၂၀၁၇ ရက်(စနေနေ့) တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် ဖိတ်ကြားစာများအား အချိန်ကိုက် ဆက်သွယ်ပေးပို့သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးစီးကော်မတီ**
**စစ်တက္ကသိုလ် အမှတ်စဉ်(၂၀)**

ရွှေထိပ်တန်း။ 01-701015, 09-5403844, 09-5044830
+အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
+ရွှေစက်တော်၊ ထုံးဘို အကောက်တောင်၊ မကွေးမြသလွန်၊ မလွန်မြသပိတ်
မင်းလှခံတပ်၊ ရွှေဘုန်းသာ၊ နတ်မောက် ဗိုလ်ချုပ်ပြတိုက်(သောကြာညထွက် တနင်္ဂနွေပြန်)
+မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ရှု(၅)ဂူ၊ ချစ်သူမြိုင်ဥယျာဉ်
+ဓောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဝမ်း၊ ဓမ္မတော်ကက္ကူ
+ရွှယ်တော်လေးဆူ၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်
+ကျိုက်ထီးရိုး၊ ဖော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲတမ်းမြေ
+ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်ခဲ
ကျိုက်ထီးရိုး ရောင်းသာ ခရီးဆောင် နေ့ စဉ်
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်

### စာရင်းပေးသွင်းမှတ်ပုံတင်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ဦးစီးဆောင်ရွက်မည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများစနစ်တွင် ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂလိကလိုင်းကားပိုင်ရှင်များသည် ဆက်သွယ်ပါဝင်ထားသည့် ကုမ္ပဏီမရှိသေးပါက အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စာရင်းပေးသွင်းမှတ်ပုံတင်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **စာရင်းပေးသွင်းရမည့်နေရာ** | - | ရန်ကုန်အရှေ့ပိုင်းခရိုင်စုပေါင်းရုံး၊ ဗြဟ္မစိုရ်လမ်း၊(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ |
| **စတင်စာရင်းပေးရမည့်ရက်** | - | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်၊ နံနက် (၉) နာရီ။ |
| **နောက်ဆုံးစာရင်းပေးရမည့်ရက်** | - | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်၊ ညနေ (၄) နာရီ |

**ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်- ၁၄၃၇၊ မြေကွက်တည်နေရာအမှတ်-၁၄၃၇၊ ဗိုလ်မင်းရောင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် (ဦးထွန်းငွေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား[၁၂/သဃက (နိုင်)၀၆၉၉၉၇] အမည်ပေါက်ထံမှ GP ၆၄၇/၁၉-၁-၂၀၁၆ ဖြင့် ရရှိသူ ဒေါ်စန္ဒီချစ်စု [၁၂/တတန(နိုင်) ၀၃၈၇၂၀] မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာမှုရင်းတင်ပြပြီး မြေစာရင်းမှတ်ချက်(၁)ပါဝင်စာ ၁၇၆၇၃ (၁-၁၀-၁၄)ဖြင့် ဦးကိုကိုနိုင်မှ ကန့်ကွက်ထားခြင်းအား၊ ဦးကိုကိုနိုင်ဆိုသူသည် မည်သည့်နေရာတွင် နေထိုင်သည်ကို ၎င်းမှမသိရှိကြောင်း၊ လိုက်လံစုံစမ်းသော်လည်း ရှာဖွေတွေ့ရှိခြင်း မရှိသည့်အတွက် ပြဿနာပေါ်ပေါက်က တာဝန်ယူကြောင်း၊ မြေကွက်ထဲမှ ပေ(၂၀×၆၀) မြေကွက်အား အရောင်းမြေပုံကူးခြင်းဖြစ်ကြောင်းဝင်စာ ၁၂၂၅၁၊ ၁၄-၉-၁၆ ဖြင့် အရာရှိရှေ့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### စားသောက်ဆိုင်ရှိ ပစ္စည်းများရောင်းရန်ရှိသည်

ဆက်သွယ်ရန်-
ဖုန်း - ၀၉ ၇၇၃၀၅၅၃၃၄၊
၀၉ ၇၉၅၂၅၄၉၃၀

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING AMBER V.11 သင်္ဘောသည် ၉-၁-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ပြည်ထဲရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင်များ အသုံးပြုရန် တူညီဝတ်စုံ ပိတ်စ(ခဲ/ဖြူ/နက်ပြာ)များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် | - | ၆-၁-၂၀၁၇ရက် |
| ၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | - | ၁၈-၁-၂၀၁၇ရက် |
| ၄။ တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၉-၁-၂၀၁၇ရက်၊ ၁၄း၀၀နာရီ |

၅။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ရုံးအမှတ်(၈)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီးတွင် ရုံးချိန်အတွင်း (ရုံးပိတ်ရက်မပါ)၊ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၂၁၆၆၊ ၄၁၂၃၉၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

### အမည်ပြောင်း

အဖ ဦးမောင်မောင်၏ သားဖြစ်သူ မောင်အောင်ဘိုဘိုမောင် [၁၀/ရမန(နိုင်)၁၇၈၃၀၃]အား မောင်အောင်မြတ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်မြတ်ကျော်**

### အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများ မြို့နယ်အသီးသီးတွင် စည်ကားစွာကျင်းပ





**ညောင်တုန်း**

မအူပင်ခရိုင် ညောင်တုန်းမြို့တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့တော်ခန်းမရင်ပြင်ရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဝင်များ၊ မြို့နယ်စည်ပင်ကောင်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၈၉၀ ကျော် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ကြီးများအား အလေးပြုကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သည့် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့ပြင် (၆၉)နှစ်မြောက်လွတ်လပ်နေ့အထိမ်းအမှတ်အဖြစ် မီနီမာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ကျင်းပရာ ဒေသခံပြည်သူများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ဗိုလ်ချုပ်ကျောက်တိုင်တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရာ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့မရဲစခန်း ရဲအုပ်အောင်မျိုးသိန်း ဦးစီးသောတပ်ဖွဲ့မှ ဂုဏ်ပြုတပ်ဖွဲ့အဖြစ်ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ ရဲမှူးအောင်မိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

ဆက်လက်၍ အဆိုပါနေရာတွင် နံနက် ၇ နာရီ၌ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော (၆၉)နှစ်မြောက် လွတ်လပ်နေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တို့တွင် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများမှ ဆုရကျောင်းသူ၊ ကျောင်းသားများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။ **(ဝ၇၁)**

**ကျောင်းကုန်း**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြက်ခင်းပြင်၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၊ ရဲဘော်အပေါင်းတို့အား အလေးပြုခဲ့ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

**ကျွန်းစု**

ကျွန်းစုမြို့နယ်တွင် (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ကျွန်းစုမြို့ မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက နိုင်ငံတော်အလံတင်အလေးပြုခြင်းအခမ်းအနားနှင့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှ အလံတင်တပ်ဖွဲ့ဝင်များက ဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အလံတင်ခြင်းအခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးက ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၊ ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးနှင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်မိ၊ ရပ်ဖများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**

**မုံရွာ**

(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပခဲ့သည်။

ဆက်လက်ပြီး နံနက် ၇ နာရီတွင် အဆိုပါကျောက်တိုင်ကွင်း၌ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

**ပေါင်**

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသော အမျိုးသားဦးတည်ချက်(၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။ ထို့နောက် အခမ်းအနားသို့ တတ်ရောက်လာကြသော ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ဒေသခံတိုင်းရင်းသားများနှင့် ပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ ပေါင်မြို့မအားကစားကွင်းသို့ နံနက် ၆ နာရီခွဲတွင် ဝင်ရောက်နေရာယူကြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တတ်ရောက်လာသော ပြည်သူများက နိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုဘင်ခရာအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ကြသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ဖတ်ကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ဝေသော 'သတင်းစကား' လက်ကမ်းစာစောင်ကို တတ်ရောက်လာသော ဌာနဆိုင်ရာများ၊ ပြည်သူများအား ဝေငှပေးခဲ့ကြောင်း သိရသည်။

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီဆွဲပြိုင်ပွဲ၊ မိခင်နှင့်ကလေးစံပြဆုများကိုလည်း ချီးမြှင့်ခဲ့ပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများကိုကျင်းပရာ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကစားကြကာ ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

**ကျောက်ဖြူ**

ကျောက်ဖြူခရိုင် မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီမိနစ် ၂၀ က (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကျင်းပခဲ့ပြီး နံနက် ၆ နာရီတွင် ကျောက်ဖြူမြို့မအားကစားကွင်း၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားအလေးပြုခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ဖတ်ကြားခဲ့သည်။

၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူများနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဇော်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံနှင့် ကျောက်ဖြူခရိုင်တရားသူကြီး ဒေါ်စန္ဒာခင်တို့က ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ပေးခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ အင်အား ၃၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

**ကျောက်ကြီး**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်ခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ကျောက်ကြီးမြို့လယ် လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဖတ်ကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ "သတင်းစကား" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၇) ဖွင့်လှစ်

**ကျောက်တံခါး ဇန်နဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဆေးချောင်းဝကျောင်းခမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ပဲခူးခရိုင်ကျေးလက်ဦးစီးမှူး ဦးတင်မော်သန်း၊ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေမောင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ သင်တန်း၏အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သန်းသန်းက သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ကြိမ်းခါးကုန်း၊ ကျောင်းစိုး၊ အနန်းဘော်ကျေးရွာအုပ်စုတို့မှ သင်တန်းသူ ၄၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ရွှေဘို ဇန်နဝါရီ ၅**
ကျေးလက်ပြည်သူတို့၏ မိသားစုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာများတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇန်နဝါရီ ၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ကြောင်ပန်းကန်ကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် သစ်ချိုပင်ကျေးရွာတို့တွင် မွေးမြူရေးလုပ်ငန်း၊ အိမ်တွင်းမှုရက်ကန်းလုပ်ငန်းများ အောင်မြင်နေမှုတို့ကိုလည်းကောင်း၊ မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ ငွေစာရင်းထိန်းသိမ်းထားရှိမှုများ၊ စာရင်းဇယားပုံစံတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ **ခင်ဦးစိုးဝေ**

## တိုင်ထောင်ခရမ်းချဉ်များကို မျိုးစေ့ထုတ်လုပ်ရန်အတွက်စိုက်ပျိုးလာ



**စဉ့်ကိုင် ဇန်နဝါရီ ၅**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းမှ အချို့သော တောင်သူများမှာ မျိုးစေ့ကုမ္ပဏီများနှင့်ဆက်စပ်ကာ မျိုးစေ့အတွက်သီးသန့်စိုက်ပျိုးကြသည်။ အများအားဖြင့် သခွားမွှေးမျိုးစေ့စိုက်ခင်း၊ ခရမ်းချဉ်မျိုးစေ့စိုက်ခင်းများကို စိုက်ပျိုးလေ့ရှိကြသည်။ စိုက်ပျိုးမှုအဆင့်တိုင်းတွင် စနစ်တကျပြုလုပ်လေ့ရှိပြီး မျိုးစေ့များကို မျိုးစေ့ကုမ္ပဏီထံ ပြန်လည်သွင်းပေးရသည်။ စိုက်ပျိုးသည့်မျိုးစေ့ကို မျိုးစေ့ကုမ္ပဏီမှ အဖိုမျိုးစေ့၊ အမမျိုးစေ့အဖြစ် ခွဲခြားပေးလေ့ရှိကြောင်း သိရသည်။

မျိုးစေ့ကို တစ်ဧကစီ သီးခြားစိုက်ပျိုးလေ့ရှိသည်။ စိုက်ပျိုးရန်အတွက် ပထမဦးစွာ မြေဆီအနက်များကိုထည့်၍ ထွန်ယက်ခြင်းများပြုလုပ်ကာ မြေပြုပြင်ပေးကြရသည်။ မြေပြုပြင်ကာထယ်ထွန်ပြီးသည်နှင့် နှစ်ပေခွဲပေါင်များကို စနစ်တကျပြုလုပ်လေ့ရှိသည်။ ခရမ်းချဉ်စိုက်ပျိုးရန်အတွက် ခရမ်းချဉ်အဖိုပင်၊ အမပင်များကို ပျိုးအိတ်များဖြင့် ကြိုတင်ပျိုးပေးထားရသည်။ ပျိုးသက် ၂၅ ရက်တွင် စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးမှုတွင် အဖိုကို သီးခြားကန့်ကာ စိုက်ပျိုးလေ့ရှိသည်။

ခရမ်းချဉ်အမပျိုးပင်များကို ပေါင်များပေါ်တွင် စနစ်တကျစိုက်ပျိုးပြီး ရေတင်ခြင်း၊ မြေဆီကျွေးခြင်း၊ မှိုရောဂါကာကွယ်ဆေးများကို ဖြန်းပေးရသည်။ ခရမ်းချဉ်ပင် တစ်တောင်ခန့်ရောက်ပါက တိုင်များထောင်ပေးရသည်။ ခရမ်းချဉ်ပင်များမှာ ၄၅ ရက်တွင် စတင်ပွင့်လေ့ရှိသည်။ စတင်ပွင့်သည်နှင့် အဖိုပင်ဘက်မှ ဝတ်မှုန်များကိုယူကာ အမပင်များဘက် ဝတ်မှုန်ကူးပေးခြင်းလုပ်ငန်းကို စနစ်တကျပြုလုပ်ပေးရသည်။ အဆင့်တိုင်းကို စနစ်တကျပြုလုပ်ရသည်။ ဝတ်မှုန်ကူးရာတွင် တစ်ဧကလျှင် အနည်းဆုံး ၂၅ ရက်မှ ရက် ၃၀ အထိကြာလေ့ရှိသည်။ လူငှားများဖြင့် ဝတ်မှုန်ကူးခြင်း၊ တိုင်ထောင်ပေးခြင်းများပြုလုပ်ရသည့်အတွက် ဒေသခံများလည်း အလုပ်အကိုင်ရရှိကြသည်။ လက်ရှိကာလတွင် စဉ့်ကိုင်မြို့နယ်အတွင်းမှ တောင်သူအချို့မှာ မျိုးစေ့ကုမ္ပဏီများနှင့်ဆက်စပ်ကာ တိုင်ထောင်ခရမ်းချဉ်မျိုးစိုက်ခင်းများကို တွင်ကျယ်စွာစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **နွေနဒီ၊မြစ်ငယ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မှ သွားရောဂါများ အခမဲ့ကုသပေး

**မြင်းခြံ ဇန်နဝါရီ ၅**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခဒေါက်တာကိုကိုစိုး ဦးဆောင်သောအဖွဲ့သည် မြင်းခြံမြို့တွင် သွားရောဂါဝေဒနာရှင်များအား ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီမှ စတင်၍ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မှ အဖွဲ့သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဒေါက်တာအောင်ကျော်ဦး ဦးဆောင်သောအဖွဲ့သည် မြင်းခြံမြို့ အာယုပါလဆေးခန်းနှင့် ဒေါက်တာဆန်းဝင်းဦးဆောင်သောအဖွဲ့သည် အခြေခံပညာမူလတန်းလွန်ကျောင်းအမှတ် (၃) တို့တွင် သွားနှင့်ခံတွင်းဝေဒနာရှင်များအား ပညာပေးဟောပြောခြင်းနှင့် အခမဲ့ကုသပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မြင်းခြံမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းသို့သွားရောက်ကာ ကလေးများအား သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်းအပြင် မုန့်များ၊ ရေသန့်ဘူးများ၊ အချိုရည်များကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မှ အဖွဲ့သည် မြင်းခြံမြို့နယ်အတွင်းရှိ ဆီမီးခုံတိုက်နယ်၊ ထနောင်းတိုင်တိုက်နယ်၊ ယုန်ထိုး၊ ကုက္ကဲ၊ နဘူးအိုင်၊ တလုပ်မြို့၊ သာပေါင်း၊ ပျော်ဘွယ်ကျေးရွာများသို့လည်း သွားရောက်၍ ပညာပေးဟောပြောခြင်း၊ သွားနှင့်ခံတွင်းရောဂါများကို အခမဲ့ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## ကြို့ပင်ကောက်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများစစ်ဆေးခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများပြုလုပ်

**ကြို့ပင်ကောက် ဇန်နဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်ကာ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက မြို့မဈေးအတွင်း လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးလှိုင်ကိုကိုမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးထက်ပိုင်လွင်၊ မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးကော်မတီတို့ပူပေါင်းပြီး စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းနောက် မီးသတ်ယာဉ်နှစ်စီးဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဈေးသူ၊ ဈေးသားများက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများကို သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခဲ့သည်။

**ဧယျာထွန်း(ကြို့ပင်ကောက်)**



## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်

**ညောင်ဦး ဇန်နဝါရီ ၅**
ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား လယ်ယာသုံးစက်ကိရိယာများ ကိုယ်တိုင်မောင်းနှင်အသုံးပြုတတ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ခရိုင်စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကျင်းပသည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲကို ဇန်နဝါရီပထမပတ်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ခင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ထင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းမှရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ လယ်ယာသုံးစက်ကိရိယာများကို စိတ်ပါဝင်စားသည့် တောင်သူသင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင် (ညောင်ဦး)**

## မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေး လှုပ်ရှားမှု နည်းပြသင်တန်းဖွင့်

**ပင်လောင်း ဇန်နဝါရီ ၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှု နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး က အမှာစကားပြောကြားပြီး နေပြည်တော် ပညာရေးနှင့်လေ့ကျင့်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ပြုံးက သင်တန်းဖွင့်ရခြင်းနှင့် ပတ်သက်သည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးကျော်ဆွေက သင်တန်းတက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးသည့် ဘာသာရပ်များကို အသုံးချပြီး တာဝန်ကျရာဒေသများတွင် စာမတတ်သူများအား စာတတ်မြောက်အောင် ပြန်လည်သင်ကြား ပို့ချပေးသွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးသင်တန်းသို့ ပင်လောင်းမြို့နယ် နောင်တရားမြို့၊ ပေါင်းလောင်းမြို့တို့မှ သင်တန်းသား၊ သင်တန်းသူ ၁၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အီတလီစီးရီးအေရင်ခုန်သံ-၁၉

# အသင်းကြီးအများစုအနိုင်ရမယ့် စီးရီးအေပွဲစဉ် ၁၉

အီတလီစီးရီးအေပွဲစဉ်တွေကို လာမယ့်ဇန်နဝါရီ ၇၊ ၈၊ ၉ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပြန်လည်ကျင်းပပြုလုပ်မယ့် ပွဲစဉ် ၁၉ မှာတော့ နာပိုလီ၊ အေစီမီလန်၊ ဂျူဗင်တပ်တို့လို အသင်းကြီးတွေအများစု အိမ်ကွင်းပွဲတွေ ကစားကြရမှာဖြစ်ပြီး နိုင်ပွဲရဖို့ရှိနေပါတယ်။

### ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| အစ်ကာဒီ( အင်တာမီလန်) | - ၁၄ဂိုး |
| ဇက်ကို(ရိုးမား) | - ၁၃ဂိုး |
| ဘာလော့တီ(တိုရီနို) | - ၁၃ဂိုး |
| မာတင်(နာပိုလီ) | - ၁၁ဂိုး |
| ဟီဂူအင်(ဂျူဗင်တပ်) | - ၁၀ဂိုး |




### အီတလီစီးရီးအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၁၆ | ၁၃ | ၀ | ၃ | ၃၅ | ၁၄ | ၂၁ | ၃၉ |
| ၂ | ရိုးမား | ၁၆ | ၁၁ | ၂ | ၃ | ၃၆ | ၁၆ | ၂၀ | ၃၅ |
| ၃ | အေစီမီလန် | ၁၆ | ၁၀ | ၂ | ၄ | ၂၇ | ၂၀ | ၇ | ၃၂ |
| ၄ | နာပိုလီ | ၁၆ | ၉ | ၄ | ၃ | ၃၂ | ၁၅ | ၁၇ | ၃၁ |
| ၅ | လာဇီယို | ၁၆ | ၉ | ၄ | ၃ | ၂၉ | ၁၇ | ၁၂ | ၃၁ |
| ၆ | အတ္တလန္တာ | ၁၆ | ၉ | ၁ | ၆ | ၂၅ | ၂၀ | ၅ | ၂၈ |
| ၇ | ဖီအိုရင်တီးနား | ၁၅ | ၇ | ၅ | ၃ | ၂၄ | ၁၇ | ၇ | ၂၆ |
| ၈ | တိုရီနို | ၁၆ | ၇ | ၄ | ၅ | ၃၂ | ၂၂ | ၁၀ | ၂၅ |
| ၉ | အင်တာမီလန် | ၁၆ | ၇ | ၃ | ၆ | ၂၄ | ၂၁ | ၃ | ၂၄ |
| ၁၀ | ချီယေဗို | ၁၆ | ၆ | ၄ | ၆ | ၁၆ | ၁၆ | ၀ | ၂၂ |
| ၁၁ | ဆမ်ဒိုးရီးယား | ၁၆ | ၆ | ၄ | ၆ | ၂၀ | ၂၂ | -၂ | ၂၂ |
| ၁၂ | အူဒီးနီးစ် | ၁၆ | ၆ | ၃ | ၇ | ၂၂ | ၂၄ | -၂ | ၂၁ |
| ၁၃ | ဂျီနိုအာ | ၁၅ | ၅ | ၅ | ၅ | ၁၇ | ၁၇ | ၀ | ၂၀ |
| ၁၄ | ကယ်ဂလီယာရီ | ၁၆ | ၆ | ၂ | ၈ | ၂၃ | ၃၇ | -၁၄ | ၂၀ |
| ၁၅ | ဆာစူအိုလို | ၁၆ | ၅ | ၂ | ၉ | ၂၁ | ၂၈ | -၇ | ၁၇ |
| ၁၆ | ဘိုလော့နာ | ၁၆ | ၄ | ၅ | ၇ | ၁၄ | ၂၂ | -၈ | ၁၇ |
| ၁၇ | အမ်ပိုလီ | ၁၆ | ၂ | ၅ | ၉ | ၇ | ၂၄ | -၁၇ | ၁၁ |
| ၁၈ | ခရိုတိုနီ | ၁၆ | ၂ | ၃ | ၁၁ | ၁၄ | ၃၀ | -၁၆ | ၉ |
| ၁၉ | ပက်စ်ကာရာ | ၁၆ | ၁ | ၅ | ၁၀ | ၁၃ | ၂၉ | -၁၆ | ၈ |
| ၂၀ | ပါလာမို | ၁၆ | ၁ | ၃ | ၁၂ | ၁၁ | ၃၁ | -၂၀ | ၆ |

### အမ်ပိုလီ - ပါလာမို
**ည ၁၁း၃၀ (၇-၁-၁၇)**

အမ်ပိုလီဟာ တန်းဆင်းဇုန်နဲ့နီးကပ်နေတာကြောင့် နောက်ပိုင်းပွဲတွေမှာအားစိုက်ကစားနေပေမယ့်လည်း ရလဒ်ပိုင်းတွေတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် အမ်ပိုလီဟာတိုက်စစ်ပိုင်းအားနည်းမှုတွေကြောင့် အိမ်ကွင်းမှာတောင် နိုင်ပွဲရဖို့ရုန်းကန်နေရပါတယ်။ ဒါပေမယ့် ပါလာမိုကလည်း အဝေးကွင်းပွဲစဉ်တွေမှာ ခြေပျက်တတ်ပြီး နှစ်ပွဲသာအနိုင်ရထားပါသေးတယ်။ သရေကျဖို့များတဲ့ပွဲလို့ ယူဆမိပါတယ်။

### အူဒီးနီးစ် - အင်တာမီလန်
**ည ၆း၀၀ (၈-၁-၁၇)**

အင်တာမီလန်ဟာ ပထမရာသီဝက်ပြီးခါနီး နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာတွေ့ရတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲအထိအနိုင်ရခဲ့တယ်။ ဒုတိယရာသီဝက်အစမှာလည်း အင်တာတို့နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာသေချာပါတယ်။ ဒါပေမယ့် အူဒီးနီးစ်ကလည်း ပထမရာသီဝက်ပြီးခါနီးမှာ ခြေစွမ်းပိုင်း တောက်လျှောက်ကောင်းမွန်ခဲ့ပြီး အိမ်ကွင်းမှာလည်း ခြေစွမ်းပိုတည်ငြိမ်မယ်။

### ဂျီနိုအာ - ရိုးမား
**ည ၈း၃၀ (၈-၁-၁၇)**

ရိုးမားဟာ ဒီရာသီမှာခြေစွမ်းပိုင်းကောင်းမွန်ခဲ့တယ်ဆိုပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ရုန်းကန်ရလေ့ရှိပြီး တိုက်စစ်ပိုင်းကအစ ဂိုးသွင်းအားနည်းတတ်ပါတယ်။ ဂျီနိုအာကတော့အိမ်ကွင်း ကိုးပွဲကစားပြီးချိန်မှာ အရှုံးတစ်ပွဲသာရှိခဲ့တဲ့အထိ အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကိုတွေ့ရသလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့ ခံကစားမှာသေချာနေပါတယ်။ ဒါကြောင့်ဒီပွဲမှာ ရိုးမားတို့အနိုင်ရရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

### ပက်စ်ကာရာ - ဖီအိုရင်တီးနား
**ည ၈း၃၀ (၈-၁-၁၇)**

ပက်စ်ကာရာဟာ ဒီရာသီမှာခြေစွမ်းပိုင်းအားနည်းမှုတွေများ လွန်းနေပြီး ပထမရာသီဝက်အပြီးမှာ အမှတ်ပေးဇယားအောက်ဆုံးမှာရောက်ရှိနေပါတယ်။ တိုက်စစ်ပိုင်းအားနည်းမှုကြောင့် အိမ်ကွင်းပွဲတွေမှာတောင် နိုင်ပွဲမရသေးပါဘူး။ ဖီအိုရင်တီးနားကတော့ အဝေးကွင်းမှာ ခြေစွမ်းပိုင်းကျဆင်းတတ်သလို ခံစစ်အားနည်းပေမယ့် ဒီလိုပွဲမျိုးမှာ အမှားခံမှာ မဟုတ်တာသေချာတယ်။ ဒါကြောင့် ဖီအိုရင်တီးနားပဲ အနိုင်ရဖို့ရှိတယ်။

### မီလန် - ကယ်ဂလီယာရီ
**ည ၁၁း၃၀ (၈-၁-၁၇)**

အေစီမီလန်ဟာ ပထမရာသီဝက်ပြီးဆုံးခါနီးမှာ ရလဒ်ပိုင်းတွေ အားနည်းခဲ့ပါတယ်။ နောက်ဆုံး ငါးပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့တယ်။ ဒါပေမယ့်လည်း ကယ်ဂလီယာရီရဲ့ ခြေစွမ်းပိုင်းက အားနည်းမှုတွေ ရှိနေသလို ခံစစ်ပိုင်းကလည်းစီးရီးအေမှာ ပေးဂိုးအများဆုံးဖြစ်နေပြီး အဝေးကွင်း ကိုးပွဲမှာလည်း တစ်ပွဲသာအနိုင်ရခဲ့တယ်။ ချန်ပီယံလိဂ် ဝင်ခွင့်အတွက် အားပြန်စိုက်လာမယ့် အေစီမီလန်ကသာနိုင်ပွဲရသွားဖွယ်ရှိပါတယ်။

### နာပိုလီ - ဆမ့်ဒိုးရီးယား
**နံနက် ၂-၁၅ (၈-၁-၁၇)**

နာပိုလီဟာ ရိုးမားကိုဖိအားပေးပြီးချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့် ရယူနိုင်ဖို့အားစိုက်ကစားလာဖို့ရှိနေပါတယ်။ နာပိုလီရဲ့ ဒီရာသီခြေစွမ်းပိုင်းက မတည်ငြိမ်ခဲ့ဘူးဆိုပေမယ့်လည်း ပထမရာသီဝက်ပြီးခါနီးမှာ ခြေစွမ်းပိုင်းတည်ငြိမ်ခဲ့ပြီး နောက်ဆုံး ငါးပွဲဆက်မရှုံးခဲ့ပါဘူး။ အိမ်ကွင်းပွဲစဉ်တွေမှာလည်းခြေစွမ်းပိုင်းပိုမိုကောင်းမွန်လို့ အဝေးကွင်း အားနည်းတဲ့ဆမ့်ဒိုးရီးယားကိုဖိအားပေးကစားသွားနိုင်မှာပါ။

### ချီယေဗို - အတ္တလန္တာ
**ည ၈း၃၀ (၈-၁-၁၇)**

ချီယေဗိုဟာ ဒီရာသီမှာ အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်မှုရှိတာကို တွေ့ရပါတယ်။ အိမ်ကွင်း ကိုးပွဲကစားပြီးချိန်မှာ နှစ်ပွဲသာရှုံးထားပါတယ်။ ပထမရာသီဝက်အပြီး နောက်ဆုံး လေးပွဲမှာလည်း တစ်ပွဲ သာရှုံးခဲ့တာတွေ့ရတယ်။ အတ္တလန္တာကလည်း ခြေစွမ်းပိုင်းကောင်းမွန်မှုရှိခဲ့ပြီး အဝေးကွင်းပွဲစဉ်တွေမှာပါ ကစားအား ကောင်းမွန်လေ့ရှိတာကိုတွေ့ရတယ်။ ဒါကြောင့်ချီယေဗိုတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပြီး သရေကျဖို့များတယ်။

### လာဇီယို - ခရိုတိုနီ
**ည ၈း၃၀ (၈-၁-၁၇)**

ခရိုတိုနီဟာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းက အားနည်းမှုတွေများပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုအားနည်းတတ်ပြီး ကိုးပွဲမှာ နိုင်ပွဲမရှိသေးသလိုတိုက်စစ်ကလည်း ငါးဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် လာဇီယိုရဲ့အိမ်ကွင်းဖိအားကို ခရိုတိုနီထိန်းဖို့ခက်ပြီး လာဇီယိုကသာ အိမ်ကွင်းနိုင်ပွဲရသွားဖို့ရှိတယ်။


### ဆာစူအိုလို - တိုရီနို
**ည ၈း၃၀ (၈-၁-၁၇)**

တိုရီနိုဟာ ပထမရာသီဝက်ပြီးခါနီးမှာ ခြေစွမ်းပိုင်းအားနည်းခဲ့ပြီး နောက်ဆုံး ငါးပွဲမှာ သုံးပွဲတိတိရှုံးနိမ့်ခဲ့ရပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင်လည်း ခံစစ်ပိုင်းပိုမိုအားနည်းလေ့ရှိပြီး ကိုးပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့တာ တွေ့ရတယ်။ ဆာစူအိုလိုကတော့ အိမ်ကွင်းမှာ တိုက်စစ်အားနည်းတတ်ပေမယ့် ခံစစ်ကစားပုံကောင်းမွန်မှုအပြည့်ရှိတယ်။ ဒါကြောင့်လည်း တိုရီနိုတို့ရုန်းကန်ရနိုင်ပြီး ဆာစူအိုလိုတို့ ကပ်နိုင်ခြေရှိတယ်။

### ဂျူဗင်တပ် - ဘိုလော့နာ
**နံနက် ၂း၁၅ (၉-၁-၁၇)**

ဂျူဗင်တပ်ဟာ ဒီဒုတိယရာသီဝက်မှာလည်း နိုင်ပွဲနဲ့စတင်နိုင်ဖို့ အားစိုက်လာမှာ သေချာနေတယ်။ ပထမရာသီဝက်မှာ အိမ်ကွင်း ကိုးပွဲကစား ကိုးပွဲလုံးအနိုင်ရခဲ့တဲ့အပြင် ခံစစ်ကလည်း ခြောက်ဂိုးသာပေးခဲ့ရတဲ့ ဂျူဗင်တပ်ရဲ့ ကစားအားကို ထိန်းချုပ်နိုင်တဲ့ ခြေစွမ်းမျိုး ဘိုလော့နာမှာမရှိပါဘူး။ အဝေးကွင်း ရှစ်ပွဲမှာ တစ်ပွဲသာနိုင်ပြီး ခံစစ်ကလည်း ၁၅ ဂိုးထိပေးထားရတဲ့ ဘိုလော့နာကို အိမ်ကွင်းမှာ ဂျူဗင်တပ်တို့ အနိုင်ကစားသွားနိုင်မှာပါ။

# ဂျီနိုအာကွင်းလယ်လူ ရင်ကန်အား ဂျူဗင်တပ် အပြီးသတ်ခေါ်ယူ



စီးရီးအေ ထိပ်တန်း ဂျူဗင်တပ်အသင်းသည် ဂျီနိုအာကွင်းလယ်လူ ရင်ကန်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ရာ ရင်ကန်သည် ဂျူဗင်တပ်အသင်း၏ ပထမဆုံး ဗင်နီဇွဲလားကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။ ဂျူဗင်တပ်အသင်းသည် ရင်ကန်အတွက် ပြောင်းရွှေ့ကြေး ယူရိုရှစ်သန်းသာ အရင်ဆုံး ပေးချေရမည်ဖြစ်ပြီး ၂၀၂၀ ခုနှစ် ဇွန်လအထိ သုံးနှစ်ခွဲ သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ သို့သော် ကစားသမား၏ စွမ်းဆောင်ချက်ပေါ်မူတည်၍ ပေါင်တစ်သန်း ထပ်တိုးပေးချေရန် ဂျူဗင်တပ်အသင်းဘက်မှ သဘောတူညီခဲ့ကြောင်းလည်း သိရသည်။

အသက်(၂၈)နှစ်ရှိ ရင်ကန်သည် ၂၀၁၄ ခုနှစ်တွင် ဘွန်ဒက်စ်လီဂါကလပ် ဟမ်းဘတ်အသင်းမှ ဂျီနိုအာသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဂျီနိုအာအသင်းနှင့်အတူ စီးရီးအေ ၇၈ ပွဲဝင်ရောက် ကစားထားပြီး သွင်းဂိုးသုံးဂိုး သွင်းယူထားနိုင်သူဖြစ်သည်။ ရင်ကန်အနေဖြင့် ဂျူဗီကစားသမားဘဝ ပွဲဦးထွက်တွင် ဘိုလော့နာအသင်းကို ရင်ဆိုင်ကစားရမည်ဖြစ်သည်။

ဂျူဗီသည် အေဂျက်စ်ကစားသမား အစ်ဇယ်ဝှစ်ဇယ်ကိုလည်း ခေါ်ယူရန် ချိတ်ဆက်နေသလို အသင်းတိုက်စစ်မှူးဟောင်းဖြစ်သူ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး မိုရာတာကိုလည်း ပြန်လည်ခေါ်ယူရန် လိုလားနေသည်ဟု သတင်းများထွက်ပေါ်နေသည်။

**မေလှဲ့သင်း**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။* *(စာတည်းအဖွဲ့)*

# အပြောရယ်၊ အလုပ်ရယ်၊ စေတနာရယ်

မောင်စာဂ

ယနေ့တရားဥပဒေစိုးမိုးရေးဆိုသော စကားရပ်သည် ရေပန်းစားနေသည်။ တစ်နည်းအားဖြင့် ရေ့တန်းရောက်နေသည်ဟုဆိုနိုင်သည်။ တရားဥပဒေစိုးမိုးရေးအကြောင်း ပြောနေ၊ ဟောနေကြသည်။ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ် အသီးသီးတွင် ရေးနေကြသည်။ တရားဥပဒေစိုးမိုးရေး ဆိုင်ရာအသင်းအဖွဲ့များဖွဲ့၍ဆောင်ရွက်နေကြသည်။ ဆွေးနွေးပွဲများကျင်းပ၍ အဖြေများထုတ်နေကြသည်။ ဝမ်းမြောက်စရာ၊ အားတက်စရာအမှန်ပင်။

**ဘာကြောင့်ဤသို့ဖြစ်လာရသနည်း**

အဖြေကတော့ရှင်းမည်ထင်ပါသည်။ ယခင်က တရားဥပဒေစိုးမိုးရေး ပြည့်ပြည့်ဝဝမရှိခဲ့လို့၊ ပျက်ယွင်းခဲ့လို့၊ လျော့ရိလျော့ရဲရှိခဲ့လို့ပေါ့။ ဒီတော့တရားဥပဒေစိုးမိုးရေး ပြည့်ပြည့်ဝဝရရှိစေဖို့ မျှော်လင့်လာကြသည်။ တောင့်တလာကြသည်။ တရားဥပဒေစိုးမိုးမှုရှိမှ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံး တည်ငြိမ်မည်။ အေးချမ်းသာယာလုံခြုံမှုရှိမည်။ ဖွံ့ဖြိုးတိုးတက်မည်။ မကြောင့်မကြမတောင့်မတနေကြရမည်။ ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်စားသောက်နေထိုင်ကြရမည်ဟူ၍မြင်လာကြသည်။ ယုံကြည်လက်ခံလာကြသည်။ ဤသို့ယုံကြည်လက်ခံလာကြသည်နှင့်အညီ တရားဥပဒေစိုးမိုးရေးအတွက် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို တွေ့လာမြင်လာရတော့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရမည်အမှန်ပင်။

**ပြယုဂ်အသွင် (For Show)တော့မဖြစ်စေလို**

လွန်သွားရင်တော့ ခွင့်လွှတ်ပေးဖို့မေတ္တာရပ်ခံပါရစေ။ သည်ကနေ့ရေပန်းစားနေသော၊ ရှေ့တန်းရောက်နေသော တရားဥပဒေစိုးမိုးရေးလုပ်ငန်းကို ဆောင်ရွက်ကြရာတွင် အနှစ်သာရကိုမကြည့်၊ အပေါ်ယံအကာသာကြည့်ပြီး ပြယုဂ်အသွင်သဏ္ဌာန်မျိုးဖြစ်သွားမည်ကို ပူပန်မိသည်။ အသံသာပါပြီး အဆန်မပါသည့် သကြန်အမြောက်မျိုးဖြစ်သွားမည်ကို စိုးရိမ်မိသည်။ မိမိထင်ပေါ်ကျော်ကြားရေး (Popular) ဖြစ်ရေးကိုသာ ဦးစားပေးဆောင်ရွက်သွားကြမည်ကို ကြောင့်ကြမိသည်။ ဤသို့ဤသို့သာဖြစ်နေကြမည်။ ဖြစ်သွားကြမည်ဆိုလျှင်"ဂျာအေးသူ့အမေရိုက်" ဆိုသကဲ့သို့ လုံးချည်၊ လုံးချည်သာ လည်နေပေလိမ့်ဦးမည် အမှန်ပင်။

**တွေ့နေမြင်နေရသမျှ စိတ်မချမ်းသာရ**

အိမ်ခြံထဲကနေ အပြင်ထွက်သွားလိုက်သည်နှင့် ခဏအကြာ လမ်းဖြတ်တစ်ခုတွင် အရှိန်ပြင်းစွာမောင်းနှင်လာသော မော်တော်ဆိုင်ကယ်တစ်စီးက ရှေ့ကနေဖြတ်စီးသွားသည်။ မောင်းသူနှင့်နောက်ကထိုင်လိုက်သူ စုစုပေါင်းနှစ်ယောက်။ တစ်ယောက်မှ ဆိုင်ကယ်ဦးထုပ်မဆောင်းထားကြ။ သည်းထိတ်ရင်ဖိုဖြစ်လိုက်မိသည်။ ခဏအကြာ ရှေ့မှာတွေ့ရပြန်ပြီ။ ဆိုင်ကယ်တစ်စီး၊ ဆိုင်ကယ်မောင်းသူနောက်တွင် အမျိုးသမီးနှစ်ဦးထိုင်လိုက်လာသည်။ တစ်ယောက်မှ ဆိုင်ကယ်ဦးထုပ်ဆောင်း မထား။ ပိုပြီးထိတ်လန့်စရာဖြစ်သွားမိတာက နောက်ဆုံးထိုင်လိုက်လာသည့် အမျိုးသမီးက တစ်နှစ်အရွယ် ကလေးကိုချီလျက် တွေ့မြင်ရသည့်မြင်ကွင်း။ နောက်တစ်စီးကတော့ မောင်းသူအပါအဝင် လေးယောက်တောင်စီးလာကြသည်။ မောင်းသူ၏ရှေ့ကတစ်ယောက်၊ နောက်က နှစ်ယောက်၊ ဘယ်လိုများ ထိုင်စီးလာကြသည်မသိ။ သူတို့တွေလည်း ဆိုင်ကယ်ဦးထုပ်မဆောင်းထားကြ။ နောက်ထပ် ထူးထူးဆန်းဆန်း တွေ့ရပြန်ပြီ ။ မော်တော်ဆိုင်ကယ်နှစ်စီး၊ လူနှစ်ယောက်စီနှင့် ဦးထုပ်တွေဆောင်းမထားကြ။ လမ်းပြောင်းပြန်စီးနင်းလာကြသည်။ "ဘယ်လိုတွေဖြစ်ကြတာလဲ" ဆိုပြီး စိတ်ထဲတွေးမိသည်။ ရှေ့နားခပ်လှမ်းလှမ်းရောက်သွားတော့၊ ယာဉ်ထိန်းရဲတွေက ဦးထုပ်မဆောင်းဘဲ စီးလာသည့် ဆိုင်ကယ်တွေ၊ ခါးပတ်မပတ်ဘဲ မောင်းလာသည့် ကားတွေကို ရပ်တန့်စေပြီး စစ်ဆေးနေတာကိုး။ ဒါကိုတွေ့လို့ စောစောက ဆိုင်ကယ်နှစ်စီးက လမ်းပြောင်းပြန်မောင်းပြီး ရှောင်တိမ်းထွက်ပြေးလာတာပါလားဆိုပြီး စဉ်းစားမိလိုက်သည်။

ဆိုင်ကယ်နှင့်မော်တော်ကား မတော်တဆတိုက်မိတာတွေ ခဏခဏကြုံနေရသည်။ ဖြစ်လိုက်သည်နှင့် ဆိုင်ကယ်စီးလာသူတွေ များသောအားဖြင့် အသက်ဆုံးရှုံးကြရသည်။ အသက်မဆုံးရှုံးရသည့်တိုင် ပေါင်ကျိုး၊ လက်ကျိုး၊ ခါးရိုးကျိုးဖြင့် ပြင်းထန်သော ဒဏ်ရာရရှိကာ လူစဉ်မမီဖြစ်ကြရသည်။ ဒါတွေကို တွေ့မြင် သိရှိနေကြပါလျက် "ဘာကြောင့် မဆင်ခြင်ကြရတာလဲ။ အသိပညာပေးမှုတွေ၊ ဖမ်းဆီးအရေးယူမှုတွေ ပြုလုပ်နေတဲ့ကြားက ဘာကြောင့် ဒီလိုတွေဖြစ်နေကြတာလဲ" မစဉ်းစားမတွေးတတ်အောင်ပါပင်။

**အသိစိတ်ဖြင့် လိုက်နာကြခြင်းဖြစ်စေလို**

မြို့ကြီးတစ်မြို့ရောက်သွားပြန်တော့ ယာဉ်ထိန်းရဲများက လူကူးမျဉ်းကျားပေါ်ကနေ လမ်းဖြတ်ကူးသူများကို စနစ်တကျ စည်းကမ်းရှိစွာဖြင့် လမ်းဖြတ်ကူးပေးနေသည်ကို တွေ့ရ၍ ကြည်နူးစွာ ရပ်ကြည့်နေမိသည်။ ခဏကြာတော့ ယာဉ်ထိန်းရဲများ မရှိတော့။ လူကူးမျဉ်းကျားကနေ လမ်းဖြတ်ကူးသူများလည်း မရှိကြတော့။ ကြုံသလို ကြုံသည့်နေရာမှ လမ်းကိုဖြတ်ကူးကြသည်။ မော်တော်ယာဉ်များ မောင်းနှင်ရာတွင် အနှောင့်အယှက် အခက်အခဲများ ဖြစ်ရသည်။

လမ်းဘေးပလက်ဖောင်းတစ်လျှောက် ကြည့်လိုက်ပြန်တော့ ပစ္စည်းအထုပ်တွေ ကိုယ်စီကိုယ်စီပွေ့ပြီး လူတွေ တရုန်းရုန်းနှင့်ဖြစ်နေကြသည်။ "ဘာဖြစ်တာလဲ" မေးကြည့်တော့ "လမ်းဘေးဈေးသည်တွေ၊ စည်ပင်ကလာဖမ်းလို့ ရှောင်နေကြတာတဲ့"၊ ခဏအကြာမှာတော့ ကိုယ်စီကိုယ်စီ အခင်းများချခင်းကာ ပလက်ဖောင်းပေါ် ဈေးသည်တွေနဲ့ ပြည့်လုနီးပါးဖြစ်သွားသည်။ "အော် ဒီလိုတွေ ပါပဲလား" ဟု အတွေးက ဝင်ရောက်လာပြန်သည်ပင်။

**မိမိတတ်နိုင်၊ တစ်နိုင်တစ်ပိုင်**

သူများတွေကိုကြည့်ပြီး စိတ်မောနေရုံနှင့်မပြီး။ ကားပေါ်ရောက်သည်နှင့် မိမိက ခါးပတ်ပတ်သည်။ ကားမောင်းသမားကို ခါးပတ်ပတ်ခိုင်းသည်။ ကားပေါ်မှ ဆင်းတော့မည်လုပ်မှ ခါးပတ်ဖြုတ်သည်။ ကားမောင်းသမားလေးကို တော်တော်ပြောယူရသည်။ သူက အပိုအလုပ်လို့ ထင်သည်။ မေ့လည်းမေ့တတ်သည်။ သေသေချာချာ ရှင်းပြတော့ သူသဘောပေါက်သွားသည်။ ကိုယ်လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းသဘောကို သူသေချာ နားလည်သွားသည်။ ပြောစရာမလိုတော့၊ သူအသိစိတ်ရသွားသည်။ ခြံဝင်းထဲမှာ ကားဟိုရွှေ့သည်ရွှေ့ပြုလုပ်ရသည့်အခါများ ပင်လျှင် ခါးပတ်မပတ်ဘဲ ကားကိုမမောင်းတော့။

တစ်နေ့တွင် မိသားစုရုံးပိတ်ရက် နံနက်စောစော နံနက်စာစားရန် အပြင်တစ်နေရာကို သွားစားဖို့ရှိသည်။ သိပ်မဝေးတော့ မိမိကိုယ်တိုင်ပဲ ကားကိုမောင်းသည်။ ကားပေါ်ရောက်တော့ မိမိက ခါးပတ်ပတ်သည်။ ဘေးတွင် ထိုင်သော ဇနီးဖြစ်သူအား ခါးပတ်ပတ်ခိုင်းသည်။ ဇနီးသည်က "ဒီနားလေးတင်ပဲ သိပ်ဝေးတာမှမဟုတ်ဘဲ မောင်းပါ" ဟုပြောသည်။ နောက်ထိုင်ခုံက လိုက်လာသော သားက "အဖေကလည်း မောင်းပါ။ ဘယ်ယာဉ်ထိန်းရဲမှ မရှိပါဘူး။ သားတို့သွားရမှာက ဒီနားလေးတင်ပဲ။ အဖေက ကြောက်စရာမရှိ ကြောက်နေတာပဲ" ဟုပြောသည်။ ဒီတော့ ကားကို စက်မနှိုးသေး၊ ဇနီး၊ သားနှင့် သမီးကို ပြောပြရသေးသည်။ "လိုက်နာရမယ့် ကျင့်ဝတ်၊ စည်းကမ်းတစ်ခုဆိုရင် လိုက်ကိုလိုက်နာကြရမယ်။ လိုက်နာတဲ့အခါမှာလည်း ပင်ကိုအသိစိတ်ဓာတ်နဲ့ လိုက်နာဖို့လိုတယ်။ ဒါမှ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်မယ်။ အကြောက်တရားတစ်ခုခုကြောင့် လိုက်နာမယ်ဆိုရင် အဲဒါ အစစ်အမှန် လိုက်နာခြင်း မဟုတ်ဘူး။ အကြောက်တရားကြောင့်သာ လိုက်နာခြင်းပဲဖြစ်မယ်။ အဲဒါက မခိုင်မြဲဘူး။ အကြောက်တရားမရှိရင် ဖောက်ဖျက်တာပဲ။ အဲလိုစိတ်ထားတာတန်ဖိုးမရှိဘူး။ အခုအဖေက တရားဥပဒေစိုးမိုးရေးအကြောင်း ဆောင်းပါးတွေ ဆက်တိုက်ရေးနေတယ်။ ကျင့်ဝတ်တွေ၊ စည်းကမ်းတွေ၊ ဥပဒေတွေကို ပြည်သူပြည်သားတွေ လိုက်နာကြစေချင်တယ်။ ပြည်သူပြည်သားတွေ ဥပဒေဘောင်အတွင်းမှာ ဘေးကင်းရန်ကွာ ချမ်းချမ်းသာသာနေထိုင်စေချင်တယ်။ သူများတွေကျတော့ ကျင့်ဝတ်တွေစောင့်ထိန်းပါ၊ စည်းကမ်းတွေ လိုက်နာပါ၊ ဥပဒေတွေလေးစားပါ။ တဖွဖွရေးနေပြောနေပြီး မိမိကိုယ်တိုင်က၊ မိမိရဲ့ မိသားစုကိုယ်တိုင်ကကျတော့ ဒါတွေမလိုပါဘူး။ ဘေးဖယ်ထားမယ်ဆိုရင် အဖေဟာ အလကားလူဖြစ်သွားမှာပေ့ါ။ ဖေဖေဟာ အကာသာရှိပြီး အနှစ်မရှိတဲ့ လူတစ်ယောက်ဖြစ်သွားမှာပေ့ါ"

စကားပင်ပြောမဆုံးသေး၊ ဇနီးကလည်း ခါးပတ်ကို ဆွဲပြီးပတ်သည်။ နောက်ထိုင်ခုံက သားနှင့်သမီးပါ ခါးပတ်များဆွဲ၍ ပတ်ကြသည်။ ဒီတော့မှ ကားစက်ကိုနှိုး၍ မောင်းထွက်လာတော့သည်။ လက်ဖက်ရည်ဆိုင်နားရောက် ကားကို ရပ်ပြီးမှ မိသားစုတွေ၊ ခါးပတ်တွေဖြုတ်ပြီး ကားပေါ်က ဆင်းကြကာ လက်ဖက်ရည်ဆိုင်ထဲဝင်သွားကြတော့သည်။

ယခင်က သားတွေ၊ သမီးတွေ မော်တော်ဆိုင်ကယ်နှင့် အပြင်ကို သွားတာ၊ လာတာရှိသည်။ ဆိုင်ကယ်ဦးထုပ် ဆောင်းချင်မှဆောင်းသည်။ ယခုတော့ မဆောင်းဘဲ မနေကြ၊ အိမ်ကထွက်ကတည်းက ဆောင်းသည်။ အိမ်ပြန်ရောက်တော့ ချွတ်သည်။ သားနှင့်သမီးတို့၏ သူငယ်ချင်းများ ယခင်က အိမ်ကိုလာလည်သည်။ ဆိုင်ကယ်များစီး၍ လာကြသည်။ ဦးထုပ်များဆောင်းချင်မှ ဆောင်းသည်။ မဆောင်းသည့်အခါများလည်း ရှိသည်။ အခုတော့ အိမ်ကို လာလည်လျှင် ဦးထုပ်အမြဲဆောင်းလာကြတော့သည်။ သားတို့သမီးတို့က ပြောပြ၍ သူတို့တွေလည်း သဘောပေါက်သွားကြသည်ဟု ပြန်ပြောပြ၍ သိရသည်။ ရပ်ကွက်အတွင်းမှာလည်း မိမိနိုင်သမျှ အသိပညာ၊ ဗဟုသုတတွေ ပေးသည်။ လက်တွေ့အတွေ့အကြုံများနှင့်ယှဉ်၍ ပြောပြသည်။ သဘောပေါက်သွားကြသည်။ ရပ်ကွက်အတွင်း အများစုကတော့ ပြောင်းလဲသွားသည်အမှန်ပင်။

**အနာသိမှ ဆေးရှိမည်၊ အနာမသိက ဆေးမရှိနိုင်**

သမီးကြီးက ဥပဒေဘွဲ့ရထားသည်။ ဟိုတစ်နေ့က တရားဥပဒေစိုးမိုးရေး ဆွေးနွေးပွဲတစ်ခုရှိ၍ သူသွားတက်ရသည်။ ပြန်လာတော့ ဘာတွေဆွေးနွေးခဲ့ကြတယ်ဆိုတာ သိချင်တာနဲ့ သမီးကိုမေးကြည့်သည်။ သမီးကအသေးစိတ် ပြောပြသည်။ အနှစ်ချုပ်မျှဖော်ပြပါရစေ။ သမီးက "အဖေရယ် ဦးဆောင်ပြီး လာရောက်ဆွေးနွေးသူတွေကတော့ ခုနစ်ဦးရှိပါတယ်။ အစည်းအဝေးတက်ရောက်သူတွေက အယောက် ၅၀ လောက်ရှိမယ်။ အစည်းအဝေးတက်တဲ့ သူတွေထဲကလည်း မေးမြန်းတာတွေ၊ ပြန်လည်ဆွေးနွေးတာတွေရှိတယ်။ တချို့ဆို အသက်ငယ်ငယ်ပဲ ရှိကြသေးတယ်။ တော်တော်ဆွေးနွေးနိုင်ကြတယ်။ အားကျဖို့တကယ်ကောင်းပါတယ်။ ဒါပေမယ့် အဖေရယ် သူတို့ဆွေးနွေးကြတာတွေ ခြုံပြီးပြောရရင် သူတို့က အမှုအခင်းတွေဖြစ်လာပြီဆိုရင် မှန်မှန်ကန်ကန်နဲ့မျှမျှတတ ဆောင်ရွက်ပေးကြဖို့၊ လိုအပ်တဲ့ အကူအညီတွေပေးဖို့၊ ရှေ့နေမငှားရမ်းနိုင်လို့ ဆင်းရဲတဲ့ သူတွေဆိုရင် သူတို့ကိုတတ်နိုင်တဲ့ဘက်မှ အကူအညီပေးဖို့၊ ရှေ့နေတွေငှားရမ်းပေးဖို့၊ အဂတိတရားတွေမလိုက်စားကြဖို့၊ အမှုအခင်းတွေမဖြစ်ပွားရအောင်၊ ဥပဒေတွေ လေးစားရအောင်၊ ဥပဒေကိုလိုက်နာတတ်ကြရအောင် အသိပညာတွေ ပေးကြဖို့၊ ဒီလိုခေါင်းစဉ်တွေနဲ့ပိုင်ပိုင်နိုင်နိုင်ဆွေးနွေးနိုင်ကြပါတယ်။ နားထောင်ရင်း၊ နားထောင်ရင်း သမီးစိတ်ထဲမှာ တစ်မျိုးခံစားလာမိတယ်"ဟုပြောတော့ "သမီးက ဘယ်လိုခံစားရလို့တုံး၊ သမီးကရော ဘယ်လိုပြန်ဆွေးနွေးခဲ့တုံး" ဟူ၍ဆက်မေးမိသည်။

သမီးကတော့ သူတို့ပြောတာတွေအားလုံးကောင်းပါတယ်ဆိုပြီး ပထမပိုင်းတော့ ထောက်ခံစကားပြောတယ်။ နောက်တော့ သမီးယုံကြည်သလို သမီးရဲ့ယုံကြည်ချက်တွေကို ပြောပါရစေဆိုပြီး သမီးဆွေးနွေးခဲ့တာက "တရားဥပဒေစိုးမိုးဖို့ဆိုရင် အဓိကက တရားဥပဒေဘာကြောင့် မစိုးမိုးဘဲ ဖြစ်နေရတာလဲ၊ တရားဥပဒေမစိုးမိုးဘဲ ဖြစ်နေရခြင်းက ဘာကြောင့်လဲ၊ ဒီလိုအခြေခံကျတဲ့ အကြောင်းအချက်တွေကို တွေ့ရှိရအောင် ရှာဖွေဖော်ထုတ်ဖို့က အဓိကအချက်ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ အနာမသိက ဘယ်လိုမှ ဆေးရှိနိုင်မှာမဟုတ်ဘူး။ တရားဥပဒေ မစိုးမိုးဘဲ ဖြစ်နေရခြင်းရဲ့ အခြေခံအကြောင်းအချက်တွေ ရှာဖွေဖော်ထုတ်နိုင်မှသာလျှင် တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းလာအောင် လုပ်ဆောင်ပေးနိုင်မှာဖြစ်တယ်။ ဖေဖေ သမီးတို့ကို ပြောပြနေတဲ့အတိုင်း အခြေခံအကျဆုံးဖြစ်တဲ့ လူ့လောကလူတွေရဲ့ နီတိ၊ ကျင့်ဝတ်၊ စည်းကမ်းတွေမှ မလိုက်နာနိုင်ကြဘဲ ဖြစ်နေမယ်ဆိုရင် ဘယ်လိုဥပဒေကို လိုက်နာနေထိုင်ကြသူများဖြစ်နိုင်ကြမည်မဟုတ်။ နီတိ၊ ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာနေထိုင်တတ်ကြဖို့ အရေးကြီးကြောင်း၊ ဆင်းရဲလျှင်လည်းဆင်းရဲသည့်အလျောက် တစ်ဝမ်းတစ်ခါးအတွက် မထိန်းသိမ်းနိုင်သော လောဘ၊ ဒေါသ၊ အတ္တ၊ ချမ်းသာလျှင်လည်း ချမ်းသာသည့်အလျောက် ပိုချမ်းသာချင်၍ မရောင့်ရဲ မတင်းတိမ်နိုင်သော လောဘ၊ ဒေါသ၊ အတ္တ ဤသို့သော စိတ်ထားများကိုလည်း ပြုပြင်ရန် လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၏ တရားကိုယ်မှာ လောဘ၊ ဒေါသ၊ အတ္တများကို မထိန်းသိမ်းနိုင်ကြခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ကြပါ၊ လိုက်နာကြပါဆိုပြီး လိုက်လံဟောပြောနေကြသည့် ပုဂ္ဂိုလ်များကိုယ်တိုင်ကလည်း ဥပဒေကို လိုက်နာနေထိုင်ကြဖို့ လိုအပ်ကြောင်း၊ ထိုသို့ အပြောနှင့် အလုပ် ကိုက်ညီစွာ လိုက်နာနေထိုင်ကြကြောင်းကိုလည်း အများသိဖို့လိုကြောင်း၊ ဒါတွေကို ဆွေးနွေးခဲ့တယ် ဖေဖေ။ သမီးပြောတာ သူတို့လည်း သဘောပေါက်သွားကြတယ်ထင်တယ်။ သူတို့လာတုန်းက သမီးတို့ဆီးကြိုတယ်။ ကားသမားကလည်း ခါးပတ်မပတ်ထားဘူး။ သူတို့အားလုံးလည်း ခါးပတ်မပတ်ကြဘူး၊ အပြန်မှာ သမီးတို့လိုက်ပို့တော့ သူတို့ကားပေါ်လည်းရောက်ရော ခါးပတ်တွေပတ်ကြတယ်။ ကားမောင်းသူကိုလည်း ခါးပတ်ပတ်ခိုင်းတာ ကြားလိုက်ရတယ်။"

ဤတွင် သားကဝင်ပြောတာက"ဟုတ်တယ်ဖေဖေ၊ ဟိုတစ်နေ့ကလည်း ယာဉ်ထိန်းရဲတွေ ကားတွေကိုတားပြီး ခါးပတ်ပတ်ထား၊ မထား စစ်နေကြတယ်။ သားကလည်း ကားကို သူတို့ရှေ့နားရပ်ပေးရတယ်။ မဆိုင်းမတွပဲ။ သားတို့ကားရဲ့ဘေးနား ကားတစ်စီးဝင်လာပြီး ရပ်လိုက်တာ ကားပေါ်မှာ ယာဉ်ထိန်းရဲနှစ်ဦးမြင်ရတယ်။ သူတို့လည်း ခါးပတ်ပတ်ပြီး မလာကြဘူး။ သားက ရယ်သလိုမောသလိုနဲ့ ဟိုမှာကြည့်ကြည့် သူတို့လည်း ခါးပတ်ပတ်မထားကြဘူး။ သူတို့ကိုရော မစစ်ဆေးတော့ဘူးလားဆိုပြီး မေးလိုက်မိတယ်။" ကျွန်တော်ချက်ချင်း ဘာပြန်ပြောရမှန်းမသိ၊ "အေး အဲဒါပဲပေ့ါ။ သူများကို ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေလိုက်နာစေချင်ရင် ကိုယ်ကိုယ်တိုင်ကလည်း လိုက်နာကြဖို့ လိုတာပေ့ါ။ ဒါတွေဟာ အသေးအဖွဲ့လို့ ထင်ရပေမယ့် ဒီအသေးအဖွဲမှ မလိုက်နာနိုင်ကြဘူးဆိုရင် ဒီထက်ကြီးလေးတာတွေ ဘယ်လိုလုပ်လိုက်နာနိုင်ကြတော့မှာလဲ" ဆိုပြီး ပြန်ပြောလိုက်မိသည်။

**ပြည်သူတွေပူးပေါင်းပါဝင်ကြဖို့**

တရားဥပဒေစိုးမိုးဖို့ဆိုလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ခုတည်းတွင်သာ တာဝန်ရှိနေမည်မဟုတ်။ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ကြဖို့ လိုပေသည်။ ပြည်သူတွေဟုဆိုရာတွင် ကျွန်တော်တို့ဝန်ထမ်းတွေအားလုံးသည်လည်း ပြည်သူများဖြစ်ကြသည်။ ကျွန်တော်တို့သည် ဝန်ထမ်းအဖြစ်နှင့် မိမိတို့ဆိုင်ရာရုံးများတွင် သွားရောက်အလုပ်လုပ်ကြရသည်။ ရုံးတွင် ဝန်ထမ်းဖြစ်ချင်ဖြစ်မည်။ အရာရှိ သို့မဟုတ် ရုံးအကြီးအကဲဖြစ်ချင်ဖြစ်မည်။ ရုံးကဆင်းတော့ အိမ်ပြန်လာရသည်။ မိမိတို့အိမ်သည် ရပ်ကွက်ထဲမှာရှိသည်။ သည်တော့ ရုံးသူရုံးသားဝန်ထမ်းများသည် အိမ်ပြန်ရောက်တော့၊ ရပ်ကွက်ထဲပြန်ရောက်တော့ ရပ်ကွက်သူရပ်ကွက်သား ပြည်သူများ ဖြစ်ကြတော့သည်။ ရပ်ကွက်မှာ နေထိုင်ကြသည့် ပြည်သူတွေနှင့် တစ်သားတည်း ဖြစ်သွားသည်။ ရပ်ကွက်က ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရသည်။ မိမိတို့၏ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးတို့၏ ဦးဆောင်မှုကို ခံယူကာနေထိုင်ကြရသည်။ အားလုံး ပြည်သူတွေပင် ဖြစ်ကြသည်။ ရပ်ကွက်အတွင်း နေထိုင်သူအားလုံး နီတိ၊ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေကို လိုက်နာနေထိုင်တတ်ကြဖို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရပေလိမ့်မည်။

**စေတနာ၊ အပြောနှင့်အလုပ် တစ်ထပ်တည်းဖြစ်ကြစေဖို့**

တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းစေဖို့ ပြောနေ၊ ဟောနေ၊ ဆောင်ရွက်ပေးနေကြသူများသည် မိမိတို့ကိုယ်တိုင် တရားဥပဒေစိုးမိုးရေးအောက်တွင် ရှိနေကြဖို့ လိုသည်။ တရားဥပဒေစိုးမိုးရေး ဘာကြောင့်မဖြစ်ထွန်းဘဲဖြစ်နေရသည်ဆိုသော အခြေခံအကြောင်းအချက်များကို ပကတိအတိုင်း သိရှိနိုင်အောင် လေ့လာဆန်းစစ်ဖော်ထုတ်ကြရမည်။ ဖြစ်ပြီးမှ ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးနိုင်ခြင်းက ပို၍ထိရောက်သည်ကို အလေးမူသင့်သည်။

နီတိ၊ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေတွေကို လိုက်နာနေထိုင်ကြဖို့ပြောနေ၊ ဟောနေသကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း လိုက်နာနေထိုင်ကြဖို့လိုသည်။ မိမိတို့ကိုယ်တိုင် လိုက်နာနေထိုင်ကြောင်း အများမြင်သိကြစေရမည်။ မိမိတို့၏အပြောနှင့် မိမိတို့၏အလုပ်ညီနေရမည်။ ထပ်တူဖြစ်နေရမည်။ စေတနာလည်း ပါရမည်။ စေတနာက အဓိကအကျဆုံးဖြစ်သည်။ စေတနာမပါလျှင် အပြောသက်သက်သာရှိနေမည်။ အလုပ်မပါ။"ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့" ဟူသော ဆိုရိုးစကား အတိုင်းသာ ရှိနေမည်။ စေတနာပါမှသာ အပြောနှင့် အလုပ် ကိုက်ညီနိုင်မည်။

သို့ဖြစ်ရာ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေကြသောအုပ်ချုပ်သူ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်သူ ပြည်သူအားလုံးတို့သည် အပြောရယ်၊ အလုပ်ရယ်၊ စေတနာရယ် တစ်ထပ်တည်းသာဖြစ်နေကြမည်ဆိုလျှင် တရားဥပဒေစိုးမိုး၍ အမှန်တကယ်ပင် ဖြစ်ထွန်းပေါ်ပေါက်လာမည်ကို ယုံကြည်နေမိသည်။

အပြောရယ်၊ အလုပ်ရယ်၊ စေတနာရယ် တစ်ထပ်တည်း ဖြစ်နေကြပါစေ။

## ပြည်သူ့အကျိုးပြုဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်

**ပခုက္ကူ ဇန်နဝါရီ ၅**

ပခုက္ကူမြို့ ဦးတင်ဝင်း(ရတနာ၁ဝင်းပွဲရုံ)၏ ပံ့ပိုးကူညီမှုဖြင့် ပခုက္ကူမြို့နယ်စာရေးဆရာအသင်းကစီစဉ်ကျင်းပသောပြည်သူ့အကျိုးပြုဆောင်းပါးပြိုင်ပွဲ၌ စာပေချစ်သူ ဝါသနာရှင်များ၊ စာပေပညာရှင်များ မည်သူမဆိုလွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်းသိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့်စားဝတ်နေရေး၊ကျန်းမာရေး၊ စီးပွားရေး ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အတုအပများ၊ စံချိန်မမီမှုများ၊ ကျန်းမာရေးကိုထိခိုက်စေသည့် ထုတ်လုပ်မှုများအပါအဝင် လူမှုရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ လောင်းကစားကိစ္စများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အကျင့်ပျက်ခြစားမှုများအစရှိသည့်ကဏ္ဍများမှပြည်သူတို့၏လူမှုဘဝနှင့်သက်ဆိုင်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေသောအကြောင်းအရာများကို ပြည်သူလူထုရှင်းလင်းစွာ သိရှိနားလည်စေရန်ရေးသားဖော်ပြမည်ဖြစ်သည်ဟုသိရသည်။

စာမူများရေးသားပေးပို့ရာတွင် ကွန်ပျူတာဖြင့် အများဆုံးရှစ်မျက်နှာထက်မပိုအောင် ရေးသားဖော်ပြ၍ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် ကိုယ်တိုင်ရေးစာမူဖြစ်ပြီးမည်သည့် သတင်းစာ၊ စာစောင်တို့ကိုမှပေးပို့ထားခြင်း မရှိကြောင်းအတည်ပြုချက်နှင့်အတူ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့မလမ်း (၁)ရပ်ကွက် ပခုက္ကူမြို့ ဖုန်း-၀၆၂-၂၁၀၂၆နှင့် မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဒေါ်အေးအေးခိုင် တပ်မလမ်းထိပ် (၂)ရပ်ကွက် ပခုက္ကူမြို့ ဖုန်း-၀၉-၄၅၅၀၀၄၇၉၃ တို့သို့ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ လိပ်မူပေးပို့နိုင် ကြောင်းသိရသည်။

စာမူများရေးသားယှဉ်ပြိုင်ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာတိုက်ခိုက်မှုမျိုးမဖြစ်စေဘဲ ရည်ရွယ်ချက်ကောင်း၊ စေတနာကောင်းဖြင့် အပြုသဘောဆောင်၍ ပြည်သူလူထုအတွက် အသိပညာဗဟုသုတတိုးပွားစေပြီးရှောင်ရန် ဆောင်ရန်များကိုသတိပြုမိစေရန် ဦးတည်ရေးသားရမည်ဖြစ်ပြီး ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆုငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ်ငါးသောင်းဖြင့် ငါးဆုချီးမြှင့်သွားမည်ဖြစ် ကြောင်း၊ ဆုရရှိသူရှစ်ဦး၏ ဆောင်းပါးများအပြင် ဆုရရှိခြင်းမရှိသော်လည်း ပြည်သူအတွက် အကျိုးရှိစေသည့်ဆောင်းပါးများကိုစုစည်း၍ ဆောင်းပါးပေါင်းချုပ် စာအုပ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း မြို့နယ်စာရေးဆရာအသင်းမှ သိရသည်။

**(ကိုထက်)**

## မော်လမြိုင်ကျွန်းမြို့အခြေခံကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၅**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ပံ့ပိုးကူညီမှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့စုရပ်မှ စတင်တာလွှတ်ခဲ့သည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုကို မောင်ငြိမ်းစိုး အထက(၂)၊ မဆောင်းနှင်းဖြူ အထက(၂)တို့ကလည်းကောင်း၊ ဒုတိယဆုကို မောင်ဝေထွန်း အထက(၂)၊ မဇင်မာလွင် အထက(၂)တို့ကလည်းကောင်း၊ တတိယဆုကို မောင်နေလင်းအောင် အထက(၂)၊ မမိုးမြတ်သူ အထက(၂) တို့ကလည်းကောင်း အသီးသီးရရှိကြပြီး ဆုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သရက်သီး စိုက်ပျိုးထုတ်လုပ်ရေးနည်းပညာနှင့် စိုက်ပျိုးရေး ဆိုင်ရာ (GAP) နည်းပညာပေး သင်တန်းပို့ချ

**စဉ့်ကိုင် ဇန်နဝါရီ ၅**

သရက်သီးစိုက်ပျိုးထုတ်လုပ်မှုနည်းပညာနှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) နည်းပညာသင်တန်းကို မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးရုံးတွင် ဇန်နဝါရီ ၃ ရက် နံနက် ၁၁ နာရီက သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းမှ (လက်ထောက်ညွှန်ကြားရေးမှူး)ဒေါ်ဝါဝါလှိုင်က ကမ္ဘာတစ်ဝန်းလုံးတွင် လူနေမှုပုံစံပြောင်းလဲလာခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများတိုးတက်လာခြင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုများကြောင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေသော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် စားသုံးသူများအတွက် အန္တရာယ်ကင်းသောစိုက်ပျိုးရေးထွက်ကုန်များကို ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့ကျင့်ကောင်းများ (GAP) ကို လိုက်နာဆောင်ရွက်သင့်ကြောင်း၊ GAP နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် သီးနှံ ၁၄ မျိုးကို (GAP protocol) မူကြမ်းများရေးဆွဲနေကြောင်း၊ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ဆောင်ရွက်လျက်ရှိနေကြောင်း၊ (GAP) နှင့်ပတ်သက်၍ သင်တန်းများကိုပို့ချပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆွေးနွေးခဲ့ပြီး၊ (GAP)ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းမှ(ဒု-ဦးစီးမှူး)ဒေါ်ဇင်မာထွန်းကလည်း (GAP) တွင်ပါဝင်သော ကဏ္ဍ(၂)ခုမှဖြစ်သည့် အစားအစာအန္တရာယ်ဖြစ်စေနိုင်သော အချက်များနှင့် သီးနှံအရည်အသွေးကောင်းအောင်ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးပြောကြားခဲ့ပြီးနောက် (ဒု-ဦးစီးမှူး) ဒေါ်အိသန္တာဌေးက (GAP) တွင်ပါဝင်သော ကဏ္ဍ(၂)ခုဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးလက်နေပြည်သူများကျန်းမာရေးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## ထိုင်ဝမ်ပြောင်းများ ဈေးကောင်းရသည့်အတွက် စိုက်ပျိုးသူများအဆင်ပြေလျက်ရှိ

**အမရပူရ ဇန်နဝါရီ ၅**




မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စာတိုးကျေးရွာတွင် ရာသီအလိုက် စိုက်ပျိုးသီးနှံများကို ရွေးချယ် စိုက်ပျိုးကြသည်။ ယခုနှစ်ပိုင်းအတွင်း ထိုင်ဝမ်ပြောင်းကို တွင်ကျယ်စွာစိုက်ပျိုးလာသည်။ လက်ရှိကာလတွင် ထိုင်ဝမ်ပြောင်းခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ဈေးကောင်းရနေသည်။ ထိုင်ဝမ်ပြောင်းစိုက်ခင်းများကို ရေတင်ကာ စိုက်ပျိုးကြရသည်။ မြေအနေအထားပေါ်မူတည်ကာ နှစ်ပတ်တစ်ခါရေတင်ခြင်းများပြုလုပ်ကြရသည်။ ယခုအခါ ထိုင်ဝမ်ပြောင်းဖူး အခင်းပြတ်ဝယ်ယူမှုများလာသည်။ လက်ရှိကာလတွင် ထိုင်ဝမ်ပြောင်းဖူးတစ်ဖူးလျှင် အခင်းထဲရောင်းဈေးမှာငွေကျပ် ၁၁၀ ဖြင့် ရောင်းချနေရပြီး ပွဲရုံရောင်းဈေးတွင် ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၁၄၀ မှ ၁၅၀ အထိ ရောင်းချကြသည့်အတွက် ထိုင်ဝမ်ပြောင်းဖူးစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ထိုင်ဝမ်ပြောင်းစိုက်ပျိုးရန်အတွက်ရေတင်ပြီးသည်နှင့် မြေတော်ရေတော်အနေအထားတွင် ထယ်ရေးပြင်ကြရသည်။ မြေတစ်ဧကလျှင် အနည်းဆုံး နွားခုနစ်ရှဉ်းမှ ဆယ်ရှဉ်းအထိ အသုံးပြုကြရသည်။ နွားတစ်ရှဉ်းအငှားလိုက်သည့်နှုန်းမှာ ငွေကျပ်ရှစ်ထောင်ပေးရသည်။ ထယ်ရေးပြင်ပြီးသည်နှင့် ထိုင်ဝမ်ပြောင်းမျိုးစေ့ကို ထယ်ကြောင်းပေးကာ အတန်းလိုက်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးကြရသည်။ ထိုင်ဝမ်ပြောင်းမျိုးစေ့ကို အထုပ်လိုက်ဝယ်ယူရသည်။ တစ်ထုပ်လျှင် ငွေကျပ်တစ်သောင်းငါးထောင်အထိပေးရပြီး တစ်ဧကလျှင် ငါးထုပ်မှ ခြောက်ထုပ်အထိစိုက်ပျိုးကြသည်။ မျိုးစေ့မှာ ထိုင်ဝမ်ပြောင်း ၇၀၂ အမျိုးအစားဖြစ်သည်။

ပြောင်းပေါင်များကို ရေတင်နိုင်ရန်နှင့် ပေါင်းရှင်းနိုင်ရန် တစ်ပေခန့်ခြားထားရသည်။ပြောင်းစတင်စိုက်ပျိုးပြီး တစ်ပတ်ခန့်အကြာတွင် ပြောင်းပင်များပေါက်လေ့ရှိသည်။ အပင်ပေါက်သည်မှစကာ လိုအပ်သလို ရေတင်ခြင်း၊ မြေဆီကျွေးခြင်း၊ ပေါင်းရှင်းခြင်းများကို ပြုလုပ်ကြရသည်။ စတင်စိုက်ပျိုးသည်မှ ပြောင်းဖူးရသည်အထိ သုံးလကျော်ကြာမြင့်သည်။ ရာသီဥတုအခြေအနေအလိုက် ရေတင်ပေးကြရသည်။ လက်ရှိကာလတွင် အမရပူရမြို့နယ်ရှိ ထိုင်ဝမ်ပြောင်းစိုက်ပျိုးသူများ ဖြစ်ထွန်းအောင်မြင်ပြီး ဈေးကောင်းရလျက်ရှိသည်။ ထိုင်ဝမ်ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၁၁၀ ရောင်းချရသည်။ အများစုမှာ အခင်းထဲတွင်ပင် လာရောက်ဖောက်သည်ယူကြသည်။ အချို့ပွဲစားများမှာ ပြောင်းခင်းအောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကိုကြည့်ကာ အခင်းပြတ်ဝယ်ယူလေ့ရှိသည်။ ထိုင်ဝမ်ပြောင်းတစ်ဧကလျှင် အဖူးသန်ပါက ငွေကျပ်ခုနစ်သိန်းမှ ရှစ်သိန်းကျော်အထိရရှိကြောင်း သိရသည်။

အမရပူရနယ် စာတိုးကျေးရွာတွင် ထိုင်ဝမ်ပြောင်းများဖြစ်ထွန်းအောင်မြင်ကာ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**စိုးရွှေ**



## အရာတော်မြို့၌ နွားလှည်းပြိုင်ပွဲကျင်းပ

**အရာတော် ဇန်နဝါရီ ၅**

တောင်သူဦးကြီးများ လယ်ယာလုပ်ငန်းခွင် ခေတ္တနားနေချိန်တွင် နွားများကျန်းမာကြံ့ခိုင်ပြီး ထွန်ယက်စိုက်ပျိုးချိန်၌ သန်မာကြံ့ခိုင်သောနွားများဖြစ်စေရန် ရည်ရွယ်၍ မြို့နယ်တိ/မွေးကုဦးစီးဌာနကကြီးမှူးပြီး ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များနှင့်ပူးပေါင်းကာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့ နွားပြိုင်ပွဲကွင်း၌ ဇန်နဝါရီ ၂ ရက်မှစ၍ သုံးရက် ကြာကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲသို့ အရာတော်မြို့နယ်အတွင်းမှ ကျေးလက်တောင်သူဦးကြီးများ အများဆုံးလာရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

နွားလှည်းပြိုင်ရာတွင် နွားကြီး၊ နွားလတ်၊ နွားငယ်များအားဒုန်းပြေး၊ အသားကျ၊ အလှနွား၊ အကျော့အလှ၊ နွားကျောစီးပြိုင်ပွဲများ ပါဝင်ဆင်နွှဲပေးခဲ့သည်။ နွားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သော တောင်သူဦးကြီးတစ်ဦးက ယခုကဲ့သို့ နွားလှည်းပြိုင်ပွဲပြုလုပ်ပေးသော နွားပြိုင်ပွဲကော်မတီဝင်များအား ကျေးဇူးတင်ရှိကြောင်းနှင့် ဆုရသည်မရသည်ပဓာနမဟုတ်၊ နွားကြီး/ငယ်များကျန်းမာသန်စွမ်းပြီး ကောင်းမွန်စွာထွန်ယက်စိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပေါင်းရှင်းလုပ်ကိုင်ကြသည့်အလုပ်သမားများ အဆိပ်ပြင်းမြွေများကို သတိပြုကြရန်လို

**ရေတာရှည် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြေပြန့်ဒေသများတွင် တွေ့ရလေ့ရှိသော အဆိပ်ပြင်းသည့်မြွေပွေးများ မကြာခဏဆိုသလို တွေ့ရှိရလေ့ရှိရာ နေ့စားလုပ်ခဖြင့် ကြံခုတ်၊ ပေါင်းရှင်း လုပ်ကိုင်ကြရသူများအနေဖြင့် အထူးသတိထားလုပ်ကိုင်ကြရန်လိုအပ်သည်။ အဆိုပါ အဆိပ်ပြင်းသည့်မြွေများမှာ တောင်ပေါ်ဒေသများတွင် တွေ့ရှိရခြင်းမရှိဘဲ မြေပြန့်ဒေသ ချောက်သွေ့၍ အောက်ခြေရှင်းသည့် ခြုံပုတ်များ၊ လယ်ကန်သင်းဘေးများ၌ ပေါက်ရောက်လျက်ရှိသော ကိုင်းပင်များအကြားတွင် နေထိုင်လေ့ရှိပြီး အကိုက်ခံရပါက ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီရောက်နိုင်မှသာ အသက်ရှင်ခွင့်ရရှိနိုင်သည့် မြွေအမျိုးအစားလည်းဖြစ်သည်။ "မရှိလို့လုပ်စားပါတယ်ဗျာ၊ အဲဒီမြွေကိုပဲ ဂရုစိုက်ကြည့်ပြီးလုပ်နေရတယ်။ အကိုက်ခံရလို့ကတော့ မလွယ်ဘူး။ ကျွန်တော်တို့အလုပ်သမားတွေ မကြာခဏတွေ့နေလို့ အချို့ဆိုကြောက်ပြီး အလုပ်တောင်မဆင်းတော့ဘူး"ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူတစ်ဦးက ပြောသည်။

အဆိပ်ပြင်းသည့် အဆိုပါမြွေပွေးအကိုက်ခံရပါက လူနာကို ဆေးရုံသို့ အမြန်ဆုံးတင်ပို့နိုင်ရန်လိုအပ်ပြီး နောက်ကျပါက အဆိပ်ပြန့်နှံ့ခြင်းကြောင့် ကျောက်ကပ်ပျက်စီးကာ အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း ဆွာမြို့နေ ဒေါက်တာ မောင်မောင်ထွေးက ပြောသည်။

**ကိုလွင်(ဆွာ)**

# လူသားအားလုံးကျန်းမာဖို့ ငါးရိက္ခာကိုတိုးထုတ်စို့

ဉမ္မာအောင်(ငါးဦးစီး)

ရုပ်မြင်သံကြားတွင် Road to success အစီအစဉ်ခေါင်းစဉ်ဖြင့် 'ငါးမပွက်ခင် ငါးစာချရအောင်' ဟူသော သာဓကတစ်ခုကိုအသုံးပြုကာ လုပ်ငန်းအောင်မြင်စေရန် ဆွေးနွေးတင်ပြမှုကို ကြည့်ရှုပြီးနောက် မိမိကိုယ်တိုင် မိမိလုပ်ငန်းတွင် အဓိကအရေးကြီးသည့်အချက်ကို သိရှိနားလည်စေခြင်းဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည့်အစီအစဉ် ဆွေးနွေးတင်ပြထားပုံကို သဘောကျနှစ်ခြိုက်မိကာ ငါးမွေးတောင်သူများအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှုတိုးတက်စေရန် အကြံပြုရေးသားလိုခြင်းဖြစ်ပါသည်။

**ငါးသယံဇာတကျဆင်း**

ကျွန်မတို့ဌာန၏ အဓိကရည်မှန်းချက်ကတော့ တိုးတက်လာသော လူဦးရေနှင့်အညီ စားနပ်ရိက္ခာဖူလုံမှုရှိစေရန် ငါးပုစွန်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ရေးဖြစ်သည်။ ကျွန်မတို့မြန်မာနိုင်ငံအနေဖြင့် ရေချို ရေငန်ဧရိယာပမာဏကြီးမားခြင်းနှင့် သဘာဝငါးသယံဇာတပေါများကြွယ်ဝတာမှန်ခဲ့သော်လည်း တိုးတက်လာသောလူဦးရေ၊ နေထိုင်စားသောက်မှုပုံစံချဲ့ထွင်လာခြင်းနှင့် ပြောင်းလဲလာသောရာသီဥတုကြောင့် သဘာဝငါးသယံဇာတ ကျဆင်းလာခဲ့သည်။

ဒါ့ကြောင့် ၁၉၅၄ ခုနှစ်မှစ၍ ငါးမွေးမြူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ငါးမွေးကန်ဧက ၂၄၀၈၄၀ ထိ တိုးတက်လာအောင် ဆောင်ရွက်ခဲ့သည်။ တိုးတက်လာသောငါးမွေးကန်များကို ငါးသားပေါက်များ ဖြည့်တင်းပေးနိုင်ရန်အတွက် ဒေသတွင်းရှိ ငါးလုပ်ငန်းစခန်းများမှ ငါးသားပေါက်ထုတ်လုပ်မှုကို ၄၉၄ ဒသမ ၉၆ သန်း ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ငါးလုပ်ငန်းစခန်းများသာမက ပုဂ္ဂလိကငါးသားဖောက်ရုံများ ဖွံ့ဖြိုးတိုးတက်လာစေရေးလည်း နည်းပညာများ ဖြန့်ဖြူးပေးခြင်းနှင့် အသေးစားငါးသားဖောက်ရုံများ တည်ဆောက်ပေးခဲ့ခြင်းဖြင့် ဒေသတွင်းကိုယ်ပိုင်ငါးသားဖောက်ရုံများ တိုးတက်လာခဲ့သလို ဒေသတွင်းငါးမွေးတောင်သူများကိုယ်တိုင် မိမိငါးကန်ထဲသို့ တိုက်ရိုက်သားဖောက်ထည့်သွင်းမွေးမြူသူဦးရေနှင့် ငါးသားပေါက်ထုတ်လုပ်ရောင်းချသူဦးရေများလည်း တိုးတက်မြင့်မားလာခဲ့ပါတယ်။ ငါးမွေးကန်တစ်ဧကတွင် ငါးထွက်ရှိနှုန်းမှာ ပျမ်းမျှတစ်ဧကလျှင် ၆၀၀၊ ၁၈၀၀ ပိဿာအတွင်းရှိပြီး ငါးထုတ်လုပ်နိုင်မှုအမြင့်ဆုံးမှာ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတို့ဖြစ်သည်။

**တွန်းအားပေးဆောင်ရွက်**

နိုင်ငံတော်အတွင်း ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝနှင့် လူတို့စီမံပြုလုပ်ထားသော ရေချို ရေငန် ရေပြင်များတွင် ငါးမျိုးစိုက်ထည့်ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်းများမှ ပြည်တွင်းငါးမျိုးစိတ်များကို သားဖောက်ထုတ်လုပ်ပြီး ဒေသတွင်းငါးမွေးတောင်သူများအား ဖြန့်ဖြူးရောင်းချပေးခြင်း၊ ငါးလုပ်ငန်းစခန်းများတွင် ဒေသတွင်းတိုင်းရင်းငါးမျိုးစိတ်များ သားဖောက်ထုတ်လုပ်နိုင်ရန် သုတေသနပြုလုပ်ခြင်းနှင့် နိုင်ငံခြားမှ ပညာရှင်အကူအညီဖြင့် တိုင်းရင်းငါးမျိုးများ စမ်းသပ်သားဖောက်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နေသလို ပုဂ္ဂလိက ငါး၊ ပုစွန်မွေးမြူရေးအခန်းကဏ္ဍကို တွန်းအားပေးဆောင်ရွက်ရန် ပြည်တွင်းငါး၊ ပုစွန်မျိုးစိတ်များ၏ ငါးနေငါးထိုင် (Fish Habitats) ထိခိုက်မှုမရှိသော ပြည်ပငါး၊ ပုစွန်မျိုးစိတ်များကို အဓိကအချက် (၄ )ခုမှာ 1-High Production, 2-Disease Tolerance, 3-Weather Resistance(climate change), 4-Aroma and Flavour နဲ့ ကိုက်ညီမယ်ဆိုရင် တင်သွင်းမွေးမြူခွင့်ပြုခဲ့သည်။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး**

ငါးမွေးတောင်သူများနှင့် ငါးမွေးမြူသူလုပ်ငန်းရှင်များသည် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ တင်ပို့ရောင်းချဖြန့်ဖြူးပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသူများဖြစ်သည်။ ဒါ့ကြောင့် ငါးမွေးတောင်သူများအနေဖြင့် အချိန်တိုအတွင်း အရင်းအနှီးအနည်းဆုံးဖြင့် အမြင့်မားဆုံးထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ငါးမွေးတောင်သူများအနေဖြင့် ငါးထုတ်လုပ်မှု ကောင်းမွန်စေရန်အတွက် ငါးသားပေါက်များအား ကန်ကျပ်စနစ်မွေးမြူခြင်း၊ အစာအလွန်အကျွံသုံးစွဲခြင်း၊ ကန်ပြင်ဆင်မှုမရှိခြင်း၊ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော Probiotic များအသုံးပြုခြင်းနှင့် ရေအရည်အသွေးကောင်းမွန်စေရန်တို့အတွက် ပြည်တွင်းပြည်ပမှရောင်းချလျက်ရှိသော တရားဝင်အသုံးပြုရသည့် ဓာတုဆေးဝါးနှင့် တရားမဝင်အသုံးမပြုရသည့် ဓာတုဆေးဝါးများအား လစဉ်ပုံမှန်သုံးစွဲခြင်း၊ မှတ်တမ်းမှတ်ရာထားရှိမှုမရှိခြင်း၊ ငါး၊ ပုစွန်သေဆုံးမှု သတင်းပို့ခြင်းနှင့် ပြည်ပမှတင်သွင်းလာသော ငါး၊ ပုစွန်များတွင်လည်း တင်သွင်းပြီးမှ ရောဂါကျရောက်၍ စီးပွားပျက်ခြင်း၊ ပြည်တွင်းငါးမျိုးစိတ်များသို့ ကူးစက်နေခြင်းတို့ကို တွေ့ရှိနေရသည်။

ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သော ရေထွက်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းမရှိသည့်အပြင် မွေးမြူရေးမှ စွန့်ထုတ်လိုက်သောရေများကြောင့် သဘာဝရေနေသယံဇာတများကိုပါ ထိခိုက်လာစေနိုင်မည်ဖြစ်သည်။ ထိုသို့ထုတ်လုပ်ထားရှိပြီး ဈေးကွက်မဝင်သော ငါး၊ ပုစွန် (ပယ်ငါး) များကို ပြည်တွင်းစားသုံးမှုအတွက် ဖြန့်ဖြူးရောင်းချလာကြသည်။

**စနစ်တကျဆောင်ရွက်**

ထိုအခြေအနေများကို တားဆီးနိုင်ရန်အတွက် ငါးမွေးမြူသူများအနေဖြင့် ကျန်းမာသန်စွမ်းပြီး အရည်အသွေးမြင့်မားသော ငါးသားပေါက်များကို ထည့်သွင်းမွေးမြူနိုင်ရန် စနစ်တကျဆောင်ရွက်ရမှာဖြစ်သည်။ ထို့ကြောင့် ငါးသားဖောက်စခန်းများမှလည်း အရည်အသွေးကောင်းမွန်သော ငါးသားပေါက်များထုတ်လုပ်နိုင်ရန်အတွက် မျိုးငါးဟာ ငါးသားဖောက်စခန်းရဲ့ အသက်ဟု တင်စားပြောဆိုရလောက်အောင် မျိုးငါးပြုစုခြင်းလုပ်ငန်းစဉ်ကို တန်းဖိုးထားရပါမည်။ ငါးသားဖောက်စခန်းများတွင် မျိုးငါးပြုစုခြင်း၊ မျိုးငါးရွေးချယ်ခြင်းနှင့် မျိုးငါးထည့်သွင်းခြင်းလုပ်ငန်းစဉ်များကို သားဖောက်ရာသီပြီးဆုံး၍ လအလိုက်ကန်ပြင်ဆင်ခြင်းနှင့်အတူ စနစ်တကျဆောင်ရွက်ရမည်ဖြစ်သည်။

ယခုအခါ ပြောင်းလဲလာသော ရာသီဥတုကြောင့် ရေသိုလှောင်ကန်ထားရှိမှုနှင့် ရေလှမ်းမိုးမှုမှကင်းဝေးစေရန် ရေသွင်းရေထုတ်စနစ်တကျ တည်ဆောက်ထားရှိရမည့်အချက်များကိုပါ ထည့်သွင်းစဉ်းစားထားရှိရမှာဖြစ်သလို ငါးမွေးကန်များတွင်လည်း ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Aquaculture Practices) စနစ်ကို ကျင့်သုံးမှသာလျှင် ရေရှည်စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်ခြင်း(Sustainable Aquaculture) ကိုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**အရည်အသွေးကောင်းမွန်**

မျိုးငါးပြုစုခြင်းလုပ်ငန်းတွင် အရည်အသွေးကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသော မျိုးငါးများရရှိစေရန် မျိုးရင်းပေါက်ဖွားရာဒေသမှ အရွယ်မရောက်ခင်မျိုးငါးများစုဆောင်းပြုစုခြင်းနှင့် စခန်းတွင်အသုံးပြုနေသော မျိုးငါးများကို ဇန်နဝါရီလမှ စတင်ပြုစုခြင်းကို ဆောင်ရွက်ရမှာဖြစ်ပြီး အသုံးပြုမည့်မျိုးငါးလုံလောက်မှုရှိစေရန် အရေအတွက်အများဆုံး ပြင်ဆင်ထားရှိရမှာဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းသော ငါးမှုံငါးသန်များ အမြင့်ဆုံးထုတ်လုပ်နိုင်ရန် အရွယ်ရောက်သော၊ မျိုးပွားရန် သင့်တော်သောခြေအနေ၊ ကျန်းမာသန်စွမ်းသော၊ အင်္ဂါစုံသော၊ ကြီးထွားနှုန်းကောင်းသော ငါးထီး၊ ငါးမများကို သားဖောက်ရာသီမတိုင်မီ မတ်၊ ဧပြီ၊ မေလများတွင် ရွေးချယ်ထားရှိရမည်ဖြစ်သည်။

မျိုးပွားရာသီချိန်မတိုင်မီ ပြုစုခြင်းတွင် ပရိုတင်း (၅-၁၀%) ပါသော အစာနှင့်အတူ Vitamin၊ Minerals များ ထည့်သွင်းကျွေးမွေးရမည်ဖြစ်သည်။ အနည်းဆုံး 1 Kg အလေးချိန်ရှိ မျိုးငါးများအား အသုံးပြုရမည်ဖြစ်ပြီး မေ၊ ဇွန်လများတွင် ထုတ်လုပ်မည့်ပမာဏအလိုက် မျိုးငါးအရေအတွက်အား ရွေးချယ်ပြီး အထီး၊ အမ သီးသန့်ကန်ခွဲထည့်သွင်းခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ မျိုးငါးရွေးချယ်အချိန်အတွင်း ပရိုတင်း (၁၂-၃၀%) ပါသောအစာနှင့်အတူ အစာစိမ်း (တက်ပြားရွက်၊ ပဲပင်ပေါက်၊ ကန်စွန်းရွက်) တို့ကို ကျွေးရမည်ဖြစ်သော်လည်း မျိုးပွားရာသီရောက်ခါနီးတွင် မျိုးငါးအမများ၏ ဥဆောင်သောဝမ်းဗိုက်အနေအထားပေါ်မူတည်ပြီး အစာဖြတ်၍ အစာစိမ်းတစ်မျိုးတည်းကိုသာ အသုံးပြုခြင်းနှင့် ရေသွင်းရေထုတ်ရေပန်းချခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။

**အရည်အသွေးမြင့်ငါးသားပေါက်**

မျိုးငါးများအား စုဆောင်းရာတွင်လည်း စုဆောင်းရာဒေသ၊ အရွယ်အစား၊ အလေးချိန်နှင့် အရောင်စသည်တို့ကို မှတ်တမ်းတင်ထားရှိရမည်ဖြစ်သလို အသုံးပြုလျက်ရှိသော မျိုးငါးများကိုလည်း စုဆောင်းရာဒေသ၊ အသက်၊ သားဖောက်ပြီးအကြိမ်၊ ဥချနှုန်း၊ ဥပေါက်နှုန်း၊ ရှင်သန်နှုန်း၊ နှစ်အလိုက် ဆေးသုံးစွဲသည့်ပမာဏ၊ ရောင်းချထားသည့်စာရင်းနှင့် ကန်အတွင်းလက်ကျန်ပြုစုခြင်းစာရင်း စသည့် (Breeding Background) မှတ်တမ်းတင်ထားရှိခြင်းဖြင့် သွေးနီးသားစပ်ခြင်း (Inbreeding) ကို ကာကွယ်နိုင်မည်ဖြစ်ပြီး ရွေးချယ်သားစပ်ခြင်းနည်းလမ်း (Selected breeding) ဖြင့် မျိုးဗီဇမြှင့်တင်ခြင်း (Genetic Improvement) ပြုလုပ်နိုင်သလို မျိုးရိုးဗီဇကျဆင်းမှုမရှိစေရန် စီမံခန့်ခွဲခြင်း (Genetic Management) ပြုလုပ်နိုင်ပြီး အရည်အသွေးမြင့်သော ငါးသားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်မည် ဖြစ်သည်။

ငါးမွေးမြူရေးလုပ်ငန်းတွင် မျိုးငါးထိန်းသိမ်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်မှုမရှိခဲ့လျှင် သွေးနီးသားစပ်ခြင်းကြောင့် သားပေါက်ထုတ်လုပ်မှုလုပ်ငန်း မအောင်မြင်ခြင်း၊ အရည်အသွေးညံ့ဖျင်းသော ငါးသားပေါက်များကြောင့် ရောဂါကျ၍ သေဆုံးနှုန်းမြင့်မားခြင်း၊ ထုတ်လုပ်မှုလျော့ကျခြင်း၊ အစာအတွက်ကုန်ကျစရိတ်မြင့်မားခြင်း၊ ငါးရှင်သန်နှုန်းကောင်းမွန်စေရန် ဓာတုဆေးဝါးများ အသုံးပြုခြင်းကြောင့် မွေးကာလကြာမြင့်စေပြီး ကုန်ကျစရိတ်မြင့်မားခြင်းနှင့် ငါး၊ ပုစွန်အတွင်း ပဋိဇီဝဓာတ်ကြွင်းများကြောင့် ငါးစားသုံးသူပြည်သူများအတွက် နောက်ဆက်တွဲရောဂါများ ခံစားရမည်ဖြစ်သည်။

အောင်မြင်သော ငါးမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်လာစေရန် အသုံးပြု သားဖောက်သည့် မျိုးငါးအား ရာသီချိန်ငါးနှစ်သာ အသုံးပြုခြင်း၊ ရာသီချိန်ပြီးနောက် ကန်များအခြောက်ခံခြင်း (အနည်းဆုံး သုံးနှစ်တစ်ခါ ကန်ပြင်ဆင်ခြင်း)၊ သင့်တော်သော သဘာဝဩဇာဓာတ်များ ထည့်သွင်းကန်ပြင်ဆင်ခြင်း၊ ရေသိုလှောင်ကန်များထားရှိခြင်း၊ အရည်အသွေးကောင်းမွန်သော ငါးသားပေါက်ထည့်သွင်းခြင်း၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်အတိုင်း ငါးသားပေါက်ပမာဏထည့်သွင်းခြင်း၊ သင့်တော်သောပတ်ဝန်းကျင်အခြေအနေဖြစ်စေရန် ရေသွင်းရေထုတ်ပြုလုပ်ခြင်း၊ အစာအလွန်အကျွံထည့်သွင်းခြင်းကို ရှောင်ကြဉ်ခြင်းနှင့် တိုင်းရင်းငါး၊ ပုစွန်မျိုးစိတ်များသာ သားဖောက်ထုတ်လုပ်မွေးမြူခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ကိုယ်ပိုင်ငါးသားဖောက်ရုံမရှိပါက မိမိငါးမွေးမြူမည့်နေရာတွင် အရည်အသွေးကောင်းမွန်သော ငါးသားပေါက်များထုတ်လုပ်သည့် ငါးသားဖောက်ရုံ (Good Hatchery Practices စနစ်ကျင့်သုံးမှု) များကို လေ့လာစောင့်ကြည့်ပြီး ရွေးချယ်ဝယ်ယူရမည်ဆိုသည့်အချက်ကို သိရှိထားခြင်းဖြင့် ငါးထုတ်လုပ်မှု ကျဆင်းသည်ကို ကုစားနိုင်မည်ဖြစ်သည်။

**စစ်ဆေးမှုပြုလုပ်**

ထို့အပြင် ရေနေသတ္တဝါအရှင်များ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံများအတွက် တာဝန်ယူမှုရှိသော ရေနေသက်ရှိသတ္တဝါရွှေ့ပြောင်းမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းစဉ်မူကြမ်းအရ နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ရန်အတွက် ပြည်ပငါး၊ ပုစွန်မျိုးစိတ် Exogenous species များအား ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ OIE List (Office International de Epizotie) စာရင်းတွင်ပါဝင်သော ဒေသတွင်းအဖြစ်အများဆုံးသော ငါး၊ ပုစွန်ရောဂါများကို စစ်ဆေးထားသော စစ်ဆေးချက်ထောက်ခံစာများပါဝင်သော Health Certificate တစ်ခုထဲကိုသာမက မိမိနိုင်ငံရှိ ဓာတ်ခွဲခန်းများသို့ မတင်သွင်းမီတစ်ပတ်အလိုတင်သွင်းမည့် ငါး၊ ပုစွန်သားပေါက်များအား သင့်တော်သောစစ်ဆေးမှုပြုလုပ်၍ ရောဂါကင်းစင်ကြောင်း ထောက်ခံစာရရှိမှ တင်သွင်းခဲ့လျှင် (သို့) စောင့်ကြည့်လေ့လာထိန်းချုပ်ရေးစနစ် (Quarantine system) များထားပြီးမှ ဖြန့်ဖြူးမွေးမြူရောင်းချခဲ့လျှင် ငါးမွေးတောင်သူများအတွက် နစ်နာဆုံးရှုံးမှု လျော့နည်းစေမည်ဖြစ်သည်။ တင်သွင်းလာသော ငါး၊ ပုစွန်တွင် ရောဂါကင်းစင်မှုမရှိ၍ အသုံးမပြုရမည့် ဓာတုဆေးဝါးများအသုံးပြုမှုကြောင့် မိမိလူမျိုးကိုသာမက သဘာဝရေနေသယံဇာတကိုပါ ပျက်စီးစေမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ငါးမွေးတောင်သူများအနေဖြင့် မိမိလုပ်ငန်းအောင်မြင်စေရန် ကြိုတင်ဆောင်ရွက်ခြင်းနှင့် အရေးကြီးသည့်အချက်များကို သိရှိလိုက်နာနိုင်ရန် ကြိုးစားဆောင်ရွက်သွားခြင်းဖြင့် ၂၀၁၇ ခုနှစ် နှစ်သစ်မှစ၍ တာဝန်သိ၍ တာဝန်ရှိသော (Responsibility) ငါးမွေးမြူရေးလုပ်ငန်းဖြစ်လာစေရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

> " အောင်မြင်သော ငါးမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်လာစေရန် အသုံးပြု သားဖောက်သည့် မျိုးငါးအား ရာသီချိန်ငါးနှစ်သာ အသုံးပြုခြင်း၊ ရာသီချိန်ပြီးနောက် ကန်များအခြောက်ခံခြင်း (အနည်းဆုံး သုံးနှစ်တစ်ခါ ကန်ပြင်ဆင်ခြင်း)၊ သင့်တော်သော သဘာဝဩဇာဓာတ်များ ထည့်သွင်းကန်ပြင်ဆင်ခြင်း၊ ရေသိုလှောင်ကန်များထားရှိခြင်း၊ အရည်အသွေးကောင်းမွန်သော . . . "



# ပိုမိုကြာရှည်စွာ အသုံးပြုနိုင်သည့်

GP အယ်ကလိုင်း ဓာတ်ခဲများ

- ကာဗွန်ဇင့်ဓာတ်ခဲများထက် သက်တမ်းပိုကြာရှည်ခံသည်။
- ဓာတ်ခဲအားအစားများသော လျှပ်စစ်ပစ္စည်းများတွင် အသုံးပြုရန် သင့်တော်ပါသည်။
- AA, AAA, C, D နှင့် 9V အမျိုးအစားများအားလုံး ရရှိနိုင်ပါသည်။
- ကစားစရာကား၊ လက်နှိပ်ဓာတ်မီး၊ ရေဒီယို၊ mp3 player ၊ remote control များ၊ ကလေးကစားစရာများ၊ လျှပ်စစ်သုံး မှတ်ဆိတ်ရိတ်ကိရိယာများနှင့် အခြားလျှပ်စစ်ပစ္စည်းများတွင်အသုံးပြုနိုင်ပါသည်။

AAA GP Ultra ALKALINE BATTERY HIGH

GP BATTERY EXPERTS

Authorised Distributor
ZAR & ZAR Co.,Ltd. Tel : (01)8604552, 8604553, 8604554

DADDY (ဒယ်ဒီ)
မန္တလေး-ပြင်ဦးလွင်-ကျောက်မီးဘုရား
၂ညအိပ်/၃ရက် စရိတ်ငြိမ်း
Jan-13,20,27
Ph: 09 448001903


## အမည်ပြောင်းခြင်း

အဖ ဦးသက်နိုင်ထွန်း[၇/ဇကန(နိုင်)၀၄၉၃၉၅]၏သား အမက မူလွန်(ဂုံးလမ်း) ဇီးကုန်း KG မှ မောင်ကောင်းကင်ဟန်အား ယနေ့မှစ၍ မောင်ကောင်းဆက်ဟန်ဟု ခေါ်ပါရန်။

မောင်ကောင်းဆက်ဟန်

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်း အထကကျောင်း စတုတ္ထတန်းမှ မရှင်လဝန်း၏ ဖခင်အမည်မှာ ဦးထူးမြတ်ကြည် [၁၂/မဂတ(နိုင်)၀၂၈၅၆၁] ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၂-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၃)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအဝှဲ့မြောက်မြို့နယ်၊ဒေါ်နန်းရှ(သ်)၏ပိုင်ဆိုင်မြေပုံကူးတွင်မြေအမည်ပေါက်ဦးစောတင်လှိုင်(ISN-၄၇၁၄၉၉)ဟုအမှန်ဖတ်ရှုပါရန်။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူမင်္ဂလာသဘင် ဖိတ်ကြားလွှာ

၆-၁-၂၀၁၇ရက်(သောကြာနေ့) ယနေ့ည တရားဟောကြားမည့်ဆရာတော်



**အရှင်ရာဇိန္ဒ**

**(ရဝေနွယ်အင်းမဆရာတော်)**

သာသနဇောတိကဓမ္မာစရိယ၊

မွေ့ရဝေ ကျောင်းတိုက်၊

| | |
|---|---|
| နေရာ | - ပြည်သူ့ရင်ပြင် |
| အချိန် | - ည ၇း၃၀နာရီ |

တရားပွဲဖြစ်မြောက်ရေးကော်မတီ


အောင်ကိုကိုကြီး တစ်ဦးချင်းသင် ဂစ်တာသင်တန်း

၈၈ - က၊ ၅လွှာ၊ သစ်တော်လမ်း(အထက်လမ်း)၊ အလုံစာတိုက်မှတ်တိုင် အောက်ကြည့်မြင်တိုင်လမ်းမကြီးသွား ယာဉ်လိုင်းများရောက်သည်။ မြို့ ပတ်ရထား( ရှမ်းလမ်းဘူတာ)# ၈၆ နှင့် ၈၈ ကြား၊ လမ်းသွယ်မှ ဝင်ပါ။

# 01-2316208 # 09-509 2858 # 09-961436951

POST ဂုဏ်ထူးဝင်ခွင့်သင်တန်း

ပြီးခဲ့ရာနှင့်အိုးအိမ်ပွဲပြီးရေး(ခုဦးစီး)တနင်္ဂနွေသီးသန့်

ဉပဒေအရာရှိ LD ၈နေ့ - တနင်္ဂနွေ(၈း၀၀မှ၁၂း၀၀)

တရားရေးဝန်ထမ်း JD ၈နေ့ - တနင်္ဂနွေ(၈း၀၀မှ၁၂း၀၀)

တန်းခွဲအားလုံးစပြီ သင်တန်းကြေး ၄၅၀၀၀ ညနေ ၅း၃၀ မှ ၇း၀၀ တန်းခွဲရှိသည်။

၁၆၅ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃

ဆရာကောင်း (WISDOM VILLAGE)

SAT / IELTS / TOEFL

အမှတ်-၉၊ ပန်းခြံလမ်း၊မြေနီကုန်း။ Ph: 516680, 09-5115486


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်-၅၀၇(က)၊ မြေကွက်တည်နေရာအမှတ်(၅၀၇-က)၊ န၀ရတ်အောက်-၃လမ်း၊ ၈ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်သိန်း[၁၂/သကတ(နိုင်)၀၅၄၆၁၇]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်း (ဖခင်)နှင့် ဒေါ်ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မော်မော်အောင်[၁၂/သကတ(နိုင်)၀၅၃၀၇၈]မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၈-၁၁-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၃၆၉၁/၂၀၁၆)၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**


ဗဒ္ဓိ ဓမ္မံ သံဃံ

YAR ZAR TUN EXPRESS

ရာဇာထွန်း



အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမှ ၂၀၁၇ - နှစ်သစ်အထူးအစီအစဉ်

Scania Touring VIP Bus ကားသစ်ကြီးများဖြင့်

ရန်ကုန် ⇌ မန္တလေးခရီးစဉ် ပြေးဆွဲပေးနေပါပြီ

- အဆင်ပြေသက်သာ စိတ်ချမ်းသာ အန္တရာယ်ကင်းဖို့ ရာဇာထွန်းကို စီးကြစို့။
- Scania Marcopolo ဖြင့် မန္တလေး-ရန်ကုန်ခရီးစဉ်ကို OK$(မြန်မာငွေ) ၅/-ကျပ်ဖြင့် စီးနိုင်ပါပြီ။
- Promotion ကာလ (၁-၁-၂၀၁၇) မှ (၁၀-၁-၂၀၁၇)ရက်အထိ ရာဇာထွန်း App မှ (online ticket) လက်မှတ်ဝယ်ယူပြီး OK$ နှင့် ငွေပေးချေရပါမည်။
- တစ်ရက်လျှင် ဦးရာလူ(၂၀)ယောက်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ခရီးသွားသူကိုယ်တိုင် မှတ်ပုံတင် ဖုန်းနံပါတ် တူညီရမည် ဖြစ်သည်။
- OK$ အကောင့်တစ်ခုလျှင် (၁)ဦးနှုန်းသာ လက်ခံပါမည်။ တစ်ရက်ကြိုတင်ပြီး လက်မှတ်ဖြတ်ပေးရမည်။
- Promotion ကာလအတွင်း online မှ လက်မှတ်ဝယ်ယူအားပေးသူများကို Yar Zar Tun Member Discount Card ပြုလုပ်ပေးပါမည်။

OK$ INTERNET WALLET

မန္တလေးမှ ➡ ရန်ကုန်သို့

၁ ကျပ်ဖြင့် ခရီးသွားနိုင်ပြီ..

ရာဇာထွန်း အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး



ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက် နေ့အထိ

ရာဇာထွန်း ဆက်သွယ်ရန်ဖုန်း 09 977906609 / OK$ အကောင့်ဖုန်းနံပါတ် - 09 977906610 OK$ ဖုန်း 01-37788809

PHYATHAI HOSPITAL INTERNATIONAL 1&2 ဖယားထိုင်း အင်တာနေရှင်နယ် ဆေးရုံကြီး (၁) နှင့် (၂) (ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)

ကျန်းမာခြင်းသည် လာဘ်တစ်ပါး ............. ကျန်းမာရေးကောင်းအောင် ဆေးစစ်ကြပါစို့"



ကူပွန်များကို (၃၁-၁-၂၀၁၇) အထိ ကြိုတင်ဝယ်ယူနိုင်ပြီး ဖယားထိုင်း (၁) အင်တာနေရှင်နယ်ဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးမှုများကို (၁-၂-၂၀၁၇) မှ (၂၈-၂-၂၀၁၇) အထိ ပြုလုပ်နိုင်ပါသည်။

| Health Check Up Package | အမျိုးသား | အမျိုးသမီး |
|---|---|---|
| Executive Check Up Package | ၁၈,၅၀၀ ဘတ် | ၂၂,၅၀၀ ဘတ် |

Hotline : 09-5199408
Hotline : 09-964222469

အထူးအစီအစဉ်
Buy 1-Get 1 Free

SM
SM Tours & Transport Co., Ltd.
ဖယားထိုင်း အင်တာနေရှင်နယ်ဆေးရုံကြီး (၁)နှင့်(၂)တို့၏ မြန်မာနိုင်ငံဆိုင်ရာ တစ်ဦးတည်းကိုယ်စားလှယ်

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်

ရန်ကုန်မြို့တွင်
အမှတ် (၇၅) ၊ ပထမထပ် ၊ လမ်းသစ်လမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၂၃၀၁၆၀၀၊ ၂၂၇၂၂၅၊ ၂၂၅၇၇၈

မန္တလေးမြို့တွင်
L3 - ၁၀၆၊ ၃လွှာ၊ ဒိုင်းမွန်းပလာဇာတာဝါ (အေ)၊ ၃၃×၃၄၊ ၇၇×၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉-၉၆၄၂၂၂၄၆၉၊ ၀၉-၇၉၆၂၃၁၂၈၁၊ ၀၉-၉၇၅၂၀၅၅၇၀

MINGALAR CINEMAS

မင်္ဂလာ နှစ်သစ် ၂၀၁၇ မှာ ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ စိတ်ချမ်းသာ ကိုယ်ကျန်းမာစေကြောင်း
မင်္ဂလာရုပ်ရှင်ရုံများမိသားစု မှ တောင်းဆုမေတ္တာပို့သလိုက်ပါသည်။

မင်္ဂလာစံပြ(မကွေး)ရုပ်ရှင်ရုံ



မင်္ဂလာစံပြ(မကွေး) နတ်မောက်လမ်း၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ မကွေးမြို့။
ဖုန်း - ၀၉ ၇၆၈၅၂၅၇၄၁၊ ၀၉ ၇၆၈၅၂၅၇၄၂၊ ၀၉ ၇၆၈၅၂၅၇၄၃

မကွေးတိုင်းဒေသကြီးရှိ ရုပ်ရှင်ကြည့်ချစ်ပရိသတ်များအတွက် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်များကို အခြားမြို့များနှင့် တစ်ပြေးညီကြည့်ရှုနိုင်ရန် ၂၀၁၇ ၊ ဇန်နဝါရီလအတွင်း မကြာမီ ဖွင့်လှစ်ပြသတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။
မင်္ဂလာရုပ်ရှင်ရုံများမိသားစု

2D / 3D CINEMA
DOLBY
www.facebook.com/mingalarcinemas

မင်္ဂလာစံပြ(မကွေး)ရုပ်ရှင်ရုံသစ်ကြီးကို မကြာမီ ဖွင့်လှစ်ပြသတော့မည်ဖြစ်ပါသည်။

Customer များရရှိမည်အားသာချက်
DREAM ALUMINUM
လက်လီလက်ကားဝယ်ယူသူများရရှိမည် အားသာချက်

- Euro System 45° ဒေါင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့်သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းဘောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးချော်မထွက်ခြင်း။



- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ခန့်ညားခြင်း၊ လူအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် နိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Dream Aluminium မှ Marketing (မ) ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရဖြစ်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။









Frame နှင့် Accessories များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664

# ကြော်ငြာ

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၆ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက်(စနေနေ့) နံနက် ၈း၃၀နာရီ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး(ရွှေစံပယ်ရိပ်မွန်နှင့် ရွှေမာလာရိပ်မွန်ကြား ရေကြောင်းသိပ္ပံရှေ့)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသား၊ မြို့နယ်သူ၊ မြို့နယ်သား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပြုစာများကို ၂၀-၁-၂၀၁၇ရက် နောက်ဆုံးထားပေးပို့ပါရန်၊ အသင်းဝင်သားသမီးများ ၂၀၁၇ခုနှစ်၊ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို ၃၁-၃-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀နာရီတွင် စတင်ပါမည်။ နံနက် ၉နာရီတွင် အကျွေးအမွေးဖြင့် ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။

**အမှုဆောင်အဖွဲ့**

---

**Myanmar Shwe Sin Moe (New Star)**
**Travel & Tour (Car Rental)**

မြဝတီ - မဲဆောက် - ဘားအံ (၄ရက်)
မန်း-မုံ-မေ (၄ရက်)
ပုဂံ-ညောင်ဦး (၂ရက်)
အပတ်စဉ်သောကြာနေ့တိုင်း
ကျိုက်ထီးရိုး
ချောင်းသာ
ငွေဆောင်
နေ့စဉ်

09-5139002, 09-253352517, 01-255942

---

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

---

**ညီးစိမ်းမင်း** 09-444450446, 09-250144709

+ ဒာလောင်းတော်ကဿပ(သီးသန့်)၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
+ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ မနုဟာ (ရွှေစက်တော်လေးဆူ)၊ သီဟိုဠ်ရှင်
+ မောင်ကြီး၊ ...
+ ဆားတောင်(ရွှင်ကိုချပ်)၊ မော်လမြိုင်၊ ကျိုက်မီ၊ ...
+ ...

Jan-6 နှင့် Jan-7

---

## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော်မောင်ထွန်းမြင့်ဦး(၁၂/ရကန(နိုင်)၀၅၆၉၉၁)နှင့်ကျွန်မ မခင်မြဝင်း(၁၂/ကတတ(နိုင်)၀၂၇၀၅၇)တို့သည်(၃၀.၆.၂၀၁၅)နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်တရားရုံးတွင်နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်ထွန်းမြင့်ဦး + မခင်မြဝင်း

---

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊မြေညီထပ်၊ပဂိုလာလမ်း၊
09401505559 ဇမ်းချောင်း

---

**သုံးရာသီ** ဗဟိုဒါန
မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ၊
...
Jan-6,13
420144148, 421153797

---

**ယမင်းသူ**
ခရီးစဉ်အမျိုးမျိုးနှင့်
မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန်
ကားမျိုးစုံရှိပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

---

ODYSSEY

0973070193, 0973187799

---

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

---

**BIY**
**BUSINESS INSTITUTE YANGON**

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး၊ နိုင်ငံတကာအသိအမှတ်ပြု **Diploma** များနှင့် အနာဂတ်၏စီးပွားရေးနယ်ပယ်အသီးသီးတွင် အောင်မြင်သောလုပ်ငန်းရှင်ကြီးများဖြစ်လိုသူများအတွက်

**ABE (UK)** အဖွဲ့ကြီး၏ **Fellow** များအဖြစ် အသိအမှတ်ပြုခြင်းခံရသော ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါ်လှမြင့်၊ ပါမောက္ခ ဦးအေးကျော်နှင့် ဒေါက်တာအေးအေးမာတို့ ကိုယ်တိုင်ဦးစီးသင်ကြားသော စီးပွားရေးစီမံခန့်ခွဲမှု ပညာရပ်များကို **BIY (Business Institute Yangon)** တွင် တက်ရောက်သင်ယူနိုင်ပါသည်။




အသက်(၁၆)နှစ်ပြည့်ပြီးသူများအတွက် (UK တက္ကသိုလ်များ၏ပထမနှစ်နှင့်ညီမျှသော)
- ✔ Level 4 Diploma in Business Management - 6 Months

အသက်(၁၈)နှစ်ပြည့်ပြီးသူများအတွက် (UK တက္ကသိုလ်များ၏ ဒုတိယနှစ်နှင့်ညီမျှသော)
- ✔ Level 5 Diploma in Business Management - 12 Months

ဘွဲ့ရပြီးသူများအတွက်
- ✔ Level 6 Diploma in Business Management - 6 Months

Diploma တန်းခွဲသစ်များကို 2017 January တွင် စတင်ဖွင့်လှစ်ပါမည်။

အသေးစိတ်သိရှိလိုပါက
အမှတ် ၂၇၊ မြေညီထပ်၊ အဆောင်(E) ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 732 23777
09 777 206977


---

**မိသားစု အိမ်ခြံမြေ**
**ကွန်ဒို/တိုက်ခန်း (အရောင်းသီးသန့်)**

| | | | |
|---|---|---|---|
| 1.Twin Centro Condo၊စခ | (1780Sqft) | ခါကင်(၂)ခန်း | 3500L |
| 2.ဗဟန်းကွန်ဒိုအသစ် | (1650Sqft) | ရေကူးကန်ပါ | 2800L |
| 3.ဒဂုံ(၁)ကျောင်းအနီးကွန်ဒို | (2050Sqft) | Hall | 2600L |
| 4.တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ဗဟ | (1400Sqft) | M,S2 | 2500L |
| 5.ရမိုင်ကွန်ဒိုအသစ်၊မရက | (950Sqft) | ခါကင်(၂)ခန်း | 2500L |
| 6.လမ်း(၅၀)ကွန်ဒိုသစ်၊ပဇတ | (1250Sqft) | ခါကင်(၂)ခန်း | 2000L |
| 7.ရန်ကင်းဟိုတယ်အနီးကွန်ဒို | (1400Sqft) | ခါကင်(၂)ခန်း | 1850L |
| 8.Star City Condo၊သန်လျင် | (1270Sqft) | ရေကူးကန်ပါ | 1700L |
| 9.အင်းစိန်လမ်းမအနီးကွန်ဒို | (1600Sqft) | ရေကူးကန်ပါ | 1550L |
| 10.ပြည်သာယာလမ်းကွန်ဒို၊ရကက | (800Sqft) | M1,S1 | 1400L |
| 11.Time Square၊ဗတထ | (650Sqft) | ရေကူးကန်ပါ | 700L |

☎ - 0973054542, 0973494343, 0973161672

---




**SPRING LINE**
★ Hlaing River Landmark ★

# 8th Jan 2017

## PROJECT LAUNCHING CEREMONY

ဘိုးဘွားပိုင်မြေ - ဆောက်လုပ်မှုပြီးလုနီး
အဆင့်မြင့် **SOHO Condo**
**USD 150,000** မှစ၍

ဆောက်လုပ်ပြီးစီးသော *PROJECT* မှသာ လူကြီးမင်းတို့အတွက် အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666

Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township,
Nearby Aung Zay Ya Bridge, Yangon

Facebook: @springlinecenter

Shwe Oak Khai Construction Co., Ltd.




Ocean SUPERCENTER
SUPER SAVER
တန်မှတန်
6th ~ 19th Jan, 2017
BEST VALUE PRODUCTS AND MORE...
PEPSI/ 7 UP/ MIRINDA ORANGE 6's x 330ml
WOW!
2,000 Ks. 2,600
COOK Sunflower Oil 1 Ltr
WOW!
2,300 Ks. 2,550
COLGATE Toothpaste 145g
WOW!
2,400 Ks. 2,850
HOLA Storage Box 17L
WOW!
2,650 Ks. 3,300
Spring Cleaning Special
OFFER
ELAN Dishwash Liquid Lemon with Pump 2kg
3,250 Ks.3,650
ELAN Enzyme Detergent Powder 4.5kg
6,350 Ks.7,050
PAO Detergent Powder 3Kg/ 900g
Buy (3kg+900g) Get 1 Basket
free
DIXAN Detergent Powder 1 Kg
1,700 Ks.2,000
DETTOL Hygiene Multi-Use Disinfectant Liquid 500ml
2,550 Ks.2,850
FINELINE Softener Refill 600ml
700 Ks.750
MR CARE Glass Cleaner Trigger Green Tea Fragrance
1,100 Ks.1,200
AMBIPUR Air Freshener Spray 300ml
15% Off Buy 2pcs
MR CARE Floor Cleaner Floral 960ml
1,550 Ks.1,750
GLADE MR MUSCLE Floor Cleaner 900ml
MR MUSCLE -Bathroom Cleaner 900ml -Kitchen Cleaner Pump 500ml
Buy Any Ks.5,000, Get 1 Cool Box
free
OKAY Toilet Cleaner 960ml
1,600 Ks.1,780
JUMBO VAPE Insect Killer Spray Odourless 600ml
2,550 Ks.2,850
EASTMAN Toilet Brush
1,400 Ks.1,700
EASTMAN Toilet Brush with Base
2,000 Ks.2,500
1,650 Ks.1,850
LION STAR Cleanser Accessories
1,750 Ks.1,950
999 Naphthalene Ball 6's 143g
450 Ks.500
JCJ -Cloth Hanger 5's -Cloth Clip Round 18's
10% Off Buy 1pc
1,250 Ks.1,380
3,400 Ks.3,780
SUPER CAT Cotton Mop with Handle 300g
3M SCOTCH BRITE Lamina Scrub/ Plain Scrub (2's) Cotton Mop with Handle
JCJ Basin Round 35x12cm 8 Ltr
2,550 Ks.2,850
JCJ Laundry Basket 35.5x50x37.5cm
8,100 Ks.9,000
4,050 Ks.4,500
10% Off Buy 1pc
ASIKO Sanitary Pail & Mop with Handle
23,400 Ks.26,000
4,750 Ks.5,280
CHAMP Dustpan with Handle No.555
1,500 Ks.1,650
Chinese NEW YEAR
Special Hamper 05.01 - 15.02.2017
Only The Finest Products, Specially Packed To Make The Ideal Gift For This Festive Season.
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...

# မြန်မာနိုင်ငံ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံက စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသန်း လှူဒါန်းသွားမည်

**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရမှ ငွေကြေး ကူညီထောက်ပံ့မှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က အမေရိကန်ဒေါ်လာ တစ်သန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျထံ ပေးအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက သံအမတ်ကြီး မစ္စတာဟုန်လျန်ထံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၏ ကျေးဇူးတင်ရှိကြောင်း စာလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသန်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးကုတ်မြို့တွင် လူခြောက်ဦး သေဆုံးသည့် ကျောက်တွင်းပြိုကျမှု ဖြစ်ပွားပြီး တစ်ပတ်အတွင်း ကျောက်တွင်းဓာတ်လှေကား မတော်တဆမှု ထပ်မံဖြစ်ပွားကာ လူခြောက်ဦး သေဆုံး

စာမျက်နှာ » ၁၄



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၁/၂၀၁၇) ကျင်းပစဉ်။ (သတင်းစဉ်)

# မောင်တောဒေသဖြစ်စဉ်များနှင့် စပ်လျဉ်း၍ စွပ်စွဲချက်အမျိုးမျိုး၊ ကောလာဟလအမျိုးမျိုးတို့သည် အမှန်တကယ် မြေပြင်အခြေအနေများနှင့် ကွဲပြားခြားနားစွာ ပေါ်ထွက်လာမှုများရှိနေ

## အခြေအနေမှန်များကို သိရှိစေရန် ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ဇန်နဝါရီ ၃ ရက်တွင် အများပြည်သူသိရှိနိုင်စေရန် ထုတ်ပြန်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့် ပတ်သက်သည့် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး(၁/၂၀၁၇)ကို ယနေ့ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကော်မရှင်၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း မောင်တောဒေသဖြစ်စဉ်များနှင့် စပ်လျဉ်း၍ စွပ်စွဲချက်အမျိုးမျိုး၊ ကောလာဟလအမျိုးမျိုးတို့သည် အမှန်တကယ် မြေပြင်အခြေအနေများနှင့် ကွဲပြားခြားနားစွာ ပေါ်ထွက်လာမှုများရှိနေကြောင်း၊ သို့ဖြစ်၍ မောင်တောဒေသ၏ အခြေအနေမှန်များကို သိရှိစေရန် ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ဇန်နဝါရီ ၃ ရက်တွင် တင်ပြပြီး အများပြည်သူသိရှိနိုင်စေရန် ထုတ်ပြန်ခဲ့ကြောင်း၊ ဆက်လက်ပြီး မိမိတို့ ကော်မရှင်အနေဖြင့် လိုအပ်သောစုံစမ်းစစ်ဆေးမှု ထပ်မံပြုလုပ်ပြီး ကော်မရှင်၏ အပြီးသတ် အစီရင်ခံစာကို သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင်ပြုစုရေးသားသွားရမည်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာ၌ ပြည့်ပြည့်စုံစုံ မှန်ကန်မျှတစွာရေးသားရန် တာဝန်ရှိကြပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်၏ (၃/၂၀၁၆) အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းကို အတည်ပြုကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ရဲချုပ်ဇော်ဝင်းက မောင်တောဒေသအတွင်း အကြမ်းဖက်ဖြစ်စဉ်ဖြင့် အမှုဖွင့် အရေးယူထားရှိမှုများ၊ မောင်တောဒေသအတွင်း မူးယစ်ဆေးဝါး တိုးတက်များပြားစွာဖမ်းဆီးရမိမှုအခြေအနေများနှင့် မောင်တောဒေသဖြစ်စဉ်များ၏ ဆက်စပ်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက အစီရင်ခံစာရေးသားပြုစုပြီးစီးမှုအခြေအနေများ၊ ထပ်မံဖြည့်စွက်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဘာသာပေါင်းစုံ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လကုန်မှ ယနေ့အထိ အိမ်ထောင်စုပေါင်း ၂၁၃၇၇၇ စုကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လျှပ်စစ်လိုအပ်ချက်နှင့် စွမ်းအင်လိုအပ်ချက်များကို ပြည့်မီအောင်ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ခွဲဝေရရှိသော နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီများရယူဆောင်ရွက်ခြင်း၊ ပြည်ပချေးငွေဖြင့်ဆောင်ရွက်ခြင်းစသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် မတ်လကုန်မှ ယနေ့အထိ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၂၀၆ မိုင်၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင် ၁၉၀၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၄ မိုင်၊ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၃၂ မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၇၃ မိုင်တို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၄ ရုံ၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၃ ရုံနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံ ၁၇၃ ရုံတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို တိုးမြှင့်ဖြန့်ဖြူးဖြည့်ဆည်းပေးနိုင်ခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အိမ်ထောင်စုပေါင်း ၁၀ ၈၇၇၈၃၂ စု ရှိသည့်အနက် ၂၀၁၆ ခုနှစ် မတ်လကုန်အထိ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်သည့် အိမ်ထောင်စုမှာ ၃၆၉၈၂၁၉ စု ရှိခဲ့၍ တစ်နိုင်ငံလုံး အိမ်ထောင်စုပေါင်း၏ ၃၄ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ပြီး ၂၀၁၆ ခုနှစ် မတ်လကုန်မှ ယနေ့အထိ အိမ်ထောင်စု ၂၁၃၇၇၇ စု အား လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးဝေနိုင်ခဲ့သည်။

ယခုအခါ အိမ်ထောင်စုပေါင်း ၃၉၁၁၉၉၆ စု လျှပ်စစ်မီး သုံးစွဲနိုင်ပြီဖြစ်၍ တစ်နိုင်ငံလုံး၏ အိမ်ထောင်စုပေါင်း ၃၅ ရာခိုင်နှုန်းခန့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**


DECO-LAND GROUP
DECO
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08


STI
MYANMAR
UNIVERSITY
University of Bedfordshire
University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့်
MSc
Public Health
January
Intake!
သင်တန်းပြီးဆုံးပါက အင်္ဂလန်နိုင်ငံ တော်ဝင် ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းကြီးဖြစ်သည့် UK Royal Society for Public Health ၏ အသိအမှတ်ပြုအဖွဲ့ဝင်တစ်ဦးအဖြစ် ရပ်တည်နိုင်ပြီး နိုင်ငံတကာတွင် ပြည်သူ့ကျန်းမာရေးပညာရှင်အဖြစ် အသက်မွေးနိုင်ပါသည်။
Queen's Award ချီးမြှင့်ထားခြင်းခံရသော University of Bedfordshire ( UK ) မှ တိုက်ရိုက် ချီးမြှင့်ပါသည်။
Entry Requirements
- တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိထားပြီး IELTS 6.0 or Equivalent ရရှိထားသူများ
Education Loan Program ရှိပြီး သင်တန်းကာလမှာ (၂)နှစ်ကြာမြင့်ပါမည်။
Scholarship
Available
Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507046/48, 09 250064451
www.stiedu.net
https://www.facebook.com/STIMyanmarUni

စိန်နန်းတော်
Diamonds & Fine Jewelry
CHINESE NEW YEAR PROMOTION
7TH JAN - 5TH FEB 2017
5% to 30% off



တရုတ်နှစ်ကူး Lucky အန်ပေါင်းအနေဖြင့်
(၅) သိန်းဖိုးဝယ်ယူလျှင် (၅၀၀၀) ကျပ်
(၂၅) သိန်းဖိုးဝယ်ယူလျှင် (၂၅၀၀၀) ကျပ်
(၇၅) သိန်းဖိုးဝယ်ယူလျှင် (၇၅၀၀၀) ကျပ်
(၁၀) သိန်းဖိုးဝယ်ယူလျှင် (၁၀၀၀၀) ကျပ်
သိန်း (၅၀) ဖိုးဝယ်ယူလျှင် (၅၀၀၀၀) ကျပ်
သိန်း (၁၀၀) ဖိုးဝယ်ယူလျှင် (၁၀၀၀၀၀) ကျပ်
နှင့် တရုတ်နှစ်ကူးမုန့်ဘူးများကိုလည်း ထပ်မံလက်ဆောင်ပေးပါမည်။



မိတ်ဟောင်းမိတ်သစ် Customers များကို Promotion ကာလအတွင်း ဝယ်ယူအားပေးရန်လှိုက်လှဲစွာဖိတ်ခေါ်အပ်ပါသည်။
Main Branch - No. 663/665 Mahabandoola Road, Between Latha St & 20th St, Yangon Ph: 01-371944, 01-371454, 01-371425
Branches - Taw Win Center, Junction Square Shopping Center, Gamone Pwint (Ga Bar Aye), Ocean Supercenter (Shwe Gone Daing), Myanmar Plaza (HAGL)
http://www.seinnandaw.com info@seinnandaw.com facebook.com/seinnandaw Online Shopping Hotline - +95 942500 8475

KMD
Computer & Mobile
Yangon ICT Fair 2017
6 ~ 8 Jan 2017
Booth No. C7
Tatmadaw Hall

ကွန်ပျူတာနှင့်
မိုဘိုင်းဖုန်းများကို အထူး
လျှော့ဈေးများဖြင့် ရောင်းချပေးသွားပါမည်။



လက်ငင်းငွေချေစရာမလိုဘဲ ဝယ်ယူနိုင်ပါသည်။

ကွန်ပျူတာသင်တန်းအပ်နှံသူတိုင်းအတွက်
အထူးလျှော့ဈေးအစီအစဉ်...
20% OFF
Application & Professional Courses
Hotline: 01 245180, 385177

"အိမ်ငှားနေမည့်အစား အဆင်သင့်အိမ်ဝယ်ယူပိုင်ဆိုင်နိုင်မည့်အထူးအခွင့်အရေး"



NAWADAY 4STOREY SHOP HOUSE



SHWE KANN THARYAR LUXURY HOUSE



SHWE KANN THARYAR SINGLE HOUSE



SHWE KANN THARYAR TWO STOREY SHOP HOUSE

နဂါးဒေးဥယျာဉ်အိမ်ရာနှင့်ရွှေကမ်းသာယာအိမ်ရာ
May Flower Trading နှင့်
ရောဝတီဘဏ်တို့ပူးပေါင်းပြီး (၁၀) နှစ်
အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် အခွင့်အရေး



ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၁၊ ၆၅၁၄၃၆၊ ၆၈၅၁၅၉၊ ၀၉-၇၃၁၅၄၄၂၄၊ ၆၆၁၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

MCC.*i* နှင့် MCC.*p* တို့တွင်
နိုင်ငံတကာ အဆင့်ပညာ သင်ကြားရန် ကုန်ကျစရိတ်
သက်သာမည့် အချိန်ပိုင်းအစီအစဉ် ဖွင့်လှစ်ပေးပါသည်
(အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်ဖြင့်လည်း တက်ရောက်နိုင်ပါသည်။)

| | အချိန်ပိုင်း |
|---|---|
| * **B.Sc (Hons) Business IT,** (ပထမနှစ်)<br>University of Greenwich, UK<br>(ကွန်ပျူတာ သိပ္ပံ ဒီဂရီ) | ကျပ် - ၁၀ သိန်း |
| * **BTEC (HND** ဒီပလိုမာ)<br>အင်ဂျင်နီယာ / ကွန်ပျူတာ ဒီပလိုမာ သင်တန်း | ကျပ် - ၁၀ သိန်း |
| - Construction & Built Environment (Civil Engineering)<br>- Mechanical Engineering<br>- Electrical and Electronic Engineering<br>- Computing & Systems Development | |
| * **Telecom Engineering**<br>- (Huawei Certificate) Telecommunication Engineering Diploma | ကျပ် - ၁၀ သိန်း |
| * တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသူများ စတင် တက်ရောက်နိုင်မည့် **BTEC (Level - 3 )** သင်တန်း | ကျပ် - ၁၀ သိန်း |

(သင်တန်းကြေးများကို Semester အလိုက် နှစ်ကြိမ် ခွဲ၍ ပေးသွင်းနိုင်ပါသည်။)
**Hot-Line: 01-246634, 01-249152**
www.facebook.com/mcc.institute
www.facebook.com/mcc.polytechnic
Opening Date: 21 January 2017

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

